
နှင်ကျော်ယု

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၂၁၃/၉၇ (၄) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၂၁၄/၉၇ (၅) |
| ထုတ်ဝေအကြိမ် | ပထမအကြိမ် |
| ထုတ်ဝေကာလ | ၁၉၉၇-ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၉၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြဲ ၀၉၄၃) |
| | မိုးမင်းစာပေ |
| | အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးထောင့်ကန်၊ |
| | သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦးပုံနှိပ်တိုက် |
| | အမှတ် ၁၂၊ ဒါနလမ်း၊ |
| | သာယာကုန်းရပ်ကွက်၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၉၆/ခ၊ ၁၁ လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

## နန္ဒာကျော်သူ

# အိုးဝေမောင်သခင် လမင်းဓားရှင်

(၂-အုပ်တွဲ သိုင်းစာစဉ်)

ရွှေဝင်လန်းလည်း အမိလိုက်လာသည်။

ရှေ့ဘက်တွင် လွင်ပြင်လေးတစ်ခုရှိပြီး ပန်းခင်းကဲ့သို့ ဖြစ်နေသည်။

ပန်းခင်းကို တွေ့လိုက်ရသောအခါ ရွှေဝင်လန်း၏ မျက်လုံး အစုံမှာ ပြူးကျယ်သွား၏။

‘အားလုံး ရပ်ကြပါ’

ဟု ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်လေတော့သည်။

နန္ဒကျော်သူ

ပထမပိုင်းပြီး၏။

[ ဒုတိယပိုင်း ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန် ]

လင်းစာပေ
ဖုန်း ၂၁၀၄၄၄

ရွှေဝင်လန်း အလွန်အံ့အားသင့်နေ၏။

ခြေထောက်များကလည်း မြေပြင်တွင် အမြစ်တွယ်နေသည့်နှယ် လုံးဝမရွေ့လျားနိုင်အောင်ဖြစ်နေလေသည်။

ကျန်ဖုန်းရွှေ၏ ယော်သားတစ်ဦးက

‘လှလိုက်တာ ကြည့်စမ်း၊ ဒီလိုလှပတဲ့ ပန်းခင်းမျိုး ဘယ်မှာ တွေ့ကြဖူးသလဲ’

နောက်တစ်ဦးက....

'ဟုတ်ပါရဲ့၊ ပီကင်းနေပြည်တော်မှာတောင် ဒီလောက် လှပတဲ့ ပန်းဥယျာဉ်တစ်ခုမှ မရှိဘူး'

နောက်တစ်ဦးက....

'ဒါဟာ သဘာဝပန်းချီကားပဲ၊ သဘာဝအလှကိုဖန်တီး တဲ့အလှက ဘယ်မှီနိုင်မှာလဲ'

ဟု စာသံ ပေသံနှင့် ပြောလိုက်၏။

ကျန်ဖုန်းရွှေကလည်း ဝင်ပြောလိုက်၏။

'ဟုတ်တယ်၊ တကယ်တန်း ဒီပန်းပင်းကို ပိုပြီးလှအောင် ဟန်ဆောင်ထားတာဟာ အနီရောင် ပန်းပွင့်ကြီးတွေပဲ၊ ဒီ ပန်းနဲ့ အပင်ကို ကြည့်လိုက်ကြစမ်း၊ အနီရောင်ဟာ စိုနေ တယ်၊ တကယ့် သွေးရောင်အတိုင်းပဲ'

'ဟုတ်တယ် ဆရာ၊ သွေးပန်းခင်းလေးတစ်ခုပါပဲ'

သူ၏ ငယ်သားများသည် တစ်ယောက်တစ်ပေါက်စီပြော ဆိုကြရင်း ပန်းခင်းထဲသို့ လှမ်းဝင်ရန် ဟန်ပြင်လိုက်ကြ သည်။

ရှောင်လန်း ထိတ်လန့်သွား၏။

သူ အလျင်အမြန်ပင် အော်ဟစ် ဟန့်တားလိုက်၏။

ရှောင်လန်း၏ အော်သံသည် ဟိန်းထွက်လာ၏။



လှမ်းနေဆဲ ခြေထောက်များသည် ရှောင်လန်း၏ ထိတ် လန့်တကြား အော်ဟစ် ဟန့်တားမှုကြောင့် ရပ်တန့်သွား ကြသည်။

အားလုံးက ရှောင်လန်းအား လှည့်ကြည့်ကြ၏။
ရှောင်လန်း ယခုမှ လှုပ်ရှားနိုင်၏။
သူက ရှေ့သို့ လျှောက်လာပြီး....

'အရမ်း မသွားကြနဲ့၊ ဒီပန်းခင်းဟာ အန္တရာယ်ကြီး တယ်'

ဟု သတိပေး၏။

ကျန်ဖုန်းရွှေ၏ တပည့်သိုင်းသမားတစ်ယောက်က....

'အန္တရာယ်ရှိတယ် ဟုတ်လား'

ဟု ပြန်မေး၏။

ရှောင်လန်းက....

'ဟုတ်တယ်၊ ဒီပန်းနီပင်တွေဟာ လှပသလောက် အလွန် ကို အန္တရာယ်ကြီးတဲ့ အပင်တွေပဲ'

သိုင်းသမားက....

'အဆိပ်ပင်လား၊ ဘာနံ့မှ မရဘူး၊ မွှေးကြိုင်တဲ့ အနံ့ပဲ ရှိတယ်၊ တကယ်လို့သာ ဒီအပင်တွေ အဆိပ်ရှိနေတယ်ဆိုရင် တော့ ကျုပ်တို့ တစ်ခုခုဖြစ်ပြီပေါ့'

ရှောင်လန်းက....

'အဆိပ်ပင် မဟုတ်ပါဘူး၊ ဒီအပင်တွေက အသားစား အပင်တွေပါ၊ သူတို့အနားကပ်တာနဲ့ ဝါးမြိုပစ်လိမ့်မယ်'

သိုင်းသမားမျက်နှာ ပြုံးသွား၏။

သူသည် ရှောင်လန်းအား စိုက်ကြည့်ပြီး ပြန်မေးလိုက် သည်။

'အသားစားပင်တွေအကြောင်း ကျုပ် ကြားဖူးခဲ့ပါတယ် အသားစားအပင်တွေဟာ ပိုးကောင် မွှားကောင်တွေကိုသာ ညှို့ယူဖမ်းစားနိုင်တာပါဗျာ၊ လူတစ်ယောက်လုံးကို ဘယ် စားမှာလဲ'

သူက ခေါင်းခါယမ်း၏။

'ဒီပန်းပွင့်တွေဟာ သာမန်ပိုးမွှားကလေးတွေကိုသာ စားတဲ့ အပင်မျိုး မဟုတ်ဘူး၊ သမင်ကိုတောင် မျက်စိတစ် အတွင်း ဖမ်းပြီး ဝါးမြိုပစ်နိုင်တယ်ဗျ'

ရှောင်လန်း၏စကားကြောင့် အားလုံးက အံ့အားသ သွားကြ၏။

ကျန်ဖုံးရှေ့က—

'ဟုတ်လား၊ နေပါဦး၊ ဒီပန်းပွင့်ကို မင်းအရင်က မြ လို့လား၊ ဘာကြောင့် ဒီလို ပြောနိုင်ရတာလဲ'



ဟု ဝင်မေးလိုက်သည်။

ရှောင်လန်းက သက်ပြင်းချပြီး....

'ကျွန်တော် အိပ်မက်ထဲမှာ ဒီနေရာ ဒီပန်းခင်းကိုမြင်ဖူးတယ်၊ ကောင်းကောင်း မှတ်မိတယ်၊ သမင်တစ်ကောင်ကို ဖမ်းပြီး စားသောက်ပြခဲ့တယ်ဗျ'

သူက ပြောရင်း အိပ်မက်ကို ပြန်သည့် မြင်ယောင်ကာ ကြက်သီးထသွားမိသည်။

သို့သော် သူ့စကားကြားရသူ အပေါင်းအတွက်မူ အလွန်ပင် ရယ်စရာကောင်းသွားလေသည်။

ထို့ကြောင့်လည်း ဒရှောင်ရှမ်း၏ စကားအဆုံးတွင် ရယ်မောသံများက လျှံထွက်လာသည်။

'ဟား ဟား ဟား'

အားလုံး ဝိုင်း၍ ရယ်မောလိုက်သောကြောင့် ရှောင်လန်း မျက်နှာ နီရဲသွား၏။

'ကျုပ် တကယ်ပြောတာဗျ'

သူထပ်ပြောလိုက်မှ ရယ်သံက ပို၍ညံသွား၏။

ရှောင်လန်း ရှက်သွားမိသည်။

သိုင်းသမားတစ်ယောက်က ရယ်မောရင်းမှ—

'အစ်ကိုလေး ရှောင်လန်းက တကယ်နေကတာကိုး၊ ကျုပ်တို့က ပထပတုန်းက တကယ်ပြောတယ် မှတ်နေတာ'

ဟု လှမ်းပြော၏။

ရှောင်လန်းက သက်ပြင်းချလိုက်ပြီးမှ....

'ကျုပ် တကယ် ပြောတာပါ၊ ရယ်စရာ မဟုတ်ဘူးဗျ၊ ဒီအပင်တွေဟာ အလွန်ကို အန္တရာယ်ကြီးပါတယ်'

ဟု အလေးအနက် ပြောလိုက်သည်။

သိုင်းသမားက ရယ်မောနေရာမှ အူကြောင်ကြောင်ဖြစ်သွား၏။

အခြားသိုင်းသမားတစ်ယောက်က -

'အစ်ကိုလေးရှောင်လန်း တော်ပါတော့ဗျာ၊ ဒီမှာရယ်ရလွန်းလို့ ဗိုက်တောင်နာလာပြီ'

ရှောင်လန်းက....

'ကျုပ်တကယ်ပြောတာဗျ'

အားလုံးက ရှောင်လန်းအား ဝိုင်းကြည့်လိုက်၏။

ကျန်ဖုန်းရွှေက နှာခေါင်းရှုံ့ပြီး....

'ရှောင်လန်း မင်းက အိပ်မက်ထဲက အရာကို လာပြောနေပြန်ပြီ'



ဟု ကဲ့ရဲ့လိုက်၏။

ရှောင်လန် က စိတ်တိုသွားပြီး....

'ကျုပ် အိပ်မက်ထဲက ဓားကို အခု ခင်ဗျားရှာနေရပြီ မဟုတ်လားဗျ'

ဟု မေးခွန်းတုံ့ပြန်၏။

ကျန်ဖုန်းရွှေ ပါးစပ်ပိတ်သွား၏။

ရှောင်လန်းက....

'ကျုပ်စကားကို နားထောင်ပါဗျာ၊ ကျုပ် အိပ်မက်ထဲမှာ ဒီနေရာ ဒီအပင်တွေကို တကယ် တွေ့ခဲ့ဘူးပါတယ်၊ ကျုပ်....ကျုပ်'

သူသည် သူ၏စကားကို တစ်ဦးတလေမှ ယုံကြည်ဟန်မပြသောကြောင့် ဆက်မပြောနိုင်ပဲဖြစ်သွားရသည်။

ဝမ်ကျောင်းက—

ခဏနေပါဦးဗျာ'

ဟု အားလုံးကိုဟန့်တားလိုက်၏။

ထိုနောက် ရှောင်လန်းထံလျှောက်သွားပြီး...

'ရှောင်လန်း မင်းအိပ်မက်အကြောင်းကို ကျုပ်ကို ပြောပါဦး၊ မင်းဒီအကြောင်း ကျုပ်တစ်ခါမှ မပြောခဲ့ဖူးဘူး'

ရှောင်လန်းက....

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ ဒီခရီးစဉ်စခဲ့ယ်ည နေ့က ကျွန်တော် အိပ်မက်မက်ပြီး လန့်နိုးတာကို ဆရာ မှတ်မိသလား'

ဝမ်ကျောင်းက ဟစ်ချက်စဉ်းစားပြီး—

'ဪ... ဟုတ်ပြီ... ဟုတ်ပြီ'

ရှောင်လန်းက

'အဲဒီညက မက်တာဆရာ'

သူသည် ထိုအိပ်မက်အကြောင်းကို ပြန်လည် ပြောပြလိုက်လေသည်။

ဝမ်ကျောင်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

'အင်း....ဒီအတိုင်းဆိုရင်တော့ သတိထားရမယ်'

ဟု မှတ်ချက်ချ၏။

ထိုမှတ်ချက်ကို ကြားသောအခါ ကျန်ဖုန်းရှေက မျက်မှောင်ကြုတ်သွားပြီး....

'ဝမ်ကျောင်း မင်းရူးနေသလား'

ဝမ်ကျောင်းက ပြုံးလိုက်ပြီး—

'ကျုပ် မရူးပါဘူး၊ သူ့ရဲ့အိပ်မက်တွေဟာ မှန်တာကြောင့် သတိထားတာမမှားပါဘူး'

ကျန်ဖုန်းရှေက



'မဖြစ်နိုင်တာပဲကွာ'

'ဖြစ်လာရင် အားလုံးဒုက္ခရောက်မယ်'

နှစ်ဦးသား အငြင်းအခုန်ဖြစ်လာကြ၏။

ဝမ်ကျောင်းက—

'သူ့အိပ်မက်ကို သတိထားတော့ ကျုပ်တို့အတွက် ဘာအကျိုးယုတ်သွားမှာလဲ'

ကျန်ဖုန်းရှေက....

'ကဲ....သတိထားပါပြီတဲ့၊ ကျုပ်တို့က ဒီလမ်းက မသွားရင် ဘယ်ကသွားမလဲ'

ဝမ်ကျောင်းက....

'တခြားလမ်းကနေ ကွေ့ပတ်သွားရမှာပေါ့'

ကျန်ဖုန်းရှေက ကြည့်ပြီး....

'ခရီးတိုလေးတစ်ခုအစား ခရီးက အလွန်ရှည်သွားရောကဲ—ကွေ့ပတ်သွားရမယ့်လမ်းကို ကြည့်စမ်း၊ ပန်းခင်း ဟိုဘက်မှာ တောင်ခေါင်းပန်းတစ်ခု ရှိတယ်၊ အဲဒါကို ကျော်ဖြတ်ရမယ်၊ ကျုပ်ထင်တယ်၊ ခဏသာသွားရမယ့်ခရီးဟာ နေ့ဝက်လောက် ကြာနိုင်တယ်'

ဝမ်ကျောင်းက....

'အချိန်ကုန်တာက အသက်ကုန်တာထက် အများကြီး ကောင်းပါတယ်'

ကျန်ဖုန်ရွှေ ခေါင်းခါသည်။

'ဒီလမ်းဟာ အန္တရာယ်များတယ်ဆိုတဲ့ သေချာရင်တော့ မှင်းပြောတာကို ငါ လက်ခံဖို့ အသင့်ပါပဲ၊ ဒါပေမယ့် ဘာ မဟုတ်တဲ့ အိပ်မက်တစ်ခုကြောင့် ခရီးရှည်ကြာမျိုး ငါမလို လားဘူးကွ'

ဝမ်ကျောင်း သက်ပြင်းချသည်။

ထိုစဉ် နီစွမ်က ကြားဝင်လာသည်။

'တစ်ခုတော့ ရှိတယ်၊ အန္တရာယ်နေရာတွေရှိတာအမှန်ပဲ၊ ဒါကလဲ သူတို့ပြောသလို အန္တရာယ်နေရာ ဖြစ်ချင် ဖြစ်မယ်၊ အားလုံးအတွက် ကျုပ် ဖြေရှင်းပေးမယ်'

ကျန်ဖုန်းရွှေက....

'ဘယ်လို ဖြေရှင်းမှာလဲ'

နီစွမ်က—

'ခဏစောင့်ပါ၊ ကျုပ် အခုပဲ ပြန်လာမယ်'



သူသည် ပြောပြောဆိုဆိုဖြင့် တောအုပ်ဘက် ပြန်လှည့်၍ ပြေးဝင်သွားတည်။

ကျန်ဖုန်းရွှေ ပခုံးတွန့်၍ —

'ဒီလောက်လုပတဲ့ ပန်းပင်တွေဟာ အသားစားအပင် တွေ ဖြစ်လိမ့်မယ်လို့ ကျုပ် ထင်ကိုမထင်ဘူးဗျာ၊ အေး— အသားစားအပင်တွေ ဖြစ်ခဲ့ရင် ပိုးမွှားကောင်တွေက လွဲလို့ ကျန်တာလို မစားနိုင်လောက်ပါဘူးဗျာ'

ဝမ်ကျောင်းက—

'မကြာခင် သိရမှာပေါ့ဗျာ'

'ကျန်ဖုန်းရွှေ ရယ်မောလေသည်။

ရှောင်လန်းလည်း သူ့ဘက်မှ ဝမ်ကျောင်းက အခိုင်အမာ ရပ်တည်ပေးသည့် အတွက်ကြောင့် ဝမ်းသာမိသည်။

ဝမ်ကျောင်းကို ပို၍ အားကိုးမိ၏။

ဝမ်ကျောင်းမှာလည်း ရှောင်လန်း၏အိပ်မက်ကို ဥပေက္ခာ မပြုရဲသဖြင့် ယခုလို အတိုက်အခံလုပ်ခြင်း ဖြစ်သည်။

သို့ရာတွင် အိပ်မက်တစ်ခုကိုသာ အခြေခံ ငြင်းနေရသဖြင့် သူ့ဘက်မှ မသေချာလှပါ။

'မဟုတ်လျှင် ကျန်ဖုန်းရွှေက သူ့ကို လှောင်ပြောင်မည့် အရေးကို တွေးကာ စိတ်မသက်မသာ ဖြစ်နေမိသည်။

ထို့ကြောင့် သူက ကျန်ဖုန်းရွှေတို့လူစု တစ်ယောက် တစ်ပေါက် ပြောဆိုနေသည်ကို မသိဟန် ဆောဒီလိုက်လေတော့သည်။

ဒေကာဟုပြောသွားသော နီစွမ်းသည် ထမင်းတစ်အိုးကျက်ခန့် ကြာသောအခါမှ ပြန်ရောက်လာသည်။

နီစွမ်သည် ယုန်တစ်ကောင်ကိုဆွဲ၍ သူတို့ထံ လျှောက်လာသည်။

အနီးရောက်မှ....

'ဗျူး—ဒီတစ်ဝိုက်မှာ ဘာကောင်မှ မရှိဘူး၊ ဟိုဘက်ကတောင်ကျောအထိ သွားရှာတော့မှ ယုန်ကလေးတစ်ကောင်ပဲ ရလာတယ်'



ဟု ပြောလိုက်၏။

ကျန်ဖုန်းရွှေက—

'အဲဒီယုန်က ဘာလုပ်ဖို့လဲ'

နီစွမ်က—

'စမ်းသပ်ဖို့လေ'

ကျန်ဖုန်းရွှေ မျက်မှောင်ကုပ်ပြီး—

'ဘာကို စမ်းသပ်မှာလဲ'

နီစွမ်က ပန်းပင်နီများကို ညွှန်းပြပြီး—

'ဒီအပင်တွေရဲ့ အန္တရာယ် ဘယ်လောက်အထိရှိတယ်ဆိုတာ သိရအောင် စမ်းသပ်မလို့ပါ'

ကျန်ဖုန်ရွှေက ပြုံး၍—

'အမယ်လေးဗျာ... အိပ်မက်တစ်ခုနဲ့ ခပ်ဗျားမှာ အပင်ပန်းခံပြီး ယုန်သွားရှာခဲ့ရတယ်၊ အားနာစရာကောင်းနေပြီ' ဟု ဝမ်ကျောင်းတို့အား ရယ်မောသလိုဖြင့်ပြောလိုက်၏။

နီစွမ်က—

'ကိစ္စမရှိပါဘူး၊ လက်တွေ့စမ်းသပ်ကြည့်တော့ စိတ်ချရတာပေါ့၊ ဒီတစ်ဝိုက်ဟာ အန္တရာယ်နယ်မြေပဲ'

သူသည် ပြောပြောဆိုဆိုနှင့် ပန်းခင်းဆီ လျှောက်သွား၏။

ပန်းခင်းအစပ်မရောက်မီမှာပင် ပန်းပင်များ သက်ဝင်လှုပ်ရှားလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ပန်းပင်များသည် နီစွမ် အသံကြားရာဘက်သို့ တိမ်းညွတ်လာကြသည်။

နီစွမ်၏ လက်ထဲမှ ပန်းကလေးသည် အကင်းပင် ရုန်းကန်နေ၏။

နီစွမ်က....

'သွားစမ်း'

သူသည် ယုန်ကလေးအား ပန်းခင်းကြားရှိ လမ်းကလေးထဲသို့ ပစ်သွင်းလိုက်သည်။

'ဟင်....'

'ဟာ....'

အားလုံးထဲမှ အံ့ဩသံများ ထွက်ပေါ်လာလေသည်။



အားလုံး ငြိမ်သက်နေသည်။

မမျှော်လင့်သော မြင်ကွင်းက အားလုံးကို ခြောက်ခြားသွားစေ၏။

နီစွမ် ပစ်သွင်းလိုက်သော ယုန်ကလေးမြေပေါ် မကျမီပင် ပန်းပင်များက ယိမ်းနွဲ့ကာ လှမ်း၍ဆွဲယူလိုက်သည်။

ယုန်ကလေးသည် ပန်းပင်ထဲသို့ တစ်ခဏအတွင်းပင် ရောက်ရှိပျောက်ကွယ်သွားသည်။

နီစွမ်က သက်ပြင်းချလိုက်ပြီး....

'ကြောက်စရာကောင်းပါလား'

ဟု အံ့ဩတကြီး ရေရွတ်သည်။

သူလည်း ဘာပြောရမှန်းမသိ ဖြစ်နေသည်။

ယုန်ကလေးကို ပန်းပွင့်က ချက်ချင်း စုပ်ယူဝါးမျိုသည်။

အဖြစ်အပျက်က လျှင်မြန်လွန်းလှသည်။

ပန်းပွင့်က ယုန်ကလေးအား ဝါးမျိုခြင်းမှာ စက္ကန့်ပိုင်းမျှသာ ကြာသည်။

နီစွမ် နောက်ပြန်ဆုတ်အလာမှာ လှုပ်ရှားနေသော ပန်းပင်များ ပြန်လည်ငြိမ်သက်သွားသည်ကိုလည်း တွေ့ရသည်။

သူသာမက သူ၏ တပည့်များပင် တွေ့လိုက်ရသော ထိတ်လန့် တုန်လှုပ်ဖွယ်ရာမြင်ကွင်းကြောင့် ငြိမ်သက်သွားကြလေသည်။

ဝမ်ကျောင်း ယခုမှ သက်ပြင်းချနိုင်သည်။
ရှောင်လန်းက အိပ်မက်ထဲက အတိုင်းပင် မဟုတ်ပါလား။
ထိုလှပသော ပန်းပွင့်များသည် အသားစားအပင်အမျိုး
အနွယ်များ ဖြစ်နေကြသည်။

ကြောက်စရာကောင်းလှပေစွ။

ထို့အတူ ရှောင်လန်း၏ အိပ်မက်ကလည်း အံ့ဩဖွယ်
ကောင်းလောက်အောင် မှန်လှန်းပေစွ။

နီစွမ်က ဝေဖန်လိုက်သည်။

'ဒါဟာ အန္တရာယ်နယ်မြေတစ်ခုပဲ။ ယုန်ကလေးသာ
ဝါးမျိုနိုင်မယ်ဆိုတဲ့ အကောင်နဲ့တော့ ရှေ့မတိုးကြနဲ့ ဒီအပင်
တွေဟာ လူတစ်ယောက်ကိုလဲ ဝါးမျိုနိုင်မှာ သေချာတယ်'

ဝမ်ကျောင်းက....

'ဟုတ်ကဲ့၊ ဒီအပင်မျိုးတွေကြားက ဖြတ်သန်းသွားဖို့ဆို
တာ မတွေးဝံ့လောက်အောင်ပါပဲ'

သူ့စကားကို မည်သူမျှမငြင်းကြတော့ပါ'

ထိုအသားစားပန်းပင်တို့၏ အန္တရာယ်သည် အလွန်ပင်
ထိတ်လန့်တုန်လှုပ်စရာကောင်းသည်ကို အားလုံးမြင်တွေ့ပြီ
မဟုတ်ပါလား။



ယုန်ကလေးမှာ မြေမကျမီပင် အသားစား ပန်းပင်တို့၏
ဝါးမျိုခြင်းကို ခံရသည်။
လူဆိုလျှင်လည်း ဤမျှများပြားသော ပန်းပင်များအား
လွတ်အောင်ရှောင်တိမ်းသွား၍ ရမည်မထင်ပါ။

ထိုအပင်များကို ခုတ်ထွင်ရှင်းလင်းပြီးမှသာ သွားနိုင်မည်
ဖြစ်သည်။

ဝမ်ကျောင်းက ဆက်ပြောသည်။

'ဒီအပင်တွေကို ရှင်းပြီးသွားမယ်ဆိုရင်တော့ ဖြစ်နိုင်
တယ်၊ ဒါပေမယ့် ကြန့်ကြာမှုချင်းကတော့ ကွာမယ်မထင်
ဘူး၊ ဒါကြောင့် ရှင်းလင်းတာက အန္တရာယ် ရှိသေးတယ်၊
ကွေ့ပတ်သွားကြတာဟာ အကောင်းဆုံးပါပဲ'

ကျန်ဖုန်းရှေက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မလိုအပ်တာနဲ့ မစွန့်စားတာ အကောင်းဆုံး
ပါပဲ၊ ကွေ့ပတ်သွားဖို့ ကျုပ်သဘောတူပါတယ်'

သူသည် ဝမ်ကျောင်းအား ဦးညွှတ်ပြီး....

'စောစောက ကျုပ်က ခင်ဗျားကို လှောင်ပြောင်ပြောဆို
မိတာ ခွင့်လွှတ်ဖို့ တောင်းပါတယ်ဗျာ'

ဟု တောင်းပန်လေသည်။

ဤသည်က ကျန့်ဖုန်းရှေ၏ အကျဉ်းချုပ်ကောင်းတစ်ခုပင် ဖြစ်သည်။

သူသည် အရှုံးကို ဝန်ခံရဲသော လူမျိုးပင် ဖြစ်ပေသည်။

ဝမ်ကျောင်းက ရယ်မောပြီး....

'ကိစ္စမရှိပါဘူးဗျာ၊ ဒါဟာ ယုံကြည်နိုင်လောက်တဲ့ သက်သေခံမှုမဟုတ်တဲ့ အိပ်မက်ကို ယုံကြည်ဖို့ဆိုတာကလဲ ခက်ခဲလှန်းပါတယ်၊ ဒါပေမယ့် ဟောဒီ ခရီးစဉ်နဲ့ ပတ်သက်ပြီး ပြောရရင်တော့ ရှောင်လန်းရဲ့ အိပ်မက်ကြောင့် ဒီခရီးစဉ် ဖြစ်လာခဲ့တာပဲ၊ ဒါကြောင့် သူ့ရဲ့ အိပ်မက်တွေကို ကျုပ်က လက်မခံချင်ပေမဲ့ လက်ခံပြီး သတိပြု လုပ်ဆောင်နေတာ အရေးအကြီးဆုံးကတော့ကျုပ်တို့လူစုံအားလုံး ဘေးအန္တရာယ်ရှင်းဖို့ပါပဲ'

ကျန့်ဖုန်းရှေက ရှောင်လန်းဘက်လှည့်ကာ....

'မင်းရဲ့အိပ်မက်တွေဟာ ထူးဆန်းပြီးတော့ အံ့ဩလောက်အောင်ကို မှန်နေပါလား၊ ငါ့ကို စိတ်မဆိုးပါနဲ့ကွာ'

ရှောင်လန်းက....



'ကျွန်တော်စိတ်မဆိုးပါဘူး၊ ကျွန်တော့် အိပ်မက်ထဲက အရာတွေကို မြင်ရလို့ ကျွန်တော်ကိုယ်တိုင်လဲ မယုံကြည်နိုင်လောက်အောင်ကို ခံစားနေမိပါတယ်ဗျာ'

ဝမ်ကျောင်းက....

'ရှောင်လန်း၊ ခင်းဘာတွေ မက်ခဲ့သေးလဲ'

ရှောင်လန်းက ခေါင်းခါယမ်းသည်။

'တခြား ဘာမှ မမက်သေးပါဘူး'

ဝမ်ကျောင်းက....

'ကဲ....ကျုပ်တို့ အချိန်ရှိတုန်း ခရီးဆက်ကြစို့'

သူက နီစွမ်းဘက် လှည့်ကြည့်လိုက်သည်။

နီစွမ်က ကျော့ပတ်သွားရမည့်ခရီးကို တစ်ချက်ကြည့်လိုက်ပြီး—

'သွားကြစို့၊ ကျုပ်တို့ညနေစောင်းရင်တော့ ဒီအန္တရာယ်ပန်းတော တစ်ဘက်ကို ရောက်နိုင်မှာပါ၊ ရောက်အောင်လဲ သွားကြဖို့လိုမယ်'

သူတို့လူစုသည် ခရီးဆက်ရန် ပြင်ဆင်ကြ၏။

ထို့နောက် သူတို့သည် ဒိဂုမ်နောက်မှ လိုက်ပါသွားကြ
လေတော့သည်။

* *

ထိုက်ကျူးမြို့တံခါး၀

မြို့တံခါး၀ အပြင်ဘက်တစ်နေရာရှိ လမ်းနံဘေး ကျောက်
တုံးပေါ် ငယ် လူတစ်ဦး ထိုင်နေ၏။

ထိုလူကား လက်ရှစ်ဘက်ပစ်ဖြစ်ပါသည်။

ထိုသူသည် ကျောက်တုံးပေါ် ထိုင်ရင်း အဝေးသို့ ငေး
မော နေ၏။

သူ၏ ပုံဟန်မှာ တစ်စုံတစ်ယောက်အား စောင့်မျှော်နေ
ဟန်ရှိပေသည်။

မည်သူ့အား စောင့်မျှော်နေပါသနည်း။

'ခွပ်... ခွပ်... ခွပ်'

အဝေးမှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာ၏။



မြင်းခွာသံ ကြားရသဖြင့် လက်ရှစ်ဘက်က ခါးဆန့်ကာ
လှမ်းမျှော်ကြည့်သည်။

လမ်းမပေါ်တွင် ဖုန်များ အလိပ်လိုက်ထနေသည်ကို
တွေ့ရ၏။

မကြာမီ မြင်းခွာသံက တစ်စထက် တစ်စ ကျယ်လောင်
လာ၏။

ထို့အတူ ဖုန်များကြားမှ မြင်းသုံးစီး ရင်ဘောင်တန်း
စီနင်းလာသည်ကိုလည်း တွေ့မြင်ရလေသည်။

သူ၏မျက်နှာ ပြုံးရွှင်သွား၏။

သူကျောက်တုံးပေါ်မှ ခုန်ဆင်းချိန်တွင် မြင်းသုံးစီးက
လည်း သူ၏ အနီးတွင် ရပ်တန့်သွားလေသည်။

လက်ရှစ်ဘက်က ပြုံးရွှင်သော မျက်နှာထားနှင့်နှုတ်ဆက်
သည်။

'ကြိုဆိုပါတယ်ဗျာ၊ ခင်ဗျားတို့ မနေ့ညကတည်းကရောက်
လာမယ်ထင်တာဗျ'

မြင်းစီးသမားသုံးယောက်အနက် အလယ်မှလူက...

'ခင်ဗျားရဲ့ အညွှန်းက ကောင်းတော့လဲ လာရတာပေါ့
ဗျာ၊ ဒါးပျ တို့က မနှေးပါဘူး၊ တောဒိက လက်သီးဘုရင်
ကို ဝင်ရှာနေလို့သာ နောက်ကျသွားတာဗျ'

သူက....

'လျှချင်း၊ ခင်ဗျားနဲ့ကျုပ်လဲ မတွေ့တာကြာပြီ'

လျှချင်းက ပြုံးပြီး....

'သုံး နှစ်လောက်တော့ ရှိရောပေါ့၊ ကဲ...ဘယ်လိုပွဲပေါက်လဲ၊ ကျုပ်တို့ကို ရှင်းပြပါဦး'

ဟု မေး၏။

လက်ရှစ်ဘက်က ရယ်မောလိုက်ပြီ....

'ဘယ်လိုဖြစ်လို့လောနေတာလဲဗျ၊ ဒီလိုလမ်းမှာ ပြောဆိုဖို့ကောင်း တာမှမဟုတ်ဘဲ၊ ကဲ....ကျုပ်နဲ့လိုက်ခဲ့ကြ၊ အေးအေးဆေးဆေးစားသောက်ရင်း ပြောကြတာပေါ့'

လက်ရှစ်ဘက်က ထိုလူစုအား ဦးဆောင်ကာ တိုက်ကြီးမြို့တွင်းသို့ ပြန်ဝင်လာခဲ့လေသည်။

လက်ရှစ်ဘက်သည် ထိုက်ကြီးမြို့တွင်းရှိ အိမ်တစ်အိမ်သို့ ခေါ်သွား၏။

ထိုအိမ်တွင်းရောက်သောအခါ စားသောက်ဖွယ်ရာများ အဆင်သင့်ပြင်ထားသည်ကို တွေ့ရ၏။

လက်သီးဘုရင်က....



'လက်ရှစ်ဘက် ခင်ဗျားက အစစအရာရာ ကြိုတင်ပြင်ဆင်ထားပါလား'

လက်ရှစ်ဘက်က...

'ကျုပ်ဆီက စာရတာနဲ့ ခင်ဗျားတို့ လာကြမယ်ဆိုတာ ကျုပ်ကသိထားတယ်လေ'

လျှချင်းက....

'ထိုက်ကြီးနဲ့ ထိုက်ပေပေဟာ ခရီးမဝေးလှပါဘူး၊ ဒါပေမယ့် ဟောဒီကလက်သီးဘုရင်က ဘယ်ပုန်းနေမှန်း မသိလို့ဗျ'

လက်သီးဘုရင်က—

'ကျုပ်က ကစားနေလို့ပါဗျာ၊ ကဲပြောပါဦး ဘယ်လိုပွဲပေါက်လဲ၊ ကျုပ်တို့လဲ အခုတလော ဘာအလုပ်မှမဖြစ်လို့ ပြတ်လပ်နေတာကြာပါပြီ'

ဓားကျော်က....

'ဟုတ်တယ် ကျုပ်တို့အလုပ်တစ်ခုခုလုပ်ဖို့လိုနေပြီဗျ'

လက်ရှစ်ဘက်က....

'ကဲ...စားကြသောက်ကြပါဦး၊ ကျုပ်ပြောပါမယ်'

သူသည် အားလုံးအတွက် အရက်ထည့်ပေးလိုက်ပြီးမှ....

'ဒီလိုဗျ ပညာရှိ မူယုံတို့ခင်ဗျားတို့ သိကြတယ် မဟုတ်လား'

ဓားပျံက ခေါင်းညိတ်ပြီး....

'သူ့နာမည် ကြားဖူးပါတယ်'

လက်ရှစ်ဘက်က—

'တစ်နေ့ သူ့ဆီက လူတစ်စုရောက်လာတယ်၊ ကျုပ်က သူတို့အတွက် လမ်းပြတစ်ယောက် ငှားပေးလိုက်ရတယ်'

ဓားပျံက....

'ဒီလူတွေ ဘယ်သွားလို့ လမ်းပြငှားပေးလိုက်ရတာလဲ'

လက်ရှစ်ဘက်က....

'ထိုက်ဟန်စန်း တောင်တန်းပေါ်ဗျ'

'ဘာသွားလုပ်ကြတာလဲ'

'မသိဘူး၊ ကျုပ်ပြောတာလဲ ဆုံးအောင်နားထောင်ကြပါဦး'

လျှိုချင်းက....

'ဟုတ်ကဲ့ ပြောပါဗျာ'

လက်ရှစ်ဘက်က—



'ဒီလိုဗျ၊ သူတို့လူစုအတွက် လမ်းပြငှားပေးလိုက်လို့ သူတို့ ထိုက်ဟန်စန်းတောင်ပေါ် တက်သွားကာ ဆယ်ရက်နီးပါးရှိသွားပါပြီ၊ ကျုပ်လဲအမှတ်တမဲ့ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးရက်က နောက်တစ်အုပ်စုတစ်ခုရောက်လာတယ်'

ဓားပျံက ကြားဖြတ်မေး၏။

'ဘယ်သူတွေလဲ'

လက်ရှစ်ဘက်က—

'ခင်ဗျားတို့ နန်းဟူကို သိကြသလား'

ဓားကျိုးက....

'ခင်ဗျားနဲ့ဂိုဏ်းတူ နန်းဟူကို ပြောတာလား'

'ဟုတ်တယ်'

'သိတာပေါ့၊ သူက လုံကြူးနယ်ဘက်မှာ ကြီးစိုးနေတယ် မဟုတ်လား'

'အေး သူနဲ့လူတစ်စု ဒီကိုရောက်လာတယ်၊ ငါနဲ့ မမျှော်လင့်ဘဲတွေ့တယ်၊ နန်းဟူက ဒီကနေ ပြည်မအသွား ဖြတ်ဝင်တာလို့ ပြောတယ်လေ'

လျှိုချင်းက—

'မဖြစ်နိုင်တာပဲ'

လက်ရှစ်ဘက်က....

'ဟုတ်တာပေါ့၊ ပြည်မကို သွားတဲ့လမ်းပေါ်မှာမှ ထိုကြူးမြို့က ရှိတာမဟုတ်ဘဲ သူလိမ့်ပြောသွားတယ် ဆိုတာ ကျုပ်က ချက်ချင်းသိလိုက်တာပေါ့'

ဓားပျံက...

'ခင်ဗျားသူ့ကို မပြောဘူးလား'

လက်ရှစ်ဘက်က ပြုံးလိုက်ပြီး ...

'သူသွားမယ့်နေရာကို မသိစေချင်လို့ ဖုံးကွယ်ထားတာ ကျုပ်သိလိုက်ပြီပဲ၊ သူ့ကိုဘာမှ မပြောတော့ပါဘူး။ သူ့စကားကို ယုံချင်ဟန်ပဲ ဆောင်နေလိုက်တယ်'

လျူချင်းက...

'ဒါပေမယ့် သူတို့ဘယ်သွားတယ်ဆိုတာကို မင်းစုံစမ်းခဲ့တယ်မှုဟုတ်လား'

လက်ရှစ်ဘက်က....

'အသေအချာပေါ့ဗျာ'

'ဒါဖြင့် သူတို့ဘယ်သွားကြတာလဲ'

'ထိုက်ဟန်စန်းတောင်ပေါ်ကို'



အားလုံး မျက်မှောင်ကြုတ်သွားကြသည်။

'ထိုက်ဟန်စန်းတောင်ပေါ်ကို ဟုတ်လား'

သူက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်ဗျာ၊ သူတို့ဟာ ထိုက်ဟန်စန်းတောင်တန်းပေါ်ကို တက်သွားကြတာပါပဲ'

လျူချင်းက စဉ်းစားလိုက်ပြီ ....

'ဘာသွားလုပ်တာလဲ၊ ပထမအုပ်စုနဲ့ အဆက်အသွယ်ကော ရှိပုံရသလား'

သူက—

'ကျုပ်အထင်ပြောရရင်တော့ နန်းဟူတို့လူစုဟာ ပထမအုပ်စုကို ခြေရာခံလိုက်လာကြတဲ့ ပုံပဲဗျ'

ဓားပျံက....

'ဒါတွေထားလိုက်ပါတော့ဗျာ၊ ပွဲပေါက်ရှိတယ်ဆိုပြီး ကျုပ်တို့ကို လှမ်းခေါ်တာ၊ ဘာပွဲပေါက်လဲ၊ ပြောပါဦး'

သူက ပြုံးပြီး....

'အခု ပြောနေတာ ပွဲပေါက်ပဲပေါ့'

ခါးပျံက မျက်မှောင်ကြုတ်သွားပြီး....

'ခင်ဗျား စကားက ဘယ်လိုလဲဗျ၊ ကျုပ်တော့ နားမလည်တော့ဘူး'

'ရှင်းရှင်းလေးပါ၊ အခုပြောပြနေတာဟာ ပွဲပေါက်ပဲပေါ့'

လျှိုချင်းက....

'နေပါဦးဗျ၊ ဒီလူတွေ တိုက်ဟန်စန်းတောင်ပေါ်တက်သွားကြတာ ပွဲပေါက်ရှိတယ်လို့ ခင်ဗျား ယူဆထားလို့လား'

သူက—

'နန်းဟူ ဘယ်လိုလူစားလဲဆိုတာ ခင်ဗျားတို့ သိကြပါတယ်၊ ဒီငနဲကတော့ အကျိုးမရှိဘဲနဲ့ အပင်ပန်းခံတဲ့လူမဟုတ်ဘူး၊ အခုလို ကြမ်းတန်းလှတဲ့ တိုက်ဟန်စန်း တောင်ထိပ်ပေါ် တက်လာတည်းက သူ့အတွက် အလွန်အကျိုးရှိလို့သာ တက်သွားတာပဲ ဖြစ်ရမယ်၊ ပြီးတော့ ကျုပ်ကို ဖုံးကွယ်သွားခဲ့တာဟာလဲ မရိုးသားမှုန်း ပေါ်လွင်ထင်ရှားနေတယ်'

လျှိုချင်းက....

'ဒါဆို ပွဲပေါက်က ဘာဆိုတာ ခင်ဗျားလဲ အသေအချာ မသိဘူးပေါ့'



သူက ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ဒါပေမယ့် နန်းဟူတို့နောက် လိုက်သွားမယ်ဆိုရင် သိလာရမှာပေါ့'

ခါးပျံက....

'မသေချာတာနဲ့ဗျာ'

သူက -

'ဒီမှာ မင်းတို့ကျုပ်တို့ ထိုင်နေလို့ကော ဘာထူးခြားမှာလဲ၊ လှုပ်ရှားကြည့်တာ မကောင်းဘူးလား၊ နန်းဟူအကြောင်း ကျုပ်ကောင်းကောင်းသိတယ်၊ ဒီလို ကြမ်းတန်းတဲ့ ခရီးကိုလာခဲ့တာ အလွန်ကောင်းတဲ့အကွက် တွေ့ထားလို့ပဲဗျ'

ခါးပျံက ပခုံးတွန့်လိုက်ပြီး—

'သေချာရင် ပင်ပန်းခံရတာ အကြောင်းမဟုတ်ဘူး၊ မသေချာရင်တော့ ကျုပ်တို့အလကား အချိန်ကုန် လူပင်ပန်း ဖြစ်ရမယ်'

သူက....

'ဒီလောက်တော့ ရင်းနှီးရမှာပေါ့'

လျှို့ချင်းက....
'ကဲ....ခင်ဗျား အစီအစဉ်ဘာယ်လိုရှိသလဲ ပြောပါဦး'

'ဒီလိုဗျ၊ ကျုပ်တို့က သူတို့နောက် ခြေရာခံပြီး လိုက်သွားမယ်၊ သူတို့ ဘာတွေလုပ်တယ်ဆိုတာ ကြည့်ရှုမယ်၊ ပိုင်ပြီဆိုရင် ဖြတ်လုကြမယ်၊ ဒါပဲဗျ'

လျှို့ချင်းတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

လက်သီးဘုရင်က...

'ဘာမှန်းမသိဘဲ ကိစ္စနောက်လိုက်ရမယ်၊ အင်း....စဉ်းစားစရာကောင်းနေပြီ'

သူက...

'ဒါက ခင်ဗျားတို့ သညတာပဲ၊ ကျုပ်ကတော့ သွားဖို့ စိတ်ကူးထားပြီးသား၊ အသိတွေကို သတိရလို့ ခေါ်တာပါ၊ ခင်ဗျားတို့ သညတာပါပဲ'

ဟု ခပ်တင်းတင်းပင် ပြောလိုက်၏။

လျှို့ချင်းက တစ်ချက်စဉ်းစားပြီး—
'ဒီလူစုတွေ ထိုက်တန်စန်းတောင်ပေါ် တက်သွားတာဟာ တစ်စုံတစ်ခုကို ရှာဖွေဖို့ ဖြစ်မယ်ထင်တယ်ဗျ'

သူက လက်ဖျစ်တစ်ချက်တီးပြီး....



'ဒါပေါ့ဗျာ၊ ကျုပ်လဲ ဒီလိုပဲ တွေးထားတယ်၊ သူတို့ ရတနာသိုက် ရှာတာပဲ ဖြစ်မယ်၊ မှုယုံ့ရဲ့လူတွေ ရတနာရှာတဲ့သတင်းကို နန်းဟူကြားလို့ လိုက်လာတာပဲ ဖြစ်ရမယ်ဗျ'

ရတနာဟူသောအသံကြားသောအခါ ဓားပျံ၏မျက်လုံးများ ဝင်းလက်သွား၏။

'ဒါကို မင်းက စောစောက ဘာလို့မပြောတာလဲ'

လက်ရှစ်ဖက်က....

'မသေချာလို့ပေါ့ကွ'

ဓားပျံက

'အခုအတိုင်းဆိုရင်တော့ သေချာသလောက်ရှိနိုင်ပါတယ်၊ ကဲ....ဒီခရီးကို ကျုပ်လိုက်မယ်ဗျာ'

ဟု ချက်ချင်းသဘောတူလေ၏။

လျှို့ချင်းကလည်း ...

'ကျုပ်လဲလိုက်မယ်'

လက်ရှစ်ဖက်က လက်သီးဘုရင်ဘက်လှည့်ပြီး—

‘ခင်ဗျားကော’

လက်သီးဘုရင်က ...

‘ဘာအလုပ်မှမဖြစ်တဲ့ ထိုင်နေမယ့်အတူတူ ခင်ဗျားတို့နဲ့ လိုက်ကြည့်ရသေးတာပေါ့’

လက်ရှစ်ဖက်က....

‘ကောင်းပြီ၊ ကျုပ်က လောဘမကြီးပါဘူး၊ ရလာတဲ့ စေစုံကို အားလုံးအညီအမျှ ခွဲယူကြတာပေါ့’

သူက စောစောစီးစီးခဝစုခဲ့၏။

လက်ရှစ်ဖက်က....

‘ဟုတ်တယ်၊ နန်းဟူနဲ့အတူ ကြေးစားသိုင်းသမားတွေလဲ ပါလာတယ်၊ ဒါကြောင့် ပိုင်ပြီဆိုမှ ကျုပ်တို့ လှုပ်ရှားကြဖို့ အားလုံး သတိထားပါ’

လျှုချင်းက....

‘ကောင်းပါတယ်’

ဓားပျံနှင့်လက်သီးဘုရင်တို့ကလည်း သဘောတူလိုက်ကြသည်။



အားလုံး သဘောတူသည်နှင့် ခရီးထွက်ရန်အတွက် ပြင်ဆင်ကြလေ၏။

* * *

နိစ္စမ်ဦးဆောင်လာသော ဝမ်ကျောင်းတို့လူစုသည် အသားစားပန်းနီတောကို ကွေ့ပတ်ကျော်ဖြတ်လာခဲ့ပြီ ဖြစ်သည်။

သူတို့လူစု၏ ပထမရည်မှန်းချက်ဖြစ်သော နွားနီတောင်ကိုကား မမြင်ရသေးပါ။

ဝမ်ကျောင်းက....

‘နွားနီတောင်ကို ခုထက်ထိမမြင်သေးပါလား’

နိစ္စမ်က ခေါင်းညိတ်ပြီး —

'ဟုတ်တယ်၊ ဒါပေမယ့်...ရက်ပိုင်းအတွင်းမှာ တွေ့ရမှာပါ'

ဝမ်ကျောင်းက—

'ကျွန်တော်တို့ ခရီးဆက်လာတာ နှစ်ရက်ရှိပြီ'

နီစွမ်က—

'ကျုပ် လမ်းမမှားပါဘူး။ ဒီဘက်ကို ကျုပ်တစ်ခါမှ မရောက်ခဲ့ဘူးပေမယ့် ဘယ်လိုသွားရမယ်ဆိုတာတော့ သိပါတယ်'

ဝမ်ကျောင်းက...

'ဟုတ်တဲ့၊ ကျွန်တော်က နွားနီတောင်ကို ရောက်ချင်စိတ် စောနေလို့ပါ'

နီစွမ်က သွားများပေါ်အောင်ပြုံးလိုက်ပြီး—

'ကျုပ်တို့ခရီးသွားနှုန်းက အလွန်ကိုနှေးကွေးတယ်၊ ဒါကြောင့် နှစ်ရက်အတွင်း ဘယ်လောက်မှ ခရီးမပေါက်ခဲ့ပါဘူး'

ဝမ်ကျောင်းက—

'မြန်မြန်သွားစို့'

နီစွမ်က လက်ကာပြပြီး...



'နောက်ထပ် အန္တရာယ်စက်ကွင်းနှစ်နေရာဟာ ဘယ်မှာရှိနေတယ်ဆိုတာ မသိတော့ မလောတာ ကောင်းပါတယ်'

ဝမ်ကျောင်း ပါးစပ်ပိတ်သွားလေသည်။

သူတို့လူစု စကားပြောရင်း ခရီးဆက်လာခဲ့ရာ မကြာမီမှာ လမ်းခရီး အနေအထား ပြောင်းလာသည်ကို သတိထားမိလာသည်။

ထိုက်ဟန်နှင်းတောင်တန်းပေါ် စထက်ကတည်းက စိမ်းလန်းသော မြက်ခင်းများကိုသာ မြင်ခဲ့ရ၏။

ဘယ်နေရာကြည့်ကြည့် စိမ်းစို ညို့မှိုင်းသော သစ်ပင်တွေသာ ဖုံးလွှမ်းနေသည်။

ယခု ထိုသို့မဟုတ်တော့ပါ။

သစ်ပင်များ ပို၍ ကြဲပါးလာ၏။

စိမ်းစိုမှုနေရာတွင် ခြောက်သွေ့မှုက အစားထိုး လာ၏။ ဤသည်ကို ကျန်ဖုန်းရွှေ၏တပည့် တစ်ဦးက စတင် သတိပြုမိခြင်း ဖြစ်သည်။

'ဟော...ငါတို့တွေ ဘောတောင်ထဲကနေ ကန္တာရထဲကို ရောက်လာသလိုကွ'

သူ့စကားကြောင့် အားလုံး ပတ်ဝန်းကျင်ကို သတိပြုမိသွားသည်။

ကျွန်ဖုန်းရွှေက....

'ဟုတ်ပါရဲ့၊ ဟိုရှေ့မှာဆိုရင် လွင်တီးခေါင်ပဲ'

နီစွမ် သက်ပြင်းချပြီး—

'ဒါကြောင့် ကျုပ်ပြောတာပေါ့၊ ထိုက်ဟန်စန်းတောင်က မြင့်မားရှည်လျားသလောက် မသယာများတယ်လို့'

ဝမ်ကျောင်း ခေါင်းညိတ်သည်။

'အင်း....တကယ်ကို ကန္တာရ အငယ်စားလေးပဲ၊ ဒီခရီးအ နှစ်မိုင်သုံးမိုင်လောက် ရှိမယ် ထင်ပါတယ်'

နီစွမ်က ကြည့်ပြီး....

'အမြင်က နီးတယ်ထင်တာ၊ ကျုပ်ခန့်မှန်းချက်အရဆိုရင် ငါးမိုင်လောက် ရှိမယ်'

ဟု ပြောလိုက်သည်။

ဝမ်ကျောင်းသည် ထိုကန္တာရလွင်တီးခေါင်ကို ကြည့်ရင်း ဆက်လျှောက်လာ၏။

မကြာမီ ရှေ့တွင် သဲကန္တာရကို တွေ့ရ၏။



သဲများက လွင်တီးခေါင် အလယ်ပိုင်း တစ်ဝက်ခန့်တွင် ပြည့်နေ၏။

အခြားဘက်တွင်မူ ကန္တာရဆူးပင်များ ပေါက်နေသော ပတ်ကြားအက်များကို တွေ့ရ၏။

ဝမ်ကျောင်းက....

'ကျွန်တော်တို့ နေမပူခင် ဒီသဲတောကိုဖြတ်မှ ဖြစ်မယ်'

နီစွမ် စဉ်းစားပြီး....

'နေမွန်းမတည့်ခင် ဟိုဘက်ကိုရောက်မှ ဖြစ်မယ်၊ နေပူရင် သဲပူတဲ့ဒဏ် ခံနိုင်မှာ မဟုတ်ဘူး'

ကျွန်ဖုန်းရွှေ၏ ငယ်သား တစ်ယောက်က....

'ဒီလောက် အကွာအဝေးကို ကျွန်တော်တို့ ခဏနဲ့ ဖြတ်သွားနိုင်ပါတယ်ဗျာ'

သူသည် ပြောပြောဆိုဆို ရှေ့မှ ပြေးသွား၏။

ခဏအတွင်း ထိုသိုင်းသမားသည် သဲတောကို ဖြတ်ပြေးသွားသည်။

ပြေး၍မှ ခြေလှမ်းသုံးဆယ် မပြည့်မီ—

'အမယ်လေး'

သိုင်းသမားထံမှ အော်သံ ထွက်လာ၏။
သိုင်းသမားမှာ သဲထဲကျွံဝင်သွား၏။
ပေါင်ရင်းအထိ ကျွံဝင်သွားခြင်း ဖြစ်၏။

'ဟာ'

'ဟေ့...မြန်မြန်ကယ်ကြပါကွ'

'ကယ်ပါဦး'

နီစွမ်က ထိုသိုင်းသမားကို ကယ်တင်ရန် ဟန်ပြင်နေသော ကျန်ဖုန်းရွှေတို့လူစုအား အလျင်အမြန် ဟန့်တား၏။

'မသွားကြနဲ့'

ကျန်ဖုန်းရွှေက ဒေါသထွက်သွားပြီး...

'ဘာလို့ မသွားရမှာလဲ၊ ကျုပ်လူကို ကယ်ရဦးမယ်'

နီစွမ်က....

'ကယ်လို့ မရတော့ဘူး'

သူက ကြည့်လိုက်သည်။

သူ၏ ငယ်သားသည် သဲပြင်အောက်သို့ ရောက်သွားပြီကို မြင်ရသည်။

သူ့မျက်နှာ ပျက်သွား၏။



အားလုံး ထိတ်လန့်မိကြ၏။

မကောင်းမှုလေသော အချိန်အတွင်းမှာပင် ကန္တာရက လူတစ်ယောက်၏ အသက်ကို ဝါးမြိုပစ်လိုက်ပြီ မဟုတ်လော။

ရှောင်လန်းမျက်နှာ ဖြူလျော်နေ၏။

သူ့ဒူးများပင် မခိုင်ချင်သလို ဖြစ်နေ၏။

နီစွမ်က

'ဒါဟာ သဲနွံပဲ'

ကျန်ဖုန်းရွှေက—

'သဲနွံ ဟုတ်လား'

'ဟုတ်တယ်၊ ရွှံ့နွံထက် အဆပေါင်းများစွာ ကြောက်ဖို့ကောင်းတယ်'

'ကျုပ် တစ်ခါမှ မကြားဖူးဘူး'

'ကျုပ်လဲ ကြားဖူးရုံပဲ၊ အခုမှ မြင်ဘူးတာ'

ဝမ်ကျောင်း သက်ပြင်းချပြီး—

'လူတစ်ယောက် ဆုံးရှုံးသွားရပြီ'

နီစွမ်က....

'ကျုပ်ပြောခဲ့တယ်၊ အနွံ့ရာယ်နေရာ သုံးခုရှိတယ်လို့၊ အရာရာတိုင်းကို သတိထားမှ တန်ရုံကျမယ်၊ သတိတစ်ချက်လွှတ်တာနဲ့ အသက်သေဆုံးမှုက ရှိလာနိုင်တာပဲ'

ကျန်ဖုန်ရွှေ အကြိတ်ပြီး—

'ရန်သူ့လက်ချက်နဲ့ အသက်ဆုံးရှုံးရတာမျိုး မဟုတ်တာတော့ အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်'

နီစွမ်က....

'ဒီတောတောင်ထဲမှာ ရန်သူနဲ့ ရင်ဆိုင်ရထက် သဘာဝဘေးဒဏ်တွေကိုသာ အဓိက ရင်ဆိုင်ရမှာပဲ'

ဝမ်ကျောင်းက....

'ကျုပ်တို့ ရှေ့ကို ဘယ်လိုဆက်သွားကြမလဲ'

နီစွမ်က....

'ဒီနေရာကို ရှောင်သွားရမှာပေါ့'

* *



နှန်းဟူ ဦးဆောင်သော ကြေးစားသိုင်းသမားအုပ်စုသည် ဝမ်ကျောင်းတို့ သွားရာလမ်းအတိုင်း ခြေရာခံကာ လိုက်လာခဲ့ကြ၏။

သူတို့လူစုသည် ရှေ့သို့ လျင်မြန်စွာ ခရီးဆက်လာနိုင်ခဲ့ကြသည်။

ထို့ကြောင့်လည်း မတ်စောက်သော တောင်ကြီးကို ဖြတ်ကျော်လာနိုင်ခဲ့ပြီး ပန်းနီတောသို့ ရောက်လာသည်။

သူတို့လူစု ပန်းနီတောသို့ နေ့လည်ခင်း အချိန်တွင်ရောက်ရှိလာကြခြင်းဖြစ်သည်။

ကြေးစားသိုင်းသမားများသည် လှပလွန်းသော ပန်းနီတောကို တွေ့ရသောအခါတွင် ရင်သပ်ရှုမော ဖြစ်သွားကြလေသည်။

'ဟာ လှလိုက်တဲ့ ပန်းခင်းပါလား'

'ပန်းနီတောကွ'

'ကျုပ်တစ်သက် ဒီလောက်ကြီးမားလှပတဲ့ ပန်းနီပွင့်မျိုးကို တစ်ခါမှမတွေ့ခဲ့ဖူးဘူး'

'အံ့ဩစရာ ကောင်းလိုက်တာ'

ဟု တစ်ယောက်တစ်ပေါက် ရေရွတ်လိုက်ကြသည်။

နန်းဟူလည်း အလွန်လှပသော ပန်းနီတောကို ကြည့်ကာ အံ့သြနေ၏။

ကွမ်ကျုံကလည်း ဝင်ပြောလိုက်၏။

'ပီကင်းနေပြည်တော် တစ်ဝိုက်မှာ ပန်းဥယျာဉ် တွေ လှပအောင် စိုက်ပျိုးပြုပြင်ထားကြပါတယ်၊ ဒါပေမယ့် ဒီလောက် လှပတဲ့ ပန်း မျိုးကို မတွေ့ခဲ့ဖူးဘူး'

နန်းဟူသည် ပန်းနီပွင့်များကို ကြည့်ရင်း စိတ်ထဲ၌ တစ်မျိုးတစ်မည် ခံစားရ၏။

မည်သို့သော ခံစားချက်မှန်း မသိပါ။

သို့သော် ကောင်းသော ခံစားချက် မဟုတ်ဟု သိလိုက်ရ၏။

ထို့ကြောင့် သူက သတိပေး၏။

'အမှတ် (၁၂) မင်းအရင် ပန်းနီတောထဲဖြတ်ပါ၊ သတိတော့ထား၊ ဒီလောက် လှပတဲ့နေရာမှာ ဘာသတ္တဝါမှမတွေ့ရတာ ကျုပ်စိတ်ထဲတစ်မျိုးပဲ'

ကြေးစားသိုင်းသမား အမှတ်(၁၂)က ပြုံးပြီး...

'စိတ်ပူစရာ မရှိတာပျော၊ ကျုပ် ကံထူးတာပေါ့၊ လှပတဲ့ ပန်းခင်းထဲကို ပထမဆုံး ဖြတ်ခွင့်ရခဲ့တယ်'

နန်းဟူ၏ မျက်နှာထားက အလွန်ပင် လေးနက် တည်ကြည်သွားပြီး...



'ကျုပ်စကားကို ပေါ့ပြက်ပြက်မလုပ်နဲ့၊ ဒီနေရာဟာ ထူးခြားမှုရှိတယ်လို့ ကျုပ် အလိုလိုခံစားနေရတယ်၊ ဒါကြောင့် သတိထားပြီး ဖြတ်ပါ'

ဟုထပ်၍ သတိပေးလိုက်၏။

အမှတ်(၁၂)က...

'ကောင်းပြီလေ၊ ကျုပ်သတိထားပါမယ်'

သူသည် ဓားကို ဆွဲထုတ်လိုက်၏။

ထို့နောက် သူသည် ပန်းနီတောအတွင်းသို့ ဖြည်းဖြည်း ချင်း ဝင်ရောက်သွားလေတော့သည်။

အမှတ်(၁၂) ပန်းနီတောအစပ် ရောက်သည်နှင့် ပန်းနီပင်များသည် စတင်၍ ယိမ်းနွဲ့လာသည်။

အမှတ်(၁၂)က သတိမပြုမိပါ။

ပန်းနီပင်များသည် လေအဝေ့ဝယ် ယိမ်းနွဲ့သွားသည်ဟုသာ ထင်မိ၏။

ထို့ကြောင့် သူကရှေ့သို့ ဆက်၍လျှောက်လာခဲ့၏။

မကြာမီ ပန်းနီတောအတွင်း ရောက်ရှိသွား၏။

ထိုအခိုက်မှာပင် သူ၏ခြေထောက်အား တစ်စုံတစ်ယောက်က ရစ်ပတ်ဆွဲယူလိုက်သလို ခံစားရ၏။

ငုံ့ကြည့်လိုက်ရာ ပန်းနီပင် သုံး၊ လေးပင်ခန့်က မြွေများနှယ် သူ၏ခြေထောက်ကို ရစ်ပတ်ခြင်းဖြစ်ကြောင်း တွေ့လိုက်ရသည်။

'ဟာ'

သူသည် ချက်ချင်းပင် ဓားနှင့်ခုတ်ဖြတ်ပစ်၏။

သို့သော် ပန်းနီပင်များသည် သားရေများနှယ် တော်ရုံနှင့် မပြတ်ထွက်ပါ။

လေးငါးဆယ်ချက်ခန့် ခုတ်မှပင် ပြတ်သွား၏။

သို့သော် တစ်ပင်မပြတ်မီ နောက်တစ်ပင်က ရစ်ပတ်လာသည်။

အချို့အပင်များကလည်း သူ၏လက်နှင့် ခန္ဓာကိုယ်များကို ရစ်ပတ်လာ၏။

အမှတ်(၁၂)သည် ဓားကိုတရကြမ်း ဝေ့ယမ်းကာ ဖြတ်တောက်ပစ်နေ၏။



သို့ရာတွင် မနိုင်မနင်း ဖြစ်နေရ၏။

ထိတ်လန့်ပြီး ထွက်ပြေးလိုသော်လည်း ပန်းနီပင်များက ရစ်ပတ်ထားသောကြောင့် မည်သို့မျှ ပြေးမရပါ။

ထိုစဉ် ပန်းနီပွင့်တစ်ပွင့်က သူ၏ခြေထောက် တစ်ဖက်ကို စတင်ဝါးမျိုလာ၏။

'အား'

'ဟင်'
'ဟာ'
'နှယ်ရှင်တွေက'
တစ်ယောက်တစ်ပေါက်အသံများ ဆူညံသွား၏။

နန်းဟူ ထိတ်လန့်သွား၏။

'တော့...သွားကူကြ၊ ဘာရပ်ကြည့်နေသလဲ'

ဟု အော်ဟစ်သတိပေး၏။

သိုင်းသမားတို့က လက်နက်ကိုယ်စီထုတ်ကာ အမှတ် ၁၂ ကို ချိပတ်နေသော ပန်းနီများကို တိုးနှက်ဖြတ်တောက်ကြသည်။

အနားမှ ပန်းနီများကိုပါ ဖြတ်တောက်ပစ်၏။

သူတို့၏ သွက်လက်သော ဓားချက်များကြောင့် ပန်းနီပင်အချို့ ဖြတ်တောက်သွားကြ၏။

တစ်ခဏအတွင်း အခြားပန်းနီပင်များ လှုပ်ရှားမလာခင် သူတို့သည် အမှတ် ၁၂-ကို အတင်းပင်ဆွဲထုတ်ကာ နောက်ပြန်ဆုတ်လာခဲ့ကြသည်။

ပန်းနီတောအပြင်ရောက်မှ အားလုံး သက်ပြင်းချနိုင်ကြသည်။

ကွမ်ကျုံသည် အမှတ် ၁၂-ကို ကြည့်ကာ မျက်နှာတစ်ခုလုံး သွေးဆုတ်သွားသကဲ့သို့ ဖြူလျော်သွား၏။

အမှတ် ၁၂-၏ ခြေတစ်ဖက်သည် ဒူးဆစ်အောက်ပိုင်းတစ်ခုလုံး မရှိတော့ဘဲ သွေးများ ဒလဟော ယိုစီးကျနေသည် မဟုတ်ပါလား။



ကွမ်ပေက....

'ဒါဟာ သားစားပန်းပင်တွေပဲ'

ဟု ထိတ်လန့်မှုမပြေသေးသောအသံနှင့် ပြောလိုက်သည်။

နန်းဟူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါကြောင့်လဲ ကျုပ်စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတာ'

သူက အမှတ် ၁၂-ကိုကြည့်လိုက်သည်။

အမှတ် ၁၂-သည် သွေးထွက်လွန်နေသည်။

ကျန်သိုင်းသမားများက ဆေးဝါးများထည့်ကာ ပြုစုကုသပေးသော်လည်း သွေးများက ရပ်တန့်မသွားပါ။

အမှတ် ၁၂-မှာ သတိလစ်သွား၏။

အမှတ် ၄-က နန်းဟူထံ လျှောက်လာပြီး....

'အမှတ် ၁၂-ကို ဘယ်လိုလုပ်မလဲ၊ သူ့ဒဏ်ရာ ပြင်းထန်လွန်းတယ်၊ ဒီအတိုင်းထားရင် သေသွားနိုင်တယ်'

နန်းဟူက....

'ဒီခရီးကိုဖြတ်ဖို့ ကျုပ် စဉ်းစားနေတုန်းဗျ'

အမှတ် ၄-က

'ကျုပ် အမှတ် ၁၊-အတွက်ပြောတာ'
နန်းဟူက အေးစက်စွာပြုံး၏။
'သူ့ကို ထားခဲ့ရမှာပေါ့'

အမှတ် ၄-က မျက်လုံးပြူးသွားပြီး —

'ထားခဲ့မယ်'

နန်းဟူ ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ခရီးက ဘယ်လောက်ရှည်မလဲဆိုတာမသိဘူး၊ ပြီးတော့—ခရီးကြမ်းတာလဲ ခင်ဗျားတို့အသိပဲ' သူ့ကို ဘယ်သူက တာဝန်ယူပြီး ထမ်းပိုးခေါ်သွားမှာလဲ'

အမှတ် ၄-ငိုင်ကျသွား၏။

ကွမ်ကျုံက မကျေမနပ်နှင့်ဝင်ပြော၏။

'အတူတူလာတဲ့သူတွေပဲ၊ သူ့ကိုထားခဲ့ရင် သေသွားပေါ့၊ ဒီလိုတော့ ပစ်ထားခဲ့ဖို့ မသင့်ပါဘူး'

နန်းဟူက ရယ်မောလိုက်၏။

'ဒီခရီးဟာ အန္တရာယ်များတာ အားလုံးအသိပဲ၊ လမ်းတစ်ချက်မှားရင် ဒုက္ခရောက်မှာပဲ၊ ကိုယ့်အန္တရာယ် ကိုယ်ကြည့်ရမယ်၊ ဒီနေရာမှာ ယိုခိုက်ဒဏ်ရာကြီးများရင် သာမားဘော်နဲ့ပြမှာလဲ'



ကွမ်ကျုံက ဒေါသက တက်သည်။

'အခု သူဒဏ်ရာရတာဟာ အားလုံးအတွက် ရှေ့ကသွားပြီး အခြေအနေကြည့်ဖို့ ခင်ဗျားခိုင်းခဲ့တာပဲ'

နန်းဟူမျက်နှာတင်းမာသွားသည်။

သူသည် ကွမ်ကျုံကို အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး

'မင်းက သူ့ကို မထားခဲ့ချင်ဘူး ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို မင်းထမ်းခေါ်လာခဲ့'

နန်းဟူ ထိုသို့ပြောပြီး လှည့်ထွက်သွား၏။

ကွမ်ကျုံ ဒေါသ ချောင်းချောင်း ထွက်သွား၏။

သူသည် နန်းဟူကို မုန်းမိသည်။

နန်းဟူသည် တစ်ကိုယ်ကောင်းဆန်သူ၊ အလွန်ရက်စက်သော စိတ်ထားရှိသူဟုလည်း ကောင်းစွာသိလိုက်၏။

သူသည် အမှတ်ဆယ့်နှစ်ကို မထားရက်ခဲ့ပါ။

သို့သော် ခရီးကား ကြမ်းလှ၏။

အချို့ တောင် များ ဆို လျှင် သူတစ်ယောက်တည်းဖြ မနည်းတက်ရပြီး အချို့ နေရာများတွင် သိုင်းသမားများ၏ အကူအညီနှင့် တက်ခဲ့ရ၏။

သူက အမှတ်ဆယ့်နှစ်ကို မည်သို့ ထမ်းနိုင်ပါမည်နည်း ကွမ်ကျုံက ဖခင်ဘက်လှည့်၍....

'ဖေဖေ၊ အမှတ်ဆယ့်နှစ်အတွက် တစ်ခုခု စီစဉ်ပါ၊ သူ့ ဒီအတိုင်း ပစ်ထားရင် လူ သေသွားမှာပဲ'

ကွမ်ဖေက ပခုံးနှစ်ဘက်ကို အသာတွန့်၏။

'ဘယ်သူက တာဝန်ယူနိုင်မှာလဲ'

ကွမ်ကျုံ ဒေါသထွက်သွား၏။

'ဖေဖေ တာဝန်မဲ့စကား မပြောသင့်ဘူး'

ကွမ်ဖေက ပြုံးပြီး—

'ဒီတောထဲမှာ သူ့ကို သမားတော်နဲ့ ဘယ်လိုပြ ပြီးတော့ ဘယ်မှာအိမ်ရှိလို့ အပ်ထားနိုင်မလဲ၊ သား မရှာချင်ပါနဲ့'

ထိုစဉ် အမှတ်ဆယ့်နှစ် သတိရလာ၏။



သူ၏ ခြေတစ်ဖက် မရှိတော့သည့်အဖြစ် သွေးကသည်း ယခုတိုင်အောင် မတိတ်သေးကြောင်း သိလိုက်ရသောအခါ မျက်နှာတည်သွားသည်၊

သူ အခြေအနေမှန် သူ နားလည်သွားဟန် တူ၏။

'နှန်းဟူ ကျုပ်ကို ထားခဲ့မှာလား'

ဟု မေးလိုက်၏။

နှန်းဟူက ခေါင်းညိတ်၍—

'ဟုတ်တယ်၊ ခင်ဗျားကို ဆက်ပြီး ခေါ်သွားဖို့ မဖြစ်နိုင် တော့ဘူး'

အမှတ်(၁၂)က အံကြိတ်ထားပြီး....

'ကျုပ်ကို ဒီအတိုင်းမထားခဲ့ပါနဲ့ဗျာ'

နှန်းဟူက ဆေးလုံးတစ်လုံးထုတ်ကာ အမှတ် (၁၂)၏ လက်ထဲထည့်ပေးလိုက်ပြီး....

'စိတ်ချ ကျုပ်က ဒီဆေးလုံးပေးခဲ့မှာပါ'

အမှတ်(၁၂)မျက်နှာ ဖြူလျော်သွား၏။

နှန်းဟူတို့ လူစုသည် သူ့အား ခေါ်သွားကြမည့်လူလည်း မဟုတ်ပါ။

အခုပဲ သူ့အား ဆေးလုံးပေးနေ၏။

ထိုဆေးလုံးသည် အဆိပ်ဆေးလုံးသာဖြစ်ကြောင်း အမှတ် (၁၂)ကောင်းစွာသိလိုက်၏။

အမှတ်(၁၂)က—

'ခင်ဗျား ရက်စက်တာပဲ'

နန်းဟူက...

'ကျုပ်သတိပေးသွားပဲ၊ ဘယ်သူမဆို ကိုယ့်အသက်ခို ခိုက်အောင် သတိရှိရမယ်'

အမှတ်(၁၂)က...

'ကျုပ်ကို ခေါ်သွားပါဗျာ'

ဟု တောင်းပန်လိုက်၏။

နန်းဟူက ခေါင်းခါယမ်း၏။

'ရိက္ခာခြောက်ကိုတောင် မထုတ်သာလို့ သယ်ဆောင် အချိန်မှာ ခင်ဗျားကို ဘယ်သူက သယ်သွားမှာလဲ'

သူက စကားဆုံးသည်နှင့် အမှတ် (၁၂၀) အား ကျ ခိုင်းလိုက်၏။

အမှတ်(၁၂)သည် လက်သီးကို ကျစ်ကျစ်ပါအောင် လိုက်၏။



ထို့နောက် နန်းဟူပေးသော ဆေးလုံးကို သောက်ချ လေတော့သည်။

ကွမ်းကျုံး မျက်လုံး စုံမှိတ်ထား၏။

အမှတ်(၁၂)အား သူမကြည့်ရက်တော့ပါ။

မကြာမီ အမှတ်(၁၂)ထံမှ ညည်းတွားသံသဲ့သဲ့ ထွက် ပေါ်လာပြီး ငြိမ်ကျသွားလေတော့သည်။

ညနေဆည်းဆာ—

ဆည်းဆာနေရောင်အောက်ဝယ် ပန်းနီရောသည့် လှပ ဖြင့် သူ့ထံလာရန် မြူဆွယ်ဖြားယောင်းနေသည်။

နန်းဟူတို့ လူစုသည် ပန်းနီတောနှင့် မလှမ်းမကမ်းတွင် စခန်းချနေကြ၏။

မည်သူမျှ ပန်းနီတောအတွင်း ဖြတ်ကြည့်ရန်စိတ်ကူးမရှိကြပါ။

ကြေးစားသိုင်းသမားများသည် ပန်းနီတောအား မည်သို့ဖြတ်သန်းရမည်ကို တွေးတောကြံဆ အဖြေရှာနေကြလေသည်။

ကွမ်းကျုံးမှာ အသစ်စက်စက် မြေပုံခရှတွင် ဒူထောက်နေ၏။

သူသည် အမှတ်(၁၂)အား တောင်းပန်နေ၏။

ကွမ်းပေနှင့် နန်းဟူတို့မှာမူ ခေါင်းချင်းဆိုင်နေကြ၏။

ကွမ်းပေက ...

'ဝမ်ကျောင်းတို့လူစု ဒီကိုကော ရောက်ခဲ့လား'

နန်းဟူက–

'ကျုပ်တို့ အသေအချာခြေရာခံလိုက်ခဲ့တာပဲ၊ သူတို့ဒီကိုရောက်ကိုရောက်ခဲ့တာ သေချာတယ်'



'သူတို့ဒီကိုရောက်ပြီဆိုပါတော့၊ အသားစား ပန်းနီတောကို သူတို့ဘယ်လိုဖြတ်ကျော်သွားကြသလဲ'

နန်းဟူက....

'အမှတ်(၁၂)ရဲ့ သိုင်းပညာဟာ မဆိုးလှဘူး၊ ဒါပေမယ့် သူဟာ ပန်းနီတောထဲက လွတ်အောင်မရုန်းနိုင်ခဲ့ဘူး၊ ဒါပေမယ့် ဝမ်ကျောင်းတို့ဟာ ပန်းနီတောကို အန္တရာယ် ကင်းကင်း နဲ့ ဖြတ်ကျော်နိုင်ကြတယ်၊ သူတို့ဟာ'

သူသည် ပြောရင်းမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် စကားကို ရပ်တန့်လိုက်၏။

ကွမ်းပေက—

'သူတို့ဘာပြစ်သလဲ'

နန်းဟူက....

'သူတို့ဟာ ဒီပန်းနီတောဟာ အန္တရာယ် ရှိတယ်ဆိုတာသိထားပုံရတယ်၊ သူတို့လဲ ဖြတ်ရဲမှာမဟုတ်ဘူး၊ ခဏနေဦး၊ ကျုပ်ခြေရာခံလိုက်ဦးမယ်'

သူသည် ပြောပြောဆိုဆိုထကာ ခြေရာခံရှာဖွေလိုက်လေသည်။

သူ၏စူးရှသော မျက်လုံးများက မုကြာမီဝမ်ကျောင်းတို့ လူစု၏ ခြေရာများကို ရှာဖွေတွေ့ရှိသွားသည်။

ဝမ်ကျောင်းတို့လူစုသည် ပန်းနီတောအား ကွေ့ပတ်၍ ခရီးဆက်သွားသော ခြေရာများကို တွေ့လိုက်ရ၏။

မှုသခြေရာများက ပန်းနီတောသို့ဦးတည်ထား၏။

ထို့ကြောင့်လည်း သူအပန်းနီတောသို့ဖြတ်ရန် ကြိုးစားခြင်းဖြစ်၏။

ဝမ်ကျောင်းတို့လူစုတွင် နောက်မှလိုက်လာသူအား ခြေရာထဲ့ပေးနေသူတစ်ယောက်ပါရှိနေသည်ဟုသည်းထင်ခဲ့၏။

စင်စစ်ဝမ်ကျောင်းတို့လူစုက ကိုယ့်ခရီးကိုယ်သွားနေခြင်းသာဖြစ်သည်။

နန်းဟူကသာ ကောက်ကျစ်သူဖြစ်သောကြောင့် အတွေးက ကြောင်နေခြင်းပင်ဖြစ်ပါသည်။

နန်းဟူက နောက်ကြောင်းပြန်လှည့်လာပြီး…

'ရှေ့ကသွားတဲ့ခြေရာတွေ့ပြီ အားလုံးသွားကြစို့'

ဟု အမိန့်ပေးလိုက်၏။

အမှတ်တစ်က—



'ညမှောင်တော့မယ်'

နန်းဟူက

'မှောင်တော့တော့ ဘာဖြစ်သလဲ၊ ကျုပ်တို့ ခရီးအမြန်ဆုံးဆက်နိုင်မှဖြစ်မယ်၊ ဝမ်ကျောင်းတို့က ကျုပ်တို့ကို ထောင်ချောက်ဆင်သွားတာ ခင်ဗျားတို့လဲသိပဲ၊ ဒီတော့ သူတို့ကို တွေ့ရတဲ့အကွာအဝေးထိရောက်အောင် ကျုပ်တို့သွားရမယ်'

အမှတ်တစ်က—

'ညမှောင်တော့ ပိုပြီးအန္တရာယ်များတယ်'

နန်းဟူက မဲ့လိုက်ပြီး….

'ခင်ဗျားကြောက်နေသလား'

ဟု ရိုထေ့လိုက်၏။

အမှတ်တစ်က—

'အခုပဲ ကျုပ်တို့လူတစ်ယောက် ဆုံးရှုံးသွားပြီး နောက်ထပ်ဘာအန္တရာယ် ရှိနေတယ်ဆိုတာ မသိဘူး၊ ဒါကြောင့် ညဘက် ခရီးမဆက်ဘူးလို့ ကျုပ်တို့အားလုံး ဆုံးဖြတ်ထားတယ်'

နန်းဟူ မျက်နှာမည်းသွား၏။

'ဘာလဲ၊ မင်းတို့က ကျုပ်ကိုအာခံတာလား'

အမှတ် ၁-က ခေါင်းခါလိုက်သည်။

'အာခံတာ မဟုတ်ပါဘူး၊ အားလုံးအတွက် လုံခြုံမှုရှိအောင်ပါ'

နန်းဟူ သက်ပြင်းချလိုက်၏။

ကြေးစားသိုင်းသမားတို့က ထိတ်လန့်ဖွယ်ရာ သဘာဝ ထောင်ချောက်တစ်ခု ကြုံတွေ့ရပြီးနောက် အတော်ပင် တုန်လှုပ်သွားကြဟန်ရှိ၏။

ညတက် ခရီးမဆက်ဟု ဆုံးဖြတ်ထားသော ထိုသူများကို အတင်းအကြပ် စေခိုင်းလျှင်လည်း ပဋိပက္ခ ဖြစ်လာနိုင်သည်။

ရတနာများမတွေ့ရမီ ကြေးစားသိုင်းသမား များနှင့်ပြဿနာတက်၍ လုံး၀ မဖြစ်သေးပါ။

သူ့အနေ ဝမ်ကျောင်းတို့လူစုကို တိုက်ခိုက်ရန် ကြေးစားသိုင်းသမားများကို အသုံးချရဦးမည်။

ထို့အပြင် လမ်းခရီးတစ်လျှောက်လည်း အသုံးချစရာများ ရှိနေသည်။

နန်းဟူက ရယ်လိုက်ပြီး....

'ဟား ဟား ဟား.....ကျုပ် စိတ်စောပြီး ပြောမိတာပါဗျာ၊ ကဲ...ဒါဆိုလဲ အားလုံး လွတ်လွတ်လပ်လပ် နားပါစေ၊ မိုးလင်းမှပဲ ခရီးဆက်ကြတာပေါ့'



ဟု အလျှော့ပေးလိုက်သည်။

သူ့ထံမှ ထိုစကားကြားရတော့မှ အမှတ် ၁-မှာ သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

သူသည် နန်းဟူနှင့် ပြဿနာဖြစ်တော့မည်ဟူ၍ပင် မျှော်လင့်ထားခဲ့သည် မဟုတ်ပါလား။

အမှတ် ၁-က

'ကျေးဇူးတင်ပါတယ်း ကဲ....အားလုံး နားကြပေ့'

ကွမ်ကျုံးသည် တစ်ညလုံး ကောင်းစွာအိပ်မပျော်ခဲ့ပါ။ သူသည် ပန်းနီပင်များက အမှတ် ၁၂-ကို ရစ်ပတ်ဝါးမြိုခဲ့ပုံကိုသာ မြင်ယောင်နေလေသည်။

အမှန်မှာ ကြောက်လန့်ဖွယ်ကောင်းသော မြင်ကွင်း ဖြစ်သည်။

ထိုက်ဟန်စန်းတောင်ပေါ် တက်လာခဲ့ပြီး တွေ့ကြုံရသည့် ပထမဆုံး အန္တရာယ်ပင်ဖြစ်သည်။

ဤသို့သော အန္တရာယ်မျိုး မည်မျှရှိပါသနည်း။

ကွမ်ပေ စိတ်ပျက်သွား၏။

ကြမ်းတမ်းလွန်းသော၊ အန္တရာယ်များလွန်းသော ထိုခရီးကို သူမဆက်ချင်တော့ပါ။

အထူးသဖြင့် နန်းဟူ၏ ရက်စက်သောစိတ်ဓာတ်ကို သူ မြင်ခဲ့ပြီးဖြစ်ပါသည်။

နန်းဟူသည် သရဲဝမ်ကျောင်းတို့ လူစုကိုပင်း ဒုက္ခမပေးဟု သူ အာမမခံရဲပါ။

ဒုက္ခပေးလိမ့်မည်ဟုသာ သူက ထင်မိသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ဖခင်ဖြစ်သူ နှင့် လာလျှင်လာချင်း ချက်ချင်းပင် ကပ်၍ပြောလိုက်သည်။

'ဖေဖေ'

'ဘာလဲ သား'



'ကျွန်တော်တို့ ဒီခရီးကို မဆက်ကြရင် ကောင်းမယ် ထင်တယ်'

ကွမ်ပေ မျက်ခမှောင်ကုတ်သွားပြီး—

'ဘာဖြစ်လို့လဲ'

ကွမ်ကျုံးက ...

'အန္တရာယ်များလွန်းတယ်၊ ပြီးတော့ ...နန်းဟူက အလွန် ရက်စက်တယ်၊ ရှောင်လန်းတို့ကို ဒုက္ခပေးလာနိုင်တယ်၊ ကျွန်တော်တို့ ဒီနေရာက လှည့်ပြန်ကြတာ ကောင်းမယ်'

ကွမ်ပေက ရယ်မောလိုက်၏။

'ဒီအထိ လိုက်လာပြီးမှ နောက်ကိုဘယ်ဆုတ်နိုင်မလဲ'

'ကျွန်တော် တောင်းပန်ပါတယ်၊ ဒီခရီးကို ဖျက်လိုက်ပါတော့ ဖေဖေရယ်'

'တိတ်စမ်း၊ မင်းမလိုက်ချင်နေခဲ့'

ကွမ်ကျုံးမှာ ဖခင်၏ တင်းမာပြတ်သားသော စကားကြောင့် ခေါင်းငုံ့သွားရလေသည်။

ကွမ်းပေက....

'ရှေ့မှာ ဝမ်ကျောင်းတို့ ရှောင်လန်းတို့ သွားနေတယ်၊ ဒါကို ဖေဖေတို့က ဘာလို့မသွားနိုင်ရမှာလဲ'

'ကျွန်တော်လဲ သွားနိုင်ပါတယ်၊ ဒါပေမယ့် နန်းဟူက ရှောင်လန်းတို့ကို ဒုက္ခပေးနိုင်တယ်၊ အဲဒါကို စိတ်ပူလို့ပါ'

ကမ်းပေက ပြုံးလိုက်ပြီး....

'စိတ်ချစမ်းပါ၊ ရှောင်တန်းကို ဒုက္ခမပေးပါဘူး'

ကွမ်ကျုံးက....

'ဖေဖေ တကယ်ပြောတာနော်'

'တကယ်ပါ၊ ကဲ...အားလုံးသွားဖို့ အသင့်ဖြစ်နေကြပြီ၊ ဖေဖေတို့လဲ သွားကြစို့၊ သား ခရီးသွားတဲ့အခါ အလယ်က သွား၊ ဘယ်တော့မှ ရှေ့ဆုံးနဲ့ နောက်ဆုံးမှရောက်စေနဲ့'

ကွမ်ကျုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....ဖေဖေ'

ခရီးသွားရာတွင် ရှေ့ဆုံးနှင့် နောက်ဆုံးသည် အန္တရာယ်တွေ့ကြုံရန်အတွက် အခွင့်အလမ်းပိုများလှသည် မဟုတ်ပါလား။

* * *



နန်းဟူသည် ခရီးကို သွက်သွက်ဆက်ခဲ့၏။

ထို့ကြောင့်လည်း သူတို့သည် သဲကန္တာရဝယ်အနီးသို့ ရောက်ရှိလာ၏။

ပတ်ဝန်းကျင်ထူးခြားမှုက သူတို့အားလုံးကို သတိပေးလိုက်သည့်နှယ်ရှိ၏။

ဤတစ်ကြိမ်တွင် နန်းဟူ သတိပေးစရာပင် မလိုတော့ပါ။

ကြေးစားများသည် ရှေ့သို့မသွားသေးဘဲ ဝမ်ကျောင်းတို့လူစု၏ ခြေရာများကို ရှာဖွေလိုက်၏။

ဝမ်ကျောင်းတို့လူစု၏ ခြေရာများသည် သဲကန္တာရဝယ် အစပ်အထိ ရှုပ်ယှက်ခတ်နေသည်။

တစ်ပန် သဲကန္တာရအနီး ကျောက်တုံးတွင် စာတစ်ရွက် ကပ်ထားသည်ကိုလည်း တွေ့လိုက်ရသည်။

ချက်ချင်းပင် ဆုတ်ခွာပြီး နန်းဟူအား ပြလိုက်သည်။ နန်းဟူက အားလုံးကြားအောင် ဖတ်ပြလိုက်သည်။

သတိ—

ရှေ့ကိုက်(၃၀၀)ခန့်တွင် သဲနွံရှိသည်။

နန်းဟူယ မျက်မှောင်ကြုတ်သွားသည်။

'သတိပေးစာပါလား'

အမှတ်တစ်က....

'ဟုတ်တယ်'

'သဲနွ*ဆိုတာ ဘာလဲ'

'ကျုပ်လဲ မသိဘူး၊ ဒါပေမယ့်သတိပေးထားတာပဲ'

နန်းဟူက သတိပေးစာကို ပြန်၍ကြည့်လိုက်သည်။

'ဒီလက်ရေးနဲ့ ဒီစာရွက်ဟာ မကြာသေးဘူး'

အမှတ်တစ်က—

'ဟုတ်ပါတယ်၊ ဒီစာကို ရှေ့ကလူစုက ရေးသွားတယ်လို့ ကျုပ်လဲ ယူဆထားပါတယ်'

နန်းဟူက ခေါင်းညိတ်လိုက်ပြီး....

'ဒီသတိပေးစာဟာ ကျုပ်တို့ကို ခရီးကြန့်ကြာအောင် တမင်လုပ်ခဲ့တာကော မဖြစ်နိုင်ဘူးလား'

ဟု မေးလိုက်သည်။

သူသည် ကောက်ကျစ်သူပီပီ မည်သူ့ကိုမျှ မယုံကြည်ပါ၊ သူ့စကားကြောင့် အမှတ်တစ်မှာ တွေဝေသွားသည်၊ နန်းဟူက....



'ခြေရာဟာ သဲကန္တာရကိုပဲ ဦးတည်နေတယ်'

အမှတ်တစ်က...

'ဟုတ်တယ်၊ ဒါပေမယ့် နံဘေးက ရွေ့ပတ်သွားရင်ကော မြေမာဆိုတော့ ခြေရာခံလို့မလွယ်ဘူး'

နန်းဟူက....

'မင်းကြည့်လိုက်စမ်းပါ၊ သဲကန္တာရထဲမှာ ကန္တာရဆူးပင်တွေရှိတယ်၊ ပေါက်ကြားအက်တွေရှိတယ်၊ ခရီးတွင်ဖို့ဆိုတာ ဝေးနေရာပဲ၊ ကျုပ်တော့ တမင် ကြန့်ကြာအောင် လုပ်တယ်ထင်တာပဲ၊ ဒါပေမယ့် သတိတော့ထားရမှာပေါ့'

အမှတ်တစ်က သူ၏ ကြေးစားများအား ခေါ်ယူကာ သတိပေးစာအကြောင်း ပြောပြလိုက်သည်။

ကြေးစားသိုင်းသမားများက သဲကန္တာရငယ်အား စူးစမ်း အကဲခတ်လိုက်သည်။

သဲကန္တာရငယ်သည် သုံးလေးမိုင်ခန့်သာ ရှိမည်ဟု ခန့်မှန်းမိသည်။

သူတို့ရောက်ချိန်က မွန်းလွဲချိန်ဖြစ်၏။

နေက ပူပြင်းနေသည်။

ကြေးစားသိုင်းသမားတစ်ဦးက—

'မနေ့အားချိန်ဖြတ်သန်းရတော့မယ်ထင်ပါတယ်၊ သဲကန္တာရကို ကျေ့ပတ်သွားရမယ့် ခရီးကပိုပြီးကြမ်းတမ်းတယ်၊ တချို့ပတ်ကြားအက်ကြောင်းတွေဟာ ဒီက ကြည့်ရတာထင် အတော်ကြီးမှာယ်'

ကြေးစားသိုင်းသမား အမှတ်တစ်ဆယ်က ...

'ခရီးကြမ်းတာ ပြဿနာမရှိဘူး၊ သဲနှံ့ဆိုတာက...'

ကွမ်ကျုံးက—

'ကျွန်တော် စာထဲမှာ သမိုင်းကြားဖူးတာကတော့ ကန္တာရဆိုတာ ရွှံ့နှံ့အိုင်လိုပါပဲ၊ သဲနှံ့ရှံ့ပဲ ကွာပါတယ်၊ ကန္တာရတွေမှာ တွေ့ရတတ်တယ်၊ အခုလဲ သတိပေးစာက သရာဝမ်ကျောင်းရဲ့ လက်ရေးမဲ၊ ရှေ့မှာ အန္တရာယ်ရှိတာတော့ သေချာတယ်'

အမှတ်တစ်က-

'သူတို့တောင် ဒီသဲနှံ့ဆိုတာကိုတွေ့ပြီး ကျော်ဖြတ်သွားနိုင်ခဲ့ပုံရတယ်'

နိုန်းဟူက....

'ကဲ....တယ်လိုလဲ၊ ခရီးဆက်မလား'

အမှတ်တစ်က-



'နေနည်းနည်းအေးအောင် စောင့်တာ ကောင်းမယ်၊ ဒီခရီးကို ကျုပ်တို့လူစု တစ်ခဏနဲ့ ဖြတ်နိုင်မှာပါ'

ကွမ်ကျုံးက—

'သတိတော့ ထားကြပါ'

အမှတ်တစ်က ခေါင်းညိတ်လိုက်သည်။

'စိတ်ချ'

သူတို့လူစုသည် အရိပ်များ ရှာဖွေကာ နားခိုလိုက်ကြ၏။ ထို့နောက် နေအေးသွားတော့မှ သူတို့လူစုက ကန္တာရယ်အား စတင် ဖြတ်ကျော်လိုက်ကြလေတော့သည်။

* * *

ကြေးစားသိုင်းသမား အမှတ် ၈-သည် သူတို့လူစုနှင့် ဝါးတစ်ရိုက်ခန့်အကွာ ရှေ့ဆုံးမှ ဦးဆောင်သွားနေ၏။ အမှတ်(၈)သည် သတိပေးစာကို လျစ်လျူမရှုပါ။ သူသည် သတိဖြင့် သွားနေခြင်း ဖြစ်၏။

သဲနှင့်ဟူသော နေရာကို ရှာဖွေရင်း သတိထား၍ ဖြတ်လာခြင်း ဖြစ်သည်။

သူ၏ စိတ်ထဲတွင် သဲနှင့်သည် ရွှံ့နှင့်ကဲ့သို့ အိုင်တစ်ခု ဖြစ်လိမ့်မည်ဟု ထင်မှတ်ထား၏။

ထို့ကြောင့် သူက အိုင်ပုံသဏ္ဌာန် ဖြစ်နေပါသည့် နေရာများကို သတိထား၍ ရှာဖွေကာ လျှောက်လာခဲ့၏။

နေအားပြိုဖြစ်သော်လည်း အပူရှိန် သိပ်မလျော့သေးပါ၊ ထို့ကြောင့် ခရီးက မတွင်လှပါ။

အမှတ်(ဂ)နောက်မှ နန်းဟူက ဝါးတစ်ရိုက်ခန့်အကွာမှ လိုက်ပါသွား၏။

သူ့နောက်မှ ကျန်လူများ လိုက်ပါလာ၏။

ကန္တာရပင်အတွင်း ခြေလှမ်းငါးဆယ်ခန့် လျှောက်ချိန်တွင်....

'အား'

အမှတ်(ဂ)ထံမှ အော်သံ ထွက်ပေါ်လာ၏။

အမှတ်(ဂ)သည် လျှောက်နေရင်းမှ ရုတ်တရက် သဲအတွင်း ကျွံကျသွားသည်ကို တွေ့လိုက်ရ၏။



နန်းဟူ ချက်ချင်းပင် ရှေ့သို့ ပြေးတက်သွား၏။ သို့သော် အဖြစ်အပျက်က မြန်ဆန်လှသည်။

အမှတ်(ဂ) မည်သည့်နေရာတွင် ကျွံကျသွားသည်ကို မသိလိုက်ရပါ၊ သဲပြင်ကား ပကတိအတိုင်း ငြိမ်သက်နေ၏။

အားလုံး ရောက်ရာနေရာတွင် ရပ်နေမိသည်။

မလှုပ်ရှားဝံ့ကြပါ။

နန်းဟူ ထိတ်လန့်သွား၏။

အမှတ်(ဂ)သည် ကိုယ်ဖော့ပညာ မဆိုးလှသူ ဖြစ်၏။

ယခုမူ ဆုံးရှုံးလိုက်ရချေပြီ။

ကွမ်ကျုံက တုန်တုန်ယင်ယင်နှင့် ရေရွတ်လိုက်၏။

'ဒါ...ဒါဟာ သဲနှင့်ပဲ'

နန်းဟူ ရှေ့သို့ မတိုးရဲဘဲ နောက်သို့ပြန်ဆုတ်လာ၏။

'မြန်လိုက်တာ ကျုပ် အမှတ်(ဂ)ကို ရအောင်ကယ်ဖို့ပဲ၊ ဒါပေမယ့် မျက်စိအောက်တင် ပျောက်သွားခဲ့တယ်၊ ဘယ်နေရာ ကျွံကျသွားတယ်ဆိုတာတောင် ပြောရခက်ခဲ့ပဲ'

အမှတ်(ခ) သက်ပြင်းချသည်။

'ဒီနှင့်ကမှ ကျွံသွားနစ်သွားရင် ကယ်တင်ဖို့အချိန်ရသေးတယ်၊ သဲနှင့်ကတော့ မြန်လွန်းတယ်'

အားလုံး တုန့်လှုပ်သွားသည်။

ငြိမ်သက်နေသောကြောင့် မည်သည့်နေရာတွင် ကျကျ သွားနိုင်သည်ကို မှန်းဆ၍မရပါ။

ကွမ်ကျုံ့က—

'ဒါကြောင့် ဆရာဝမ်ကျောင်းက သတိပေးခဲ့တာ၊ သူတို့လဲ ဒုက္ခတွေ့ခဲ့ကြပုံရတယ်'

ဟု တွေးတွေးဆဆ ပြောလိုက်၏။

ကွမ်ပေက....

'ဖြစ်နိုင်တယ်၊ ကျုပ်တို့က သူ့ရဲ့ သတိပေးမှုကို အသိအမှတ် ပြုခဲ့ပါတယ်၊ ဒါပေမယ့် အန္တရာယ်က ဘယ်မှာဆိုတာ မသိရလို့ ဖြစ်တာပဲ'

အမှတ်(၁) သက်ပြင်းချသည်။

'ကျုပ်တို့ ပြန်ဆုတ်မှ ဖြစ်မယ်ထင်တယ်'

နန်းဟူ တွေဝေသွား၏။

သူသည် ရှေ့သို့ တစ်ချက်မျှော်ကြည့်သည်။

ယခုမှ ကန္တာရအစသာ ရှိသေး၏။

ရှေ့တွင် ဤကဲ့သို့ နေရာမျိုး မည်မျှရှိပါသနည်း။



'တောက်'

နန်းဟူ တက်ခေါက်လိုက်၏။

သူသည် မည်သူ့ကို ဒေါသထွက်ရမှန်းမသိ ဖြစ်နေသည်။ အမှတ်တစ်က....

'ကဲ...ဘယ်လိုလဲ၊ ဒီကန္တာရကို ဖြတ်မယ်ဆိုရင်တော့ ခင်ဗျားပဲ ရှေ့ကသွားရလိမ့်မယ်'

နန်းဟူ မဲ့ပြုံးပြုံးလိုက်ပြီး....

'ပြန်ဆုတ်တာပေါ့၊ စိတ်ချ၊ နောက်ထပ်ခရီးစဉ်ကို ကျုပ်ကပဲ ရှေ့ဆုံးက ဦးဆောင်မယ်'

သူသည် သဲကန္တာရထဲမှ ပြန်ထွက်ခဲ့သည်။

ကွမ်ပေက....

'ဒီအတိုင်းဆိုရင် ဟိုပတ်ကြားအက်တွေဘက်က သွားရမယ်ထင်တယ်'

အမှတ် ၁-က

ဘူး' 'ဟုတ်တယ်၊ သဲကန္တာရဘက်က ဖြတ်ဖို့ လုံးဝမဖြစ်နိုင်

နန်းဟူက....

'ခရီးဖင့်လွန်းတယ်၊ ဒီညကျုပ်တို့မနားတော့ဘူး၊ ခရီးဆက်ကြမယ်၊ အားလုံး ကျုပ်နောက်က လိုက်ခဲ့ကြပါ'

ကွမ်ကျုံးမှာ တွန့်ဆုတ်နေ၏။

ကွမ်ပေက....

'ရှောင်လန်းတောင်မှ ဒီခရီးကို သွားနိုင်ခဲ့သေးတာပဲ၊ မင်းက ကြောက်နေသလား၊ ဒါကြောင့် ခရီးမထွက်ခင် ကတည်းက မင်းကို နေခဲ့ဖို့ပြောတာ'

ကွမ်ကျုံး မခံချင်ဖြစ်သွားသည်။

'ကျုပ်တော့ သွားရဲပါတယ် ဖေဖေ'

သူတို့လူစုသည် နန်းဟူနောက်မှသတိကြီးစွာထား၍လိုက်သွားကြတော့သည်။

ကွမ်ကျုံး တို့လူစု ပန်းနီတောမှဖြတ်သွားပြီး သုံးရက်ခန့်အကြာတွင် ပန်းနီတော သို့ လူ(၄)ယောက် ရောက်ရှိလာသည်။



ထိုလေးယောက်က လက်ရှစ်ဖက်၊ လျှူချင်း၊ ခေးပုံနှင့် လက်သီးဘုရင်တို့ပင် ဖြစ်ပါသည်။

သူတို့သည် ပန်းနီတော၏ထူးခြားမှုကို ရှေ့က လူစုများနည်းတူ သတိပြုမိကြသည်။

တစ်ဖန် ပန်းနီတောအစပ်ရှိ မြေပုံကိုလည်းကောင်း၊ ခေးနှင့် ခုတ်ဖြတ်ထားသော ပန်းနီပင် အပိုင်းအစကို လည်းကောင်း သတိပြုမိကြသည်။

လက်ရှစ်ဖက်က....

'ဒီပန်းနီတောဟာ အန္တရာယ်ပဲ၊ ရှေ့က ဘယ်အုပ်စုထိသွားသလဲ မသိဘူး'

လျှူချင်းက....

'ဒါဟာ သဘာဝတောင်ချောက်တစ်ခုပဲ'

လက်ရှစ်ဖက်က....

'ဟုတ်တယ်. မြေရာတွေကိုကြည့်၊ ဒီပန်းနီတောမှာ ရှုတ်ရှတ်သဲသဲဖြစ်သွားကြတယ်၊ ပြီးတော့ စခန်းချခဲ့ကြတယ်'

ခေးပုံက....

'ဒီလောက်လှပတဲ့ ပန်းခင်းဟာ ကြောက်စရာကောင်းလောက်အောင် ဒုက္ခပေးခဲ့တာနဲ့တူတယ်'

လက်ရှစ်ဖက်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အုပ်စုနှစ်ခုလုံးဟာ ဟောဒီ ပန်းနီတောကို ရှောင်ကွင်းသွားခဲ့ကြတယ်'

လက်သီးဘုရင်က....

'ကျုပ်တို့လဲ ရှောင်ကွင်းသွားကြရမှာပေါ့'

ဓားပျံက ရယ်မောလိုက်ပြီး....

'မရှောင်ချင်ရင် ခင်ဗျားဝင်သွားကြည့်ပါလား'

လက်သီးဘုရင်က ပခုံးတွန့်လိုက်ပြီး....

'ရှေက အုပ်စုနှစ်ခုစလုံးဘောင် ရှောင်ကွင်းသွားကြမှတော့ ကျုပ်က ဘာကြောင့်ဖြတ်ရမှာလဲ'

လက်ရှစ်ဖက်က....

'ကဲ...ကဲ...စကားမပြောကြနဲ့၊ ဆက်လိုက်ကြစို့၊ ကျုပ်တို့ သူတို့နဲ့ အတော်ဝေး နေသေးတယ်'

သူတို့သည် ပန်းနီတောကို ကွေ့ပတ်ကာ ရှေ့သို့ခရီးဆက်သွားကြတော့သည်။

* * *



ရှောင်လန်းတို့လူစုသည် နောက်တစ်ရက်အထိ အနှောင့်အယှက်မတွေ့ရဘဲ ခရီးဆက်လာနိုင်ကြလေသည်။

သို့သော်...သူတို့သည် သဲနွံကို တွေ့ကြုံခဲ့ပြီးနောက် ရှေ့ခရီးကို အလွန်သတိကြီးစွာထားပြီး လာကြရသောကြောင့် ခရီးမတွင်လှပါ။

ထို့ပြင် ညဘက်ကိုလည်း ခရီးမဆက်ဝံ့ကြပါ။

အလင်းရောင်မရှိတော့သည်နှင့် ခရီးကို နားကြလေသည်။

ယနေ့ညလည်း အလင်းရောင်ကုန်သည်နှင့် ရောက်သည့်နေရာတွင် စခန်းချကာ နားလိုက်ကြသည်။

သားရဲတိရစ္ဆာန်များ၏ ဘေးဒဏ်နှင့် အအေးဒဏ်မှ ကာကွယ်ရန် အလို့ငှာ သူတို့လူစုက မီးပုံများဖိုကာ ထားကြ၏။

ကျန်ဖုန်ရှေ၏ ငယ်သားများက အလှည့်ကျ စောင့်ကြပ်ပေးနေကြ၏။

ထို့ကြောင့် အားလုံးက စိတ်ချလက်ချ အိပ်စက်နိုင်ခဲ့ကြလေသည်။

ညကား တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ခါတရံ သားကောင်များ ညဥ့်ငှက်အော်သံများထွက်ပေါ်လာတတ်သည်မှအပ တောတောင်တစ်ခုလုံး ပကတိငြိမ်သက်နေပေသည်။

သိုင်းသမား နှစ်ဦးသည် မီးပုံအနီး ထိုင်နေကြ၏။

သူတို့၏ လက်ထဲတွင် ဓားကို အသင့်ကိုင်စွဲထားကြ၏။

သိုင်းသမားနှစ်ယောက်သည် တာဝန်ကျေပွန်စွာပင် ပတ်ဝန်းကျင်ကို စောင့်ကြည့်နေကြပေသည်။

ညကား တဖြည်းဖြည်း နက်လာ၏။

သိုင်းသမားနှစ်ယောက်တည်း ကင်းတာဝန် လဲရန်အတွက် အိပ်နေသူကို နိုးဟန်ပြင်လိုက်၏။

ထိုအခိုက်မှာပင်....

'ဖြောက်'

သစ်ကိုင်းခြောက် နင်းသံကို ကြားလိုက်ရ၏။

သိုင်းသမားသည် ဓားကိုအသင့်ပြင်ကာ အသံလာရာဘက် လှည့်ကြည့်လိုက်၏။

အမှောင်ထုအတွင်း ရိပ်ခနဲလှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

'ဘယ်သူလဲ'



သိုင်းသမားက အော်ငေါက်၏။

အော်ငေါက်သံ ဟိန်းထွက်လာသဖြင့် ကျန်ဖုန်ရွှေနှင့် သိုင်းသမားများ နိုးလာကြလေသည်။

ကျန်ဖုန်ရွှေက—

'ဘာဖြစ်တာလဲ'

အစောင့်သိုင်းသမားက....

'လူရိပ်တစ်ရိပ် တွေ့လိုက်လို့'

ကျန်ဖုန်ရွှေ ချက်ချင်းပင် အစောင့်သိုင်းသမား ညွှန်ပြရာ အမှောင်ထုအတွင်းသို့ ပြေးဝင်သွားလေသည်။

သူ၏ငယ်သားနှစ်ဦးကလည်း နောက်မှ လိုက်သွားကြလေသည်။

နိစွမ်က....

'လူ ဟုတ်လား'

အစောင့်သိုင်းသမားက ခေါင်းညိတ်ပြီး....

'ဟုတ်တယ်'

နိစ္စမ်က....

'မဖြစ်နိုင်တာပဲ၊ ဒီတောထဲမှာ လူဘယ်သူတွေ့ဖို့ လွယ်မှာလဲ၊ သားကောင် တစ်ကောင်ကောင် ဖြစ်မှာပါ'

အစောင့်သိုင်းသမားက ...

'လှုပ်ရှားပုံကတော့ လူပဲဗျ'

ဝမ်ကျောင်းက ...

'ထူးဆန်းတာပဲ၊ လူဆိုရင်တော့ ကျုပ်တို့ကို လာတွေ့မှာပေါ့၊ ဟောဒီကလမ်းပြကြီး ပြီစွမ်ပြောသလိုသားကောင် တစ်ကောင်ကောင်သာ ဖြစ်မှာပါ'

အစောင့်သိုင်းသမားမှာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

သူ့စိတ်ထဲတွင်မူ ထွက်ပြေးသွားသော အရာသည် လူတစ်ယောက်ဟု ထင်မိ၏။

ထိုစဉ်....

'ဟုတ်တယ်၊ လူတစ်ယောက်ပဲ'



အသံနှင့်အတူ ကျန်ဖုန်ရှေနှင့် သိုင်းသမား နှစ်ယောက် ပြန်လည်ရောက်ရှိလာသည်။

ဝမ်ကျောင်းက —

လှိုင်စာပေ

'လူ ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်သူလဲ၊ ခင်ဗျားတွေ့ခဲ့သလား'

ရုံး ၂၀၄၄၄

ကျန်ဖုန်ရှေက ခေါင်းခါယမ်း၏။

'မတွေ့ခဲ့ဘူး၊ ကျုပ်လိုက်တာ နောက်ကျသွားခဲ့တယ်'

နိစ္စမ်က ဝင်မေးလိုက်သည်။

'မတွေ့ခဲ့တဲ့ ဘာကြောင့် လူလို့ တပ်အပ်ပြောနိုင်ရတာလဲ၊ တောကောင်ကော မဖြစ်နိုင်ဘူးလား'

ကျန်ဖုန်ရှေက....

'တောကောင် မဟုတ်ဘူး၊ တောကောင်က ဒီလိုအရာကို ကိုင်ဆောင်လာမှာ မဟုတ်ဘူး'

သူက ပါရှိလာသော အရာတစ်ခုအား ထောင်ပြလိုက်သည်။

ထိုအရာကား လှံတိုတစ်လက်ပင် ဖြစ်၏။

လှံတိုသည် အရိုးကို သစ်ကိုင်းဖြင့် ပြုလုပ်ထား၏။ ကိုယ့်ဘာသာကိုယ် ပြုလုပ်ထားသော လှံတိုတစ်ချောင်းသာ ဖြစ်ပေသည်။

နီစွမ်က..

'လှံတိုတစ်လက်ပါလား၊ ဒါဆိုရင် လူဆိုတာ သေချာသွားပြီ'

ကျန်ဖုန်ရွှေက...

'သူဟာ ဟောဒီချုံစပ်ကနေ ကျုပ်တို့ကို ချောင်းမြောင်းခဲ့ပုံရတယ်၊ သူ့ကို ကျုပ်လူကသိသွားတော့ လက်နက်တောင် မယူနိုင်ဘဲ အမြန်ဆုံး ရှောင်တိမ်းသွားပုံ ရတယ်'

နီစွမ်က ခေါင်းညိတ်လိုက်၏။

'မင်းပြောတာ ဖြစ်နိုင်ပါတယ်'

ဝမ်ကျောင်းက....

'နေပါဦးဗျ၊ ကျုပ်မေးပါရစေဦး'

ကျန်ဖုန်ရွှေက....

'မေးလေ'



ဝမ်ကျောင်းက....

'လူသာမှန်ရင် ကျုပ်တို့နဲ့လာတွေ့သင့်တယ် မဟုတ်လား၊ ဒီတောထဲမှာ လူတွေနဲ့ တွေ့ဖို့ဆိုတာ အင်မတန် ခဲယဉ်းတဲ့ ကိစ္စပဲ မဟုတ်လား'

'ခင်ဗျား မေးသင့်တဲ့ မေးခွန်းပဲ၊ ကျုပ်အထင်ကိုပြောရရင် အခုလူဟာ မုဆိုးတစ်ယောက်၊ ဒါမှမဟုတ် ဟောဒီ...ထိုက်ဟန်စန်းတောင်တန်းပေါ်မှာနေတဲ့ လူတစ်ယောက်ဖြစ်ရမယ်၊ ပြီးတော့ ကျုပ်တို့ကို အသားအရက်ခဲ့တာပဲ၊ သူဟာ ကျုပ်တို့နဲ့ မိတ်ဆွေဖွဲ့လိုတဲ့ဟန် မရှိဘူးဗျ'

ဝမ်ကျောင်းက သက်ပြင်းချလိုက်သည်။

'မုဆိုးပဲ ဖြစ်မယ်ထင်တယ်'

နီစွမ်က ခေါင်းခါယမ်းလိုက်သည်။

'မုဆိုး မဖြစ်နိုင်ဘူး'

ရှောင်လုန်းက....

'ဘာဖြစ်လို့လဲ'

နီစွမ်က....

'ထိုက်ဟန်စန်းယောင်တန်းမှာ ကျက်စားတဲ့မုဆိုးအတော်များများရှိပါတယ်၊ ဒါပေမယ့် ကျုပ်နဲ့မသိတဲ့ကျုပ်ရဲ့မရင်းနှီးတဲ့ မုဆိုးတစ်ယောက်မှ မရှိဘူး၊ တကယ်လို့စောစောက လူဟာ မုဆိုးသာဆိုရင် ကျုပ်ကိုလာတွေ့မှာပဲ'

နီစွမ်း၏ စကားကြောင့် အားလုံးငြိမ်ကျသွား၏။

လူတစ်ယောက်....

မုဆိုးမဟုတ်သော လူတစ်ယောက်...

ထိုလူ မည်သူနည်း။

ဤထိုက်စန်းတောင်တန်းပေါ်တွင် နေထိုင်သူပင်လော။

ထိုသူသည် မိတ်ဆွေလော၊ ရန်သူလော။

ထိုအတွေးများက လူအားလုံးကို ဖမ်းသွား၏။

မည်သူမျှ ဆက်အိပ်၍ မရတော့ပါ။

အားလုံး မီးပုံများတွင် ဝိုင်းဖွဲ့ကာ ထိုင်ကြ၏။

သူတို့သည် ချောင်းမြောင်းကြည့်ရှုသူများ မည်သူဖြစ်နိုင်ကြောင်းကို စိတ်အထင်ဖြင့် ခန့်မှန်းပြောဆိုကြသည်။



ဝမ်ကျောင်းက နီစွမ်းနှင့် ကျန်ဖုန်းရွှေကိုအား ယခုကိစ္စနှင့်ပတ်သက်ပြီး ထင်မြင်ချက်တောင်းခံသည်။

နီစွမ်းက—

'ဒီကိစ္စပြောရခက်ခက်ပဲ၊ တကယ်လို့သာ အခုလာပြီး ချောင်းမြောင်းတဲ့သူဟာ တောဒီထိုက်ဟန်စန်း တောင်တန်းပေါ်မှာ နေထိုင်တဲ့ တောတွင်းလူသာဖြစ်ရင် သတိထားရတော့မယ်'

ဟု တွေးတွေးဆဆနှင့်ပြော၏။

ကျန်ဖုန်းရွှေကမူ ...

'ဒီလူ ဘယ်သူပဲဖြစ်ဖြစ် မိတ်ဆွေဆိုတဲ့ လက္ခဏာထက် ရန်သူဖြစ်ဖို့လက္ခဏာက ပိုများတယ်၊ ဒါကြောင့် ရှေ့ခရီးမှာ အထူးသတိထားရမယ်'

ဝမ်ကျောင်း သက်ပြင်းချလိုက်၏။

ကျန်ဖုန်းရွှေက—

'မနက်ခရီးဆက်တဲ့အခါ ခင်ဗျားနဲ့ရှောင်လန်းက လူစုရဲ့အလယ်က လိုက်ကြပါ၊ ပြီးတော့ ဘယ်လို အန္တရာယ်မျိုးနဲ့ပဲ တွေ့တွေ့ ခြေဦးတည့်ရာ မပြေးပါနဲ့၊ ကျုပ်တို့အကာအကွယ်ပေးမယ် တည်ဟည်ငြိမ်ငြိမ်နဲ့နေပါ'

‘စိတ်ချပါ၊ ကျုပ်က သွေးမနည်းပါဘူး’

ရှောင်လန်းက....

‘ကျွန်တော်ကလဲ ကတိပေးပါတယ်’

သူတို့သည် စကားပြောရင်း အချိန်ဖြုန်းလိုက်ကြ၏။

ထိုအချိန်အထိ မှည့်သူမျှ ထပ်ရောက်မလာခဲ့ပါ။

ညအချိန်သည် အေးချမ်းစွာပင် ကုန်ဆုံးသွားသည်။

အာရုဏ်ဦး၏ အလင်းရောင်ပေါ်လာသည့် ကျန်ဖုန်းရွှေက ခရီးဆက်ရန်အမိန့်ပေး၏။

သူ၏ ငယ်သားများကိုလည်း ရန်သူသည် အချိန်မရွေး ပေါ်ထွက်လာနိုင်သည့် အတွက်ကြောင့် သတိထားရန် မှာကြား၏။

ထို့နောက် ခရီးဆက်လာခဲ့အ၏။

ခရီးကား အနှောင့်အယှက် အဟန့်အတား မတွေ့ရပါ။

မကြာမီ နေမင်းက စတင်ထွက်ပေါ်လာ၏။

ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။

ထိုအခိုက် ရှေ့ဆုံးမှ သွားနေသော သိုင်းသမားထံမှအော်ဟစ်သံထွက်ပေါ်လာတော့သည်။

* * *



‘ဟိုးရှေ့မှာ ကြည့်ကြစမ်း’

ရှေ့ဆုံးမှသွားနေသော သိုင်းသမားထံမှ အော်ဟစ်သံရုတ်တရက်ထွက်ပေါ်လာ၏။

အားလုံးထိတ်လန့်သွား၏။

ပတ်ဝန်းကျင်ကို အလစ်မပေးတဲ့ ကြည့်ကြ၏။

ရန်သူ၏အရိပ်အယောင်ကို မတွေ့ရပါ။

ကျန်ဖုန်းရွှေက....

‘ဘာလဲဟေ့’

သိုင်းသမားက—

‘ဟိုရှေ့မှာ နွားနီတောင်’

‘ဟင်’

အားလုံးက သိုင်းသမားညွှန်ပြရာသို့ ကြည့်၏။

ခပ်လှမ်းလှမ်းတွင် တောင်တစ်လုံး ထွက်သည်ကို တွေ့ရ၏။

ထိုတောင်အား အဝေးမှမြင်ရသည်မှာ နွားတစ်ကောင်ပင် တူလှပေသည်။

'ဟေး'

'နွားနီတောင်ကွ'

အားလုံး ခမ်းသာအားရ အော်ဟစ်ကြ၏။

သူတို့၏ ပထမဆုံး ရည်မှန်းရာ နေရာတစ်ခုသို့ ရောက်ရှိလာနိုင်ပြီမဟုတ်ပါလား။

အာလုံး၏ ခြေလှမ်းများသွက်လက်လာ၏။

နီစွမ်းက သတိပေး၏။

'နွားနီတောင်ကို မြင်နေပြီပဲ မလောကြနဲ့'

အားလုံး သတိရသွား၏။

သူတို့သည် သတိကို မပြတ်စေပဲ ခရီးဆက်သွားခဲ့ကြ၏။

မကြာမီ နွားနီတောင်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြ၏။

ထိုအခါ နွားနီတောင်နှင့် သူတို့လူစုအား ခေစီးသန်လော စမ်းချောင်းကလေးတစ်ခုက ခြားထားသည်ကို တွေ့ရ၏။



သို့သော် စမ်းချောင်းအား ကူးရန် အခက်အခဲမရှိပါ။ စမ်းချောင်းပေါ်မှ တံတားတစ်ခု ထိုးထားသည်ကိုတွေ့ရသောကြောင့်ပင်ဖြစ်သည်။

ကျန်ဖုန်းရွှေ၏ ခြေလှမ်းရပ်တန့်သွား၏။

ကျန်လူများအားလုံးလည်း ရပ်တန့်သွား၏။

ကျန်ဖုန်းရွှေကို—

'နေဦး ဒီလောက်ခေါင်တဲ့ တောထဲမှာ စမ်းချောင်းကိုဖြတ်ကူးဖို့တံတားပြုလုပ်ထားတာ ထူးဆန်းတယ်'

ဝပ်းကျောင်းက—

'ဟုတ်တယ်၊ ဒီအဝိုက်မှာ လူရှိနေတယ်ဆိုတဲ့ လက္ခဏာပဲ'

အားလုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ထိုစဥ် စကားသံတစ်ခုအား ကြားလိုက်ရသည်။

'မင်းတို့မဆိုးဘူး'

အားလုံးက အသံထွက်ပေါ်လာရာကို ကြည့်လိုက်၏။

သူတို့၏ ညာဘက် တောတန်းကလေး အတွင်းမှ အသက်ခုနစ်ဆယ်ခန့် အဘိုးအိုတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့ရသည်။

ဝင်ကျောင်းတို့လူစု၏ မျက်လုံးများက ထိုအဘိုးအို၏ အပေါ်သို့ စုပြုံကျရောက်သွားလေတော့သည်။

* * *

အဘိုးအိုတစ်ယောက်။
အသက်ကား ခုနစ်ဆယ်ခန့်ရှိ၏။
ဖျင်ကြမ်းအင်္ကျီ ဝတ်စုံကို ဝတ်ဆင်ထား၏။
ခြေထောက်တွင် ဖိနပ်မရှိပါ။
အဘိုးအိုတွင် လက်နက် တစ်စုံတရာ မတွေ့ရပါ။
အဘိုးအို၏ ရုပ်သွင်က နှစ်လိုဖွယ်ရာရှိ၏။
သူ့အပြုံးနှင့် သူ့မျက်နှာက အထူးပင် ကြည်လင် သည်။



ဝမ်ကျောင်းက လက်နှစ်ဖက်ဆုပ်၍ ယဉ်ကျေး သိမ်မွေ့စွာ ဂါရဝပြု နှုတ်ဆက်လိုက်၏။

'အခုလို တောတောင်ထဲမှာ အဘိုးနဲ့တွေ့ရတာ ဝမ်းသာစရာပါပဲ'

အဘိုးအိုက....

'ကျုပ်တော့ ဝမ်းမသာဘူးကွယ့်'

ဝမ်ကျောင်းက....

'ကျွန်တော်တို့က ဘယ်သူ့ကိုမှ ရန်ပြုဖို့ ရောက်လာကြတာ မဟုတ်ပါဘူး ခင်ဗျာ၊ ဒါထက် အဘိုးက ဒီမှာနေထိုင်တာလား'

အဘိုးအိုက....

'ကျုပ်က ထိုက်ဟန်စန်းတောင်တန်း အနီးမှာ နေထိုင်ပါတယ်'

ဝမ်ကျောင်း နားလည်သွား၏။

'ဩော်—အဘိုးက ဒီတောင်ပေါ်မှာ တရားကျင့်နေတာကိုး'

အဘိုးအိုက—

'ထိုက်ဟန်စန်းတောင်ပေါ် မင်းတို့ ဘာကိစ္စနဲ့ တက်လာတာလဲ'

စမ်ကျောင်းက...

'ကျွန်တော်တို့ ရှာဖွေစရာ ကိစ္စလေး ရှိလို့ပါ'

'မင်းတို့ ဒီက ပြန်လှည့်သွားရင် ကောင်းမယ်ထင်တယ်၊ ဟောဟိုက စမ်းချောင်းကို မဖြတ်ကျော်ပဲ ပြန်သွားတာ အကောင်းဆုံးပဲလို့ ကျုပ် သတိပေးပါရစေ'

စမ်ကျောင်းက...

'အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ဘာကြောင့် မဖြတ်သန်းစေချင်ရတာလဲဆိုတာကို တော့ သိပါရစေ'

အဘိုးအိုက သက်ပြင်းချပြီး...

'ဘာကြောင့်လဲဆိုတော့ စမ်းချောင်းဟိုဘက်မှာ အန္တရာယ် ပေါလို့ပါ'

ကျန်ဖုန်းရွှေက—



'ဟုတ်ကဲ့၊ ကျွန်တော်တို့က အန္တရာယ်တွေကို ရင်ဆိုင်ရဲလို့သာ ဒီအထိတောင် ရောက်လာကြတာပါ၊'

အဘိုးအိုက ပြုံးပြီး—

'မင်းတို့လာခဲ့တဲ့ ခရီးလမ်းကြောင်းမှာ အန္တရာယ်ဆိုတာ မပြောပလောက်ပါဘူး၊ ကျုပ်က စေတနာနဲ့ သတိပေးရတာပါ'

ကျန်ဖုန်းရွှေက...

'ကျွန်တော်တို့ ဒီအထိလာခဲ့ပြီးမှတော့ လက်လျှော့ဖို့ဆိုတာ လွယ်လွယ်နဲ့ မဖြစ်နိုင်ပါဘူး၊ ဘယ်လိုအန္တရာယ်ဆိုတာ ပြောပြမယ်ဆိုရင်တော့ စဉ်းစားနိုင်ပါတယ်'

အဘိုးအိုက ကျန်ဖုန်းရွှေတို့လူစုကို တစ်ချက် ကြည့်လိုက်ပြီးမှ—

'မင်းတို့ ဘာကိစ္စနဲ့လာတယ်ဆိုတာ ကျုပ်ကို အရင်ပြောပြပါ'

ကျန်ဖုန်းရွှေက စမ်ကျောင်းဘက် လှည့်လိုက်၏။

စမ်ကျောင်းက—

'စောစောက ကျွန်တော် ပြောခဲ့ပါတယ်'

အဘိုးအိုက—

'မင်းတို့ဟာ ဂူးစန် ဟိုကို ရှာဖို့များ ရောက်လာကြတာလား'

ဝမ်ကျောင်း မျက်လုံးများ ဝင်းလက် သောက်ပသွား၏။

'ဂူးစန်းဟို ဟုတ်လား၊ အဘိုးက ဂူးစန်းဟိုမြို့ကို သိလို့လား'

အဘိုးအိုက ခေါင်းခါပြီး—

'မသိဘူး၊ သိရင်လဲ ကျုပ်က ပြောပြမှာ မဟုတ်ဘူး'

ဝမ်ကျောင်းက—

'အဘိုးပြောပြဖို့ စိတ်မရှင်းလဲ မှမေးတော့ပါဘူးခင်ဗျာ၊ စမ်းချောင်းရဲ့ဟိုဘက်မှာ ဘယ်လို အန္တရာယ်တွေရှိသလဲ ဆိုတာသာ ပြောပြပါလို့ တောင်းပန်ပါတယ်'

အဘိုးအိုက—

'အင်း—မင်းတို့က တော်ရုံနဲ့ နောက်ဆုတ်ကြမယ့်ပုံ မရှိပါလား'



'ဟုတ်ကဲ့၊ ကျွန်တော်တို့ ဒီခရီးကို စွန့်စားပြီး ထွက်လာကြတာပါ၊ ဘယ်လို အန္တရာယ်မျိုးကိုမဆို ရင်ဆိုင်ဖို့လဲ ဆုံးဖြတ်ထားကြပါတယ်'

အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'လောဘများ တယ်လဲ ကြောက်စရာကောင်းပါလား၊ ကျုပ်က သတိပေးပြီးပြီ၊ မင်းတို့ နားမထောင်တာတော့ ကုသိုလ်ပဲပေါ့'

ဟု ရေရွတ်လိုက်ပြီး ပြန်လှည့်ရန် ဟန်ပြင်လိုက်၏။

ကျန်ဖုန်းရွှေက ဟန့်တားလိုက်သည်။

'အဘိုး နေပါဦး'

အဘိုးအိုက နောက်ပြန်လှည့်၏။

ကျန်ဖုန်းရွှေက....

'ညက ကျွန်တော်တို့လူစုစခန်းချနေတုန်း ရောက်လာတဲ့လူဟာ အဘိုးလားဆိုတာ သိချင်လို့ပါ'

အဘိုးအို မျက်မှောင်ကုတ်သွား၏။

သူ၏မျက်နှာပေါ်တွင် စိုးရိမ်သောအမူအရာများ အဘင်းသားပေါ်လာ၏။

ခဏနေမှ အတိုးအိုက ခေါင်းခါလိုက်ပြီး–

'ကျုပ် မဟုတ်ဘူး၊ မင်းတို့အတွက် အန္တရာယ်ရှိနေပြီ၊ ကျုပ်စကားနားထောင်ပါ၊ လောဘဟာ လူ့အသက်ကို သေစေတယ်ကွယ်၊ ကဲ–ကျုပ်သွားပြီ'

အတိုးအိုသည် စကားဆုံးသည်နှင့် လာခဲ့သော လမ်းလေးထံသို့ပင် မြန်လည်ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

အတိုးအို ပျောက်ကွယ်သွားပြီဖြစ်သည်။ ဝမ်ကျောင်းတို့လူစုက နေရာတွင်ပင် ရပ်နေကြသဲ ဖြစ်သည်။



ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေရာ စမ်းချောင်းစီးသံကိုပင် ကြားနေရသည်။

ထိုအခိုက် သိုင်းသမားတစ်ယောက်က တိတ်ဆိတ်မှုကို တောင် ဖြိုခွဲလိုက်သည်။

'ဆရာ–ဒီအတိုးအိုဟာ ဝူစန်းဟိုမြို့ပျက် ဘယ်မှာရှိတယ်ဆိုတာကို သိထားပုံရတယ်'

ကျန်ဖုန်းရွှေက–

'သူ မသိဘူး၊ သိလဲ မပြောဘူးလို့ ပြောသွားခဲ့တယ်'

'သူ့ကို စစ်ဆေးရင်–'

ကျန်ဖုန်းရွှေက ခေါင်းခါလိုက်သည်။

'သူက ကျုပ်တို့ကို မိတ်ဆွေအဖြစ် စေတနာနဲ့ လာပြောတယ်၊ ကျုပ်တို့က သူ့ကို စစ်ဆေးမေးမြန်းဖို့ဆိုတာ မဖြစ်နိုင်ဘူး'

'သူဟာ ရန်သူ့ဘက်သားလော မဖြစ်နိုင်ဘူးလား'

ဝမ်ကျောင်းက ဝင်ပြောသည်။

'မဖြစ်နိုင်ဘူး၊ ဒီအတိုးအိုဟာ တရားကျင့်ကြံအားထုတ်နေတဲ့ သူတော်စင်တစ်ယောက်လို ကျုပ်ယုံကြည်ပါတယ်'

ကျန်ဖုန်းရွှေက....

'ဟုတ်တယ်၊ သူ့ရဲ့သတိပေးမှုကို ကျုပ်တို့အနေနဲ့ အလေး အနက်ထား စဉ်းစားရမယ်'

ဝမ်ကျောင်းက အသံမြှင့်လိုက်ပြီး—

'စမ်းချောင်းရဲ့တစ်ဘက်မှာ ရန်သူရှိတယ်၊ အန္တရာယ် အလွန်များတယ်ဆိုတာ အားလုံးသိကြပြီ၊ ကျုပ်ကတော့ မုယုံရဲ့ ဆန္ဒအတိုင်း ဝူစန်းဟိုမြို့ပျက်ကို ရအောင်ရှာမယ်၊ ခင်ဗျားတို့အထဲက မလိုက်လိုတော့ရင် ဒီနေရာကနေ လှည့်ပြီ ပြန်နိုင်ပါတယ်'

ဟု ပြောလိုက်သည်။

ဝမ်ကျောင်း၏စကားဆုံးသည်နှင့် ရှောင်လန်းက ဝင်ပြော လိုက်သည်။

'ဒီခရီးဟာ ကျွန်တော်က စတင်တဲ့ခရီးပါ၊ ဝူစန်းဟို ပျက်ဟာ အရှေ့ဘက်မှာရှိတယ်ဆိုတာ သေချာသလော ရှိနေပါပြီ၊ ဒါကြောင့် ဘယ်လိုအန္တရာယ်ပဲရှိပါစေ၊ ကျွ တော် ဆက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်'

ကျန်ဖုန်းရွှေက ...



'ကျုပ်က မင်းတို့နှစ်ယောက်ရဲ့ လုံခြုံရေးကို တာဝန်ယူ ခဲ့တာပါ၊ ကျုပ်တို့လဲလိုက်မယ်၊ ကဲ—ငါ့လူတို့ မင်းတို့အထဲ မလိုက်ချင်တော့ရင် ဒီနေရာက လှည့်ပြန်ခွင့် ကျုပ်ပေးပါ ယ်၊ တကယ်လို့ ဆက်ပြီးလိုက်မယ်ဆိုရင် - မင်းတို့အားလုံး င်းသာကြွယ်ဝတဲ့လူတွေ ဖြစ်စေမယ်လို့ ကျုပ် ပြောရဲပါ ယ်'

သူ၏ ငယ်သားများက တစ်ယောက်ပြီးတစ်ယောက် ရှေ့ ခရီးကို မကြောက်မရွံ့ ဆက်သွားကြမည် ဖြစ်ကြောင်း ပြောလာကြလေသည်။

သူ၏မျက်နှာ ဝင်းလက်သွားလေသည်။

'ဒါမှ ငါ့လူတွေကွ'

ဝမ်ကျောင်းက နီစွမ်ဘက်လှည့်လိုက်ပြီး....

'ဒီမှာ ဦး၊ ကျွန်တော်တို့ဟာ ဝူစခန်းမြို့ပျက်ကို ရှာဖွေ ဖို့ ရောက်ရှိလာကြတာပါ၊ ဒီအကြောင်းကို ဦးကို ဖွင့် မပြောတဲ့ လျှို့ဝှက်ထားခဲ့တာ ခွင့်လွှတ်စေချင်ပါတယ်'

ဟု တောင်းပန်လိုက်သည်။

နီစွမ်းက ခွင့်လွှတ်သော အပြုံးတစ်ချက် ပြုံးဖြလိုက်ပြီး....

'ရပါတယ်၊ မင်းတို့ ထိုက်တန်စန်းတောင်တန်းပေါ်တ[illegible] လာကတည်းက တစ်စုံတစ်ခုကို ရှာဖွေဖို့ဆိုတာ ကျုပ် သိပါတယ်'

ဝမ်ကျောင်းက ...

'အခု ကျွန်တော်တို့ရှာနေတဲ့ နေရာရဲ့ သဲလွန်စကို ရ[illegible] ပြီ၊ ဒီနေရာကိုသွားဖို့ကလဲ အလွန်ကို အသက်အန္တရာယ်[illegible] တယ်ဆိုတာ ဦးလဲ သိပြီးတော်ပါတယ်၊ ဒါကြောင့်-'

သူ၏ စကားမဆုံးမီ နီစွမ်က လက်ကာပြလိုက်သည်။

'နေဦး၊ စွန်းကိုမြို့ပျက်ကို မင်းတို့ ဘာကြောင့် ရှာ[illegible] တာလဲဆိုတာ ကျုပ်ကို အရင်ပြောပါ'

ဝမ်ကျောင်းက ...

'ရတနာကြောင့်ပါပဲ'

နီစွမ်က သဘောကျစွာ ပြုံးလိုက်ပြီး ...

'ကျုပ် ဆက်တိုက်မယ်ဆိုရင် ကျုပ်အတွက် ဝေစုရမှာ[illegible]'

ဝမ်ကျောင်းက...

'ကျွန်တော်တို့ ရည်ရွယ်ချက်က ရတနာတွေရှာဖွေ[illegible] ဒုက္ခသည်တွေအတွက် အသုံးပြုဖို့ပါ၊ ဒါပေမကို ကျွန်တော် တို့ကို ကူညီတဲ့လူတွေကိုလဲ ခွဲဝေပေးဖို့ ဆုံးဖြတ်ထားပါတယ်'

နီစွမ်က သူ၏ လက်ဝါးတစ်ဖက်ကို ထောင်လိုက်ပြီး...

'ကျုပ်က မုဆိုးတစ်ယောက်ပါ၊ အသက်အန္တရာယ်နဲ့[illegible] အကြိမ်ပေါင်းမရေနိုင်လောက်အောင် ကျုပ် ကြုံတွေ့ခဲ့ပြီး[illegible] တယ်၊ ဒီခရီးကို ကျုပ်က ဆက်လိုက်မှာပါပဲ'



ဝမ်ကျောင်းက နီစွမ်၏ လက်ဝါးကို သူ၏ လက်ဝါးဖြင့် ရိုက်လိုက်သည်။

'ဝိမ်လိုက်'

သူတို့လူစုကား နောက်လှည့်ပြန်မည့်သူ တစ်ဦးတစ်ယောက် မရှိပါချေ။

ထို့ကြောင့်လည်း သူတို့လူစုသည် စမ်းကျောင်းလေး [illegible] ဖြတ်ကျော်ကာ [illegible] ကူးသွားကြလေတော့ သည်။

ရှေ့တွင် မည်သို့သော အန္တရာယ်များရှိပါမည်နည်း။ မည်သို့သော အန္တရာယ်ရှိစေကာမူ သူတို့လူစုက [illegible] ကြောက် [illegible]သော စိတ်ထားဖြင့် ရှေ့သို့ ခရီးဆက်သွားကြပြီ ဖြစ် သည်။

အန္တရာယ်ကို ရင်ဆိုင်ဝံ့ သူတို့သည် ထိုအန္တရာယ်များကို ကျော်ဖြတ်နိုင်ကြပါမည်လော။

* * *

သွား ပါများ ခရီးရောက်ဆိုသည့်အတိုင်းပင် ဝမ်ကျောင်း တို့ လူစုသည် နွားနီမဟာခင်သို့ ရောက်ရှိလာကြသည်။

ဝမ်ကျောင်းက နွားနီတောင်ခြေတွင် စခန်းချရန် သင့် လျော်သော နေရာတစ်ခုကို ရှာဖွေလိုက်၏။

သူက —

'ရန်သူကိုပါ ခုခံနိုင်တဲ့ နေရာမျိုးရွေးချယ်ရမယ်'

သူသည် ထိုတောင်ခြေရှိ အကာအကွယ်ကောင်းသော နေရာတစ်ခုကို ရွေး ချယ်လိုက်သည်။

ထို့နောက် ယာယီတဲများထိုးကာ စခန်းချလိုက်သည် ပြီးမှ ဝမ်ကျောင်း၊ ရွှောင်လန်း၊ နီစွမ်တို့နှင့် တိုင် လိုက်လေသည်။

'ဝူစန်းကိုမြို့ပျက်ဟာ ဒီနေရာကို ဗဟိုပြုပြီး ငါးမိုင်အတွ မှာ ရှိတယ်၊ ကျုပ်တို့ တစ်ပိုင်းတစ်စကို သေသေချာချာ ဖြစ်မယ်'

ဝမ်ကျောင်းက—

'ဟုတ်တယ်၊ ကျုပ်အခုနေ့ ဟောဟို လူသွားလမ်းက ရှိတဲ့ဘက်ကို အရင်ဆုံး ရှာဖွေချင်တယ်'

နီစွမ်က....



'လူသွားလမ်းရှိတဲ့အတွက် လူရှိတယ်၊ ဒီလူတွေဟာ ဝူစန်းကိုမြို့ပျက်မှာနေတဲ့လူတွေလဲ ဖြစ်နိုင်တယ်'

'ဦး ပြောတာ နည်းလမ်းကျပါတယ်၊ ဒါကြောင့် ကျွန်တော်က အဲဒီဘက်လမ်းကို အရင်ရှာဖို့ စိတ်ကူးတာပါ'

သူက....

'ကောင်းပြီလေ၊ ရှာကြတာပေါ့၊ ဒါပေမယ့် ကျုပ်တို့ အထူးသတိထားဖို့တော့ လိုအပ်မယ်၊ ပထမ စီစဉ်ထားတဲ့အတိုင်း လူစုခွဲပြီး ရှာဖို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူး'

နီစွမ်က ...

'အင်းလေ.... ရန်သူရှိနေတယ်ဆိုတာ သိထားမှတော့ ကျုပ်တို့အားလုံးတစ်စုတစ်ဝေးတည်းရှိကြမှ ဖြစ်မယ်'

ထိုစဉ်မှာပင် အစောင့်ချထားသော သိုင်းသမားတစ်မှ အချက်ပေးသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ရှီး—'

သူ၏ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားသည်။

ထိုစဉ် သိုင်းသမားတစ်ဦးက သူ၏အနားသို့ ရောက်ရှိလာ၏။

သူက—

'ဘာတဲ့လဲ'

သိုင်းသမားက....

'လူသုံးယောက်ဒီဘက်ကိုလာနေတယ်'

ဟု အစင်းပို့လိုက်သည်။

သူက

'အားလုံး အသင့်ရှိပါစေ'

ဟု သတိပေးလိုက်ပြီး သိုင်းသမားနှင့် လိုက်ပါသွား၏။

ရှောင်လန်း၏ရင်များ တဆတ်ဆတ်ခုန်နေသည်။

ဝူစန်းဟိုမြို့သို့ မရောက်မီပင် အန္တရာယ်ပေးမည့်သူများ ရောက်လာပြီလော။

သူသည် လမ်းဘက်သို့ လှမ်းကြည့်လိုက်သည်။

အဝေးမှ ရွှေ့လျားလာနေသော လူရိပ်များကို တွေ့မြင်လိုက်ရသည်။



'ဘယ်သူတွေလဲ မသိဘူး'

ဝမ်ကျောင်းက....

'ဒီလူတွေဟာ မြောင်းလာပုံဆောက်ရင် ပြဿနာတော့ ရှိဦးမယ် မထင်ဘူး၊ ကဲ... လာ...သွားကြည့်ကြစို့'

သူတို့နှစ်ယောက်သည် သူ့ထံ လျှောက်သွားလိုက်ကြ၏။ သူသည် သိုင်းသမားနှစ်ဦးနှင့်အတူ သူတို့ထံသာနေသူများကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

နီစွမ်းက လေးကိုအသင့်ပြင်ထားသည်။

ကျန် သိုင်းသမားများကလည်း တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေသည်။

ထိုစဉ် လာနေသောလူများရုပ်သွင် တဖြည်းဖြည်းပီပြင်လာသည်။

လူသုံးယောက်ဖြစ်သည်။

သူတို့သည် ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားသည်။ ဆံပင်များကို အာလယ်တစ်ခုဖြင့် စည်းနှောင်ထား၏။

ဖိုနပ်တစ်ဦးမျှ စီးထားပါ။

လက်တွင် သစ်သားကိုင် များတပ်ဆင်ထားသော လှံရှည် တစ်လက်စီ ပါရှိလာသည်ကို တွေ့ရသည်။

ထိုလူသုံးယောက်စလုံး၏ ခန္ဓာကိုယ်များက ကြံ့ခိုင်လှပေသည်။

သူတို့၏ လမ်းလျှောက်လာမှုကား အတော်ပင် လျင်မြန်လှ၏။

မကြာမီ သူတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိလာကြလေသည်။

သူက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး….

'ဘာကိစ္စများ ရှိပါသလဲ'

ဟု ယဉ်ယဉ်ကျေးကျေးပင် မေးလိုက်သည်။

ထိုလူသုံးယောက်က သူတို့လူစုအား ဝေ့စိုက်ကြည့်ရှုလိုက်ပြီး….

'ခင်ဗျားတို့ ဘယ်သူတွေလဲ'

ဟု အမေးကို မဖြေဘဲ ပြန်မေးလိုက်သည်။

သူက



'ကျုပ်တို့ ပြည်မကလူတွေပါ'

'ဘာကိစ္စနဲ့ လာတာလဲ'

'ကျုပ်တို့က တိုက်ဟန်စင်းတောင်ပေါ် လေ့လာဖို့ ရောက်လာကြတာ ဖြစ်ပါတယ်၊ မိတ်ဆွေတို့တကော ဘယ်ကလဲ'

ထိုလူကား အမေးကို မဖြေပါ။

ဆက်တိုက်ပင် မေးနေ၏။

'ခင်ဗျားတို့ ဘာကို လေ့လာမှာလဲ'

ကျန်ဖုန်းရွှေက—

'ရှားပါးတဲ့အရာတွေ လေ့လာနေတာပါ'

ထိုလူက….

'အကောင်းဆုံးက ခင်ဗျားတို့ ဒီကပြန်လှည့်သွားပါ'

သူ့အသံက ပြတ်သားသည်။

ကျန်းဖုန်းရွှေ မျက်မှောင်ကြုတ်ပြီး….

'ဗျာ….ကျုပ်တို့ ဒီက ပြန်လှည့်ရမယ် ဟုတ်လား'

'ဟုတ်တယ်'

ဝမ်ကျောင်းက ဝင်မေးသည်။

'ကျုပ်တို့က ဘာကြောင့် ဒီက ပြန်လှည့်သွားရမှာလဲ'

ထိုလူက ...

'နွားနီတောင်ကို ဘယ်လူစိမ်းမှ အဝင်မခံပါဘူး၊ ဒါကြောင့် ခင်ဗျားတို့ အခုချက်ချင်း ဒီက ထွက်သွားပါ'

ဝမ်ကျောင်းတ....

'ကျုပ်တို့က ဒီကို ဒုက္ခပေးဖို့ရောက်လာတာ မဟုတ်ပါဘူး'

'ဘာကြောင့်ပဲလာလာ အခုချက်ချင်း ပြန်ထွက်မသွားရင် ခင်ဗျားတို့ရဲ့ ကံကြမ္မာတွေက အလွန်ဆိုးရွားသွားလိမ့်မယ်'

ထိုလူက အေးစက်စက် ပြောလိုက်၏။

ဝမ်ကျောင်းက ပြုံးပြီး....

'ဘာကြောင့် ကျုပ်တို့ကို ရန်သူလို သဘောထားချင်ရတာလဲ၊ ကျုပ်တို့အနေနဲ့ ခင်ဗျားတို့နဲ့ မိတ်ဆွေဖွဲ့ချင်ပါတယ်ဗျာ'

ဟု ချိုသာစွာ ပြောလိုက်၏။

ထိုလူက လှံချွန်ကို တစ်ချက်ဆောင့်ပြီး....

'ခင်ဗျားတို့ ထွက်သွားမလား မသွားဘူးလား'

ဟု ငေါက်လိုက်သည်။



ကျန်ဖုန် ရှေ့က ခေါင်းခါပြီး....

'မသွားနိုင်ဘူး'

ထိုလူ၏ မျက်နှာက ကြောက်စရာကောင်းလောက်အောင် တင်းမာနေသည်။

'ကောင်းပြီ၊ ခင်ဗျားတို့ သတိထားကြ'

ဟု ကြုံးဝါးလိုက်၏။

ထို့နောက် သူသည် ချာခနဲ နောက်လှည့်ကာ ပြေးထွက်သွားသည်။

ကျန်အဖော် နှစ်ဦးကလည်း သူတို့ကို စူဝါးစွာ ကြည့်ပြီး လှည့်ပြေးသွားကြလေတော့သည်။

*

ကျန်ဖုန်းရှေ့ ပခုံးတွန့်ပြီး....

'ကျုပ်တို့တော့ ရန်သူကို ဖိတ်ခေါ်လိုက်မိပြီ'

ဝမ်ကျောင်း သက်ပြင်းချ၍...

'ဘယ်တတ်နိုင်မလဲ၊ သူတို့က ရန်လိုနေကြတာပဲ၊ ကျုပ်တို့နဲ့ မိတ်ဆွေမဖြစ်ချင်ကြဘူး'

နိစ္စမ်ကာ—

'ဒါက အရေးမကြီးဘူး၊ သူတို့အင်အား ဘယ်လောက်ရှိမယ်ဆိုတာ ကိုယ်က ခန့်မှန်းနိုင်တာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့ ဒီနေ့ရာက အမြန်ဆုံး ရွှေ့ကြရမယ်'

ကျန်းဖုန်းရွှေ ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ကျုပ်တို့ စိတ်မချရတော့ဘူး၊ သူတို့တွေကို တတ်နိုင်သမျှ ရှောင်တိမ်းပြီး ဝူစန်းဟိုမြို့ပျက်ကိုရောက်အောင် သွားကြမယ်'

သူတို့သည် ချက်ချင်းပင် ပစ္စည်းများကို သိမ်းဆည်းလိုက်သည်။

ထို့နောက် သူတို့လူစုသည် တောအုပ်အတွင်းသို့ တိုးဝင်သွားကြလေတော့သည်။

* * *



'ဝူး ဟူး ဟူး'

'ဟာ'

'အားလုံးသတိပေး'

အသံများ ထွက်ပေါ်လာသည်။

သစ်ပင်များကြားမှ လူငါးဆယ်ခန့်သည် လက်နက်ကိုယ်စီဖြင့် တချကြိမ် ပြေး ထွက်လာကြသည်။

ထို့နောက် နွားနီတောင်ရှေ့ရှိ ယာယီတဲငယ်များဆီသို့ တစ်ဟုန်ထိုး ပြေး ဝင်သွားကြသည်။

သို့ရာတွင် ထိုတဲငယ်များထဲ မည်သူမျှ မရှိတော့ပါ။

'တောက်'

ခေါင်းဆောင်က မကျေမနပ်နှင့် တက်ခေါက်၏။

ခေါင်းဆောင်က အလွန်ထွားကြိုင်း၏။

မျက်နှာတွင် ရောင်စုံ ဆေးခြယ်သထားသည်၊

ဆံပင်ရှည်ကို ဖားလျားချထားသည်။

သူ့လက်ထဲတွင်မူ နှစ်ဖက်သွား ဓားရှည် တစ်လက်ကို ကိုင်ဆောင်ထားသည်။

နေရောင်အောက်ဝယ် ဓားရောင်က ဝင်းလက်နေ၏၊

သူသည် ဝမ်ကျောင်းဟိုလူ့ကို မတွေ့ရသည့်အတွက် ဒေါသထွက်နေရသည်။

'ဒီကောင်တွေ ပြေးပြီ'

'ဟေ့–ဟိုဘက်ကမ်းကို သွားကြည့်ကြစမ်း၊ သူတို့ထွက်သွားရင်သွား၊ မသွားရင်တော့ လိုက်ရှာပြီး သတ်ပစ်ရမယ်'

လူတစ်စုက ချက်ချင်းပင် စမ်းချောင်းဘက်သို့ ပြေးလွှားသွားသည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ထွက်သွားသော လူစုမှာ ပြန်လည်ရောက်ရှိလာသည်။

'ဟေ့....ဘယ်လိုလဲ'

ထိုလူစုက ခေါင်းဆောင်ကို အရိုအသေပြု၍–

'သူတို့ ပြန်ထွက်သွားတာ မတွေ့ရပါဘူး'

ခေါင်းဆောင်၏မျက်နှာ တင်းမာသွား၏။

'ဒါဆို ဒီကောင်တွေ အထဲဝင်လာပြီ၊ သူတို့ကို တွေ့တဲ့နေရာ အရှင်မထားနဲ့'



ဟု အမိန့်ပေး၏။

ထိုလူစုက–

'ဟုတ်ကဲ့ သခင်ကြီး'

လူစုများသည် တစ်ခုစီခွဲကာ တောတွင်း ပြေးဝင်သွားကြ၏။

ခေါင်းဆောင်နှင့် အဖွဲ့သည်လည်း တောလမ်းအတိုင်း လျင်မြန်စွာပင် ဝင်ရောက် ပျောက်ကွယ် သွားလေတော့သည်။

* * *

ကျန်ဖွန်းရွှေက သက်ပြင်းချလိုက်၏။

ကျုပ်တို့ကို လိုက်ရှာနေပြီ။

ဝမ်ကျောင်းက–

'ဟုတ်တယ်'

သူတို့သည် ထွက်သွားရန် စိတ်ကူးပြီးမှ မသွားဘဲ နွားနို့ဆောင်ပေါ် သို့တက်ကာ အခြေအနေစောင့်ကြည့်နေကြခြင်းဖြစ်၏။

ယခု သူတို့တွက်ကိန်းမှန်ကန်သွား၏။

ထိုလူစုသည် သူတို့အားတိုက်ခိုက်ရန် ရောက်ရှိလာကြ၏။ တစ်ဖန် တောနင်းရှာဖွေနေကြချေပြီ။

ရှောင်လန်းက...

'သူတို့ ကျွန်တော်တို့ကို ရှာနေပြီ၊ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ဝူစန်းဟိုမြို့ပျက်ကို ရှာကြမလဲ'

ဟု ပူပန်စွာ မေး၏။

အားလုံးငိုင်ကျသွားကြ၏။

ရှောင်လန်းမေးသည်မှာ မှန်၏။

ထိုလူစုက သူတို့ကို ရှာဖွေနေသည်။

ထိုလူစုံအား ရှောင်ကွင်း၍ ဝူစန်းဟိုမြို့ပျက်ကို ရှာဖွေရန်ကား အလွန်ပင်ခဲယဉ်းလှပေသည်။



ဝူးစန်းဟိုမြို့ပျက်က ဘယ်ဆီမှန်းသူတို့မသိပါ။ တောင်အနှံ့ ရှာဖွေရဦးမည်။

အခြေအနေကား အလွန်ပင် အကျဉ်းအကြပ် ဖြစ်လာခဲ့ချေပြီ။

ကျန်ဖုန်းရွှေက အံကြိတ်လိုက်၏။

'ဒီလူစု အစ်အားများပေမယ့် ကျုပ် လုံးဝ မကြောက်ပါဘူး'

ဝမ်ကျောင်းက....

'ဒီလူစုခေါင်းဆောင်ရဲ့ စကားသံက ကျန်တဲ့လူတွေကိုဆဲတူး၊ ပြည်မလေသံပေါက်တယ်ဗျ'

ကျန်ဖုန်းရွှေက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ကျုပ်လဲသတိပြုမိတယ်၊ ပြည်မက လူတစ်ဦးဦးက ဒီမှာလာအခြေချကျို့ ဝှက်နေထိုင်တာလားလို့လဲကျုပ်သံသယဖြစ်မိတယ်'

ဝမ်ကျောင်းက....

'ကဲ....ကျုပ်တို့ အခုဘာဆက်လုပ်ကြမလဲ'

ကျန်ဖုန်းရွှေက ပခုံးတွန့်လိုက်ပြီး....

'ခု လောလောဆယ်တော့ ဘာလုပ်ရမှန်းကို မသိသေးဘူး၊ တောထဲမှာသူတို့တွေ ခြေချင်းလိမ်နေကြမှာပဲ၊ ကျုပ်တို့ ဒီတစ်ရက်နှစ်ရက်တော့ ခြေရာဖျောက်ထားဦးမှဖြစ်မယ် နိုစွမ်းက...

'ဟုတ်တယ် အခကောင်းဆုံးကတော့ သူတို့ကို ခြေရာဖျောက်ပြီး နေတာအကောင်းဆုံးပဲ၊ ဒီအတွင်းမှာ တယ်ဆို ရှာဖွေကြမယ်ဆိုတာ တိုင်ပင်ကြတာပေါ့'

ဝမ်ကျောင် က ခေါင်းညိတ်၏။

'ကောင်းပြီလေ ဒီအတိုင်း သဘောတူရမှာပေါ့'

သူတို့သည် နွားနီတောင်ပေါ်တွင်သာ နာ နေလိုက်ကြတော့သည်။



ည—

လပြည့်ဝန်းက ကောင်း ကင်တွင် လှပစွာရှိနေ၏။

လရောင်သည် ပတ်ဝန်းကျင်ကို လွှမ်းခြုံထား၏။

ညဉ့်ကား နက်လှပြီဖြစ်သည်။

ရှောင်လန်းသည် အိပ်ယာမှ နိုးလာ၏။

သူ၏ နားထဲတွင် ခေါ်သံလို ကြားမိ၏။

သူဆတ်ခနဲ ထလိုက်၏။

နားထဲတွင် ခေါ်သံက ပို၍ပီပြင်လာသလိုရှိ၏။

ရှောင်လန်းက ပတ်ဝန်းကျင်အား ကြည့်လိုက်၏။

အားလုံး အိပ်မောကျနေ၏။

အစောင့် သိုင်းသမားများလည်း အိပ်ပျော်နေသည်ကို တွေ့ရ၏။

ရှောင်လန်း ထရပ်လိုက်ပြီး တောင်အောက်သို့ လှမ်းကြည့်လိုက်၏။

လရောင်အောက်ဝယ် အဖြူရောင် အရိပ်တစ်ရိပ်ကို တွေ့လိုက်ရ၏။

ရှောင်လန်း မျက်မှောင်ကုပ်သွား၏။

သူက သေသေချာချာကြည့်လိုက်၏။

လပြည့်ညမို့ လရောင်က ထိန်ထိန်သာနေ၏။
လရောင်အောက်ဝယ် မိန်းကလေး တစ်ယောက်က သူ့အားလှမ်း၍ လက်ရပ်ခေါ်နေသည်ကို တွေ့မြင် လိုက်ရသည်။
ရှောင်လန်း မျက်လုံးပြူးသွား၏။
သူ့အား ခေါ်နေသော မိန်းကလေး၏ ရုပ်သွင်ကို သူကောင်းစွာ မတွေ့ရပါ။
သို့သော် သူ၏အိပ်မက်ထဲမှ မိန်းကလေးနှင့်တူသည်ကို သူကောင်းစွာ သတိပြုမိလေသည်။
ရှောင်လန်းက ဝမ်ကျောင်းအား နှိုးလိုက်၏။
ဝမ်ကျောင်းကား အိပ်မောကျနေ၏။
မည်သို့မျှ နှိုးမရပါ။
ထို့ကြောင့် သူကဆက်မနှိုးတော့ပါ။
ဓားတစ်လက်ကို ခါးတွင်ချိတ်ဆွဲလိုက်ပြီးနောက် တေ... ပေါ်မှဆင်းလာခဲ့လေသည်။

*

*



လရောင်သည် ထိန်ထိန်သာနေ၏။

လရောင်အောက်ဝယ် မိန်းကလေးက ပြုံး၍ရပ်နေ၏။
ရှောင်လန်း ရှိတ်ထိတ်သွား၏။

သူ့၏အိပ်မက်ထဲမှ မိန်းကလေးဖြစ်ပါသည်။

မိန်းကလေးက လှပလွန်း၏။

နတ်သမီးတစ်ပါးဟုပင် တင်စားချမည်ထင်၏။

ရှောင်လန်းတစ်သက်တွင် ဤမျှ လှပချောမောသော မိန်းကလေးကို မတွေ့ခဲ့ဘူးပါ။

မိန်းကလေးက....

'ကျွန်မ ရှင့်ကိုစောင့်နေတာကြာပြီ၊ ရှင် အခု ရောက်လာပြီပေါ့၊ ကျွန်မ ဝမ်းသာလိုက်တာ'

သူ ဘာမှ မပြောဖြစ်ပါ။

မိန်းကလေးကို ငေးကြည့်နေ၏။

သူမက....

'ကဲ—သွားရအောင်'

ဟုခေါ်၏။

ရွှေဝါလန်း သတိဝင်လပြီး—

'ဘယ်သွားမှာလဲ'

သူမက—

'မကောင်းဆိုးဝါးတွေကို ရှင်က မောင်းထုတ်ပေးမယ် မဟုတ်လား'

ရွှေဝါလန်းက....

'မကောင်းဆိုးဝါး၊ ဟုတ်လား'

'ဟုတ်တယ်၊ မကောင်းဆိုးဝါးတွေလေ၊ သူတို့ကိုမောင်းထုတ်ဖို့ ကျွန်မ ရှင့်ကိုစောင့်နေတာ ကြာပြီ'

ရွှေဝါလန်းက သက်ပြင်းချလိုက်ပြီး....

'ကျုပ်က....ကျုပ်က....'

သူမက....

'ရှင်တစ်ယောက်တည်းနဲ့မကောင်းဆိုးဝါးတွေကို မောင်းမထုတ်နိုင်တာ ကျွန်မသိပါတယ်'

'ကျုပ်....ကျုပ်က ဘာလုပ်ရမှာလဲ'

'အခု ရှင် ကျွန်မနဲ့လိုက်ခဲ့'



'ကျုပ် ဘယ်လိုက်ရမှာလဲ'

သူမက အသံလွင်လွင်လေးဖြင့်ရယ်၏။

သူမ၏ရယ်သံသည် စမ်းရေစီးသံနှယ်သာယာလှ၏။

သူမက....

'ရှင်နဲ့ကျွန်မ အလင်းခေါ်သွားယူကြမယ်'

ရွှေဝါလန်းမျက်မှောင်ကုတ်သွားပြီး....

'အလင်းခေါ်... ဟုတ်လား'

'ဟုတ်တယ်... အလင်းခေါ်၊ သူတို့က အလင်းခေါ်ကို ကြောက်ကြတယ်၊ အလင်းခေါ်ကိုသာ ရခဲ့ရင် သူတို့ကို ရှင် အလွယ်တကူ မောင်းထုတ်နိုင်မှာပဲ'

ရွှေဝါလန်း တွေဝေနေ၏။

သူမက....

'ရှင် ကူညီမယ် မဟုတ်လားဟင်'

ရွှေဝါလန်း ဘာပြောရမှန်းမသိဖြစ်နေ၏။

သူမ၏ ပြုံးနေသော မျက်နှာသည် ချက်ခြင်းပင် ငိုမဲ့မဲ့ ဖြစ်သွား၏။

'ရှင်က ကူညီမယ် မဟုတ်လား၊ ကျွန်မမှာ ရှင့်အကူအညီကို မျှော်လင့်နေတာ ကြာပါပြီ၊ ရှင် မကူညီရင် ကျွန်မတို့ တွေအားလုံး ဒုက္ခတွင်းထဲက ထွက်နိုင်မှာ မဟုတ်ပါဘူး'

သူမသည် ပြောရင်း ငိုသံပါလာ၏။

ရှောင်လန်း ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

'မငိုပါနဲ့ဗျာ'

'ဒါဆို ရှင်က ကူညီမှာလား'

ရှောင်လန်း ခေါင်းညိတ်လိုက်၏။

'ကူညီပါ့မယ်၊ ကျုပ်က ဘယ်လိုကူညီရမှာလဲ'

သူမက ...

'လွယ်ပါတယ်၊ အလင်းခဲကို အရင်ဆုံးသွားယူရမယ်၊ အလင်းခဲကိုသာရရင် သူတို့ဟာ ရှင့်ကို ကြောက်ရွံ့ကြမှာပဲ'

ရှောင်လန်းက သက်ပြင်းချလိုက်၏။

'ကောင်းပြီလေ၊ ကျုပ်အလင်းခဲကို သွားယူပါ့မယ်၊ အလင်းခဲက ဘယ်မှာလဲ၊ ပြောပါ'



သူမက....

'အလင်းခဲရှိတဲ့နေရာ ကျွန်မ လိုက်ပြပါ့မယ်ရှင်'

ရှောင်လန်းက....

'ဒါဖြင့် သွားကြစို့'

လင်းဝေ
အမှတ် ၁၅/၁၃၈၊ ... 
ရုန်း ၂၁၃၄၄

သူမက....

'နေဦးရှင့်'

'မင်း ဘာပြောဖို့ကျန်သေးသလဲ'

'အလင်းခဲကို သွားယူတဲ့နေရာမှာတော့ အခက်အခဲ အန္တရာယ်တွေရှိတယ်၊ ရှင် စွန့်စားရဲရမယ်'

ရှောင်လန်းက....

'ကျုပ်က အန္တရာယ်တွေ အခက်အခဲတွေ မကြောက်လို့သာ ဒီအထိ ရောက်လာတာပေါ့'

သူမမျက်နှာ ချက်ချင်းပင် ပြုံးရွှင်သွား၏။

'ကျေးဇူးတင်ပါတယ်ရှင်'

ရှောင်လန်းက....

'ကဲ....ဒါဆိုလဲ သွားကြစို့၊ တို့လူစုရောက်လာရင် ဒုက္ခများနေကြဦးမယ်'

သူမ မျက်လုံးပြူးသွား၏။

'ဟိုလူစုံကို ရှင် တွေ့ပြီးပြီ ဟုတ်လား'

ရှောင်လန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူတို့က ကျုပ်တို့ကိုတိုက်ခိုက်ဖို့ တောနင်းရှာနေကြတယ်'

'ဒုက္ခပါပဲ'

သူမ ထိတ်လန့်သွား၏။

'ဒါ...ဒါဆို ကျွန်မ ပြန်မှပဲ'

ရှောင်လန်းက....

'ဟေ့ —မင်းက ဘယ်လိုဖြစ်သွားတာလဲ'

မိန်းကလေးက—

'ကျွန်မ ရှင့်ကို အလင်းခေါးရှိတဲ့နေရာကို ညွှန်ပြမယ်၊ ပြီးရင် ရှင့်ဘာသာသွား ယူ၊ ကျွန်မက အမြန်ဆုံးပြန်မှ ဖြစ်မယ်'

'မင်းက.. ဘယ်ပြန်မှာလဲ'



'သူတို့ဆီကို၊ ကျွန်မကိုမတွေ့ရင် သူတို့က ကျွန်မကို ဒေါသပွပြီး သတ်ပစ်မှာ'

ရှောင်လန်းက—

'ဒါဆို မင်းလဲ သူတို့နဲ့ အတူတူပဲပေါ့'

'ဟုတ်တယ်၊ ဒါပေမယ့် ကျွန်မတို့ကို သူတို့က ဖမ်းထားတာရှင့်'

'မင်းစကားတွေရှုပ်ပါလား၊ ငါတော့ ဘာမှနားမလည်နိုင်တော့ဘူး'

မိန်းကလေးက—

'ရှင် နောက်တော့နားလည်လာပါလိမ့်မယ်၊ ကဲ...လာ၊ ကျွန်မတို့ မြန်မြန်သွားကြစို့'

သူမက ရှောင်လန်း၏လက်ကို ဆွဲလိုက်သည်။

မိန်းကလေး၏ လက်ဖဝါးပြင်ကား နူးညံ့လှသည်။

နူးညံ့လှသော အထိအတွေ့ကြောင့် ရှောင်လန်း၏ရင်များက တထိတ်ထိတ်ခုန်သွားမိသည်။

သူသည် ရုပ်ခုန်လျက်နှင့်ပင် မိန်းကလေးဆွဲခေါ်ရာအတိုင်း လိုက်ပါသွားရလေတော့သည်။

လရောင်အောက်ဝယ် တောလမ်းကလေးသည် မြွေကြီးတစ်ကောင် လဲလျောင်းနေသည့်နှယ် ကွေ့ကွေ့ကောင်ကောက်နှင့် ရှိနေ၏။

ရှောင်လန် သည် မိန်းကလေးဆွဲခေါ်ရာအတိုင်းပါသွားလေသည်။

မကြာမီ သူတို့နှစ်ဦးသည် ထိုတောင်၏ မြောက်ဘက်လျှိုတစ်ခုထိပ်သို့ ရောက်ရှိလာလေသည်။

ထိုလျှိုအောက်ခြေဝယ် လင်းနေလေသည်။



မိန်းကလေးက....

'တွေ့လား'

ဟု ရုတ်တရက် မေးလိုက်သည်။

ရှောင်လန်းက ကြောင်အမ်းအမ်းဖြစ်သွားပြီး....

'ဘာကိုလဲ'

မိန်းကလေးက....

'လျှိုထဲမှာ လင်းနေတာလေ'

ရှောင်လန်းက ခေါင်းညိတ်လိုက်သည်။

'တွေ့ပါတယ်'

'အဲဒါ အလင်းဓားက ထွက်ပေါ်နေတဲ့ အလင်းရောင်ပဲပေါ့'

ရှောင်လန်း အံ့အားသင့်သွားသည်။

မိန်းကလေးက....

'အလင်းဓားဟာ ဟောဒီလျှိုထဲမှာရှိတယ်၊ ရှင်သွားယူပေတော့'

ရှောင်လန်းက....

'နေဦး'

'ရှင်အာသိချင်လို့လဲ'

'အလင်းဓား ဒီမှာရှိတယ်၊ ဘယ်သူမှမသိဘူးလား'

'အားလုံးသိကြပါတယ်'

'ဒါဆို ဘာကြောင့် မယူတာလဲ'

'အားလုံးက အလင်းဓားကို ကြောက်ရွံ့ကြတယ်၊ အလင်းဓားရှိရာ မလာရဲကြဘူး၊ ပြီးတော့ အလင်းဓားကို ရယူဖို့ ဆိုရာမှာလဲ အခက်အခဲတွေ ရှိနေတယ်'

ရှောင်လန်းက....

'ကြီးမားတဲ့ အခက်အခဲတွေ ထင်ပါရဲ့'

မိန်းကလေးက—

'အခက်အခဲတိုင်းဟာ ကြီးမားတာပဲ၊ ဒါပေမယ့် သတ္တိနဲ့ ပြည့်စုံရင်တော့ အဲဒီအခက်အခဲတွေဟာ ပြောပလောက်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင့်ကို ကျွန်မတစ်ခုတော့ သတိပေးပါရစေ'

'ပြောပါ'



'ဒီအလင်းဓားကို ရယူတဲ့အခါမှာ မတော်တဆ ရှင့်အသက်လဲ သေဆုံးသွားနိုင်တယ်'

ရှောင်လန်းက ပြုံးလိုက်ပြီး...

'သေတာ မဆန်းပါဘူး'

'ဒါဆို ကျွန်မသွားတော့မယ်'

'နေဦး၊ ကျုပ်မေးခွန်း မဆုံးသေးဘူးဗျ'

မိန်းကလေးက ခြေလှမ်းရပ်တံ့လိုက်ပြီး....

'ရှင် ဘာသိချင်သေးလို့လဲ'

ရှောင်လန်းက....

'ကျုပ်က အလင်းဓားကို ရပြီးရင် ဘယ်လို ဆက်ကူညီ ရဦးမှာလဲ ပြောခဲ့ပါဦး'

မိန်းကလေးက ရှက်ပြုံးပြုံးပြီး....

'ဟုတ်ပါရဲ့၊ ကျွန်မလဲ သူတို့ကို ကြောက်နေတာနဲ့ပြောဖို့တောင် မေ့နေတယ်'

'ကဲ အခုပြောခဲ့ပါဦး'

'ရှင် အလင်းဓားကို ရပြီးရင် ဒီကနေ မြောက်စူးစူးကိုလာခဲ့ပါ၊ ကျွန်မတို့ရွာကို တွေ့ပါလိမ့်မယ်'

'ဟုတ်ပြီ၊ နောက်ကော'

မိန်းကလေးက....

'ရှင် ရှာကိုဆောက်တာနဲ့ ဘယ်သူတွေကို မောင်းထုတ်ရမယ်ဆိုတာ အလိုလိုသိလာပါလိမ့်မယ်၊ ကဲ....ကျွန်မသွားပြီ'

သူမသည် စကားဆုံးသည်နှင့် လျှိုထိပ်မှ လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

* * *

ရှောင်လုန်းသည် မိန်းကလေး ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေ၏။

ပြီးမှ သူသတိရလိုက်၏။



မိန်းကလေး မည်သူမည်ဝါဖြစ်သည်ကို မေးရန် မေ့နေသည်။

တစ်ဖန် ထိုမကောင်းဆိုးရွား မည်သူဟူသည်ကိုလည်းမေးရန် မေ့လျော့နေခဲ့လေသည်။

ရှောင်လန်းက သက်ပြင်းချလိုက်၏။

ထို့နောက် လျှို၏အောက်ခြေသို့ ငုံ့ကြည့်လိုက်၏။

လျှိုကားအတော်ပင် နက်ရှိုင်းလှပေသည်။

အောက်ခြေတွင်ကား လင်းနေပေသည်။

'ထူးတော့ ထူးဆန်းတာပဲ၊

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်ကြည့်ရှုလိုက်လေ၏။

ပတ်ဝန်းကျင်ကား ပကတိအတိုင်း တိတ်ဆိတ် ငြိမ်သက်နေ၏။

ရှောင်လန်းမှာ လျှိုထဲသို့ဆင်းရန်ကိစ္စအား ဝမ်ကျောင်းတို့နှင့် တိုင်ပင်ရန် စိတ်ကူးခဲ့၏။

သို့သော် အချိန်လင့်နေမည်ကိုလည်း စိုးရိမ်၏။

မိန်းကလေးကိုလည်း သူတစ်ယောက်တည်းသွားရဲကြောင်း ပြောခဲ့ပြီ ဖြစ်သည်။

ရှောင်လန်း အားတင်းလိုက်သည်။

ထိုလင်းခေါင်းကိုသာ ရယူနိုင်လျှင် သူသည် ထိုလူစုအား နှိမ်နင်းနိုင်ပေမည်။

ထိုအခါမှ ဂူစန်းဟိုမြို့ပျက်ကို ရှာဖွေခွင့် ရပေမည်။

အားလုံးအတွက် သူ စွန့်စားရပေမည်။

ဤတောဤတောင်သို့ ရောက်အောင်လာပြီးမှ သွေးနည်း နေစရာ မလိုတော့ပါ။

သူက သတ္တိရှိရမည် မဟုတ်ပါလား။

ရှောင်လန်း ရင်ကော့လိုက်သည်။

လက်တစ်ဖက်က ဓားကို အသင့်ထုတ်ကာ ကိုင်လိုက်၏။

ထို့နောက် သူသည် လျှိုအောက်သို့ စတင်ဆင်းလာခဲ့လေတော့သည်။



တောင်ဆင်းခရီးကား ကြမ်းတမ်းလှ၏။

အောက်သို့ ပြုတ်မကျအောင် မနည်းပင်ထိန်းကာ၊ ကုပ်ကာ၊ တွယ်ကာဖြင့် လျှိုကျင်းသို့ ဆင်းလာသည်။

သစ်ပင်ချုံနွယ် ဆူးခက်များကြောင့် ရှောင်လန်း၏ အဝတ်အစားများ စုတ်ပြဲကုန်သလို ခန္ဓာကိုယ်တွင်လည်း ဆူးခြစ်ရာများ မနည်းလှပါ။

သွေးစို့သည့်နေရာ စို့နေသည်။

ခြေနှင့်လက်တို့မှာလည်း ကုပ်တွယ်ရလွန်း၍ နာကျင်နေသည်။

သို့သော် ညည်းတွားခြင်း မရှိပါ။

သူသည် အံကိုတင်းကာ အောက်သို့ရောက်အောင် ဆင်းလာခဲ့သည်။

အတန်ကြာအောင် ဆင်းလာပြီးမှ လမ်းက ပြေပြစ်လာသည်။

ရှောင်လန်းက ခဏ အနားယူ အမောဖြေပြီးမှ အောက်ကို ဆက်၍ဆင်းလာသည်။

လမ်းက ပြေပြစ်သွား၍ မပင်ပန်းတော့ပါ။

ခဏအတွင်းပင် အောက်ခြေသို့ ရောက်လာသည်။

လျှိုအောက်ခြေတွင် မီးထွန်းထားသကဲ့သို့ လင်းထိန်နေသည်။

သို့သော် အလင်းရောင်ကား မီးရောင်နှင့်မတူဘဲ လရောင်နှင့် ပို၍တူသည်ဟု ထင်ရသည်။

ရှောင်လန်းက လျှိုအောက်ခြေအား အကဲခတ် ကြည့်ရှုလိုက်၏။

လျှိုအောက်ခြေမှာ ပေ (၁၀၀) ပတ်လည်ခန့်မျှ ရှိသည်။

အောက်ခြေတစ်ခုလုံး လင်းထိန်နေ၏။

အလင်းရောင်ကား မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိပါ။

ရှောင်လန်းသည် လျှိုအောက်ခြေသို့ ပတ်လည် ဖွေရှာလိုက်ခြင်းပင် ဖြစ်ပါသည်။

တခဏမျှ လျှောက်ပတ် ကြည့်ပြီးနောက် အလင်းရောင်သည် မြေတွင်းတစ်ခုမှ ထွက်ပေါ်လာခြင်းဖြစ်သည်ကို သိလိုက်၏။



ရှောင်လန်းက ကဲမြေတွင်းအဝမှ အောက်သို့ ငုံ့ကြည့်လိုက်၏။

တွင်းတစ်ခုလုံး လင်းထိန်နေ၍ အောက်ခြေအား မမြင်ရပါ။

ရှောင်လန် က ခဲလုံးတစ်လုံး ကောက်ယူကာ တွင်းထဲချလိုက်၏။

'တောက်'

အသံချက်ချင်းထွက်ပေါ်လာ၏။

'အင်း... တွင်းကမနက်ပါဘူး'

သူသည် ထိုတွင်းထံ ဆင်းလိုက်၏။

တွင်းကား လူတစ်ရပ်သာသာခန့်ရှိ၏။

တွင်းထဲရောက်မှ အောက်တွင် လိုဏ်ဂူဝ ရှိသည်ကို တွေ့လိုက်ရ၏။

ရှောင်လန်းက စဉ်းစားမနေဘဲ ထိုလိုဏ်ဂူထဲ လှမ်းဝင်လိုက်၏။

လိုဏ်ဂူသည် အဝကျဉ်းပြီး အတွင်း၌ အတော်ပင်ကျယ်ဝန်း၏။

လူလေးယောက်ခန့် ရင်ဘောင်တန်း၍ပင် လျှောက်သွားနိုင်လောက်အောင်ကျယ်ဝန်းပေသည်။

ရှောင်လန်းလိုက်ဂူထဲဝင်ပြီး မကြာမီပင် လိုဏ်ဂူလမ်းတွင် မြေကြီးက ကျိုးပြတ်နေပြီး တခဏနှင့် တစ်ဘက် ငါပေခန့်ကွာဝေးနေသည်ကို တွေ့ရ၏။

'ဒုက္ခပဲ လမ်းကပြတ်နေပါလား။

ရှောင်လန်း အံကြိတ်လိုက်၏။

'ငါ ဟိုဘက်ကိုရောက်အောင် သွားမှဖြစ်မယ်'

သူသည် အကွာအဝေးကို မှန်းဆလိုက်၏။

ထို့နောက် နောက် ကြောင်း ပြန်လှည့်ကာ အရှိန်ယူလိုက်၏။

သူသည်တဟုန်ထိုး ပြေးကာ ထိုမြေအက်ကြောင်းပြတ်ကို လွှားခနဲခုန်ထူးလေသည်။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာပင် တစ်ဘက်သို့ ကျရောက်သွား၏။

ရှောင်လန်းသက်ပြင်းချလိုက်၏။



သူသည် မြေပတ်ကြားအက်ကြီးအား အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပြီမဟုတ်ပါလား။

ရှောင်လန်းသက်ပြင်းချလို့မဆုံးသေးပါ။

'ရှူး'

ဆိုသောမြည်သံနှင့်အတူ မြွေကြီးတစ်ကောင် ထွက်ပေါ်လာသည်။

'ဟာ'

ရှောင်လန်းထိတ်လန့်သွား၏။

မြွေကြီးအား ကြီးမားလှသည်။

အရှည်မှာ (၁၀)တောင်ခန့်ရှိ၏။

လုံးပတ်ကား သူ၏ပေါင်လုံးမကပါချေ။

မြွေကြီးသည် နှာမှုတ်သံပြုလျက် ရှောင်လန်းထံသို့ တရှိန်ထိုးပြေးဝင်လာကာ ပေါက်ချလိုက်သည်။

ရှောင်လန်း အလွန်ထိတ်လန့်သွား၏။

နောက်ဆုတ်လျှင်လည်း ချောက်။

ရှေ့တိုးလျှင်လည်း မြွေ။

နံဘေးသို့ရှောင်ရန်ကလည်း လိုဏ်ဂူတွင်းမို့ကျဉ်းမြောင်းလှသည်။

သူသည် ရှောင်တိမ်းမရနိုင်သည်မို့ လက်ထဲမှဓားနှင့်သာဆီးကြို ခုတ်ချလေတော့သည်။

'ဒုတ်'

ကံကောင်းသည်ဟု ဆိုရပေမည်။

မြွေကြီးကအပေါက် ရှောင်လန်းက ဓားနှင့်အခုတ် ဆုံသွား၏။

ရှောင်လန်း၏ ဓားမှာ မြွေကြီး၏ အာခေါင်ကို ဖောက်ထွက်သွား၏။

'ဝုန်း'

ရှီ

'ဝုန်း—ဝလုံး'

မြွေကြီး၏ ရှန်းကန်သံက လိုဏ်ဂူအတွင်း ဆူညံသွား၏။

ရှောင်လန် က ယောင်ယမ်း၍ နားပိတ်ထားမိသည်။

မြွေကြီးက အတန်ကြာအောင်လူးလွန့်မှ ငြိမ်သက်သွားလေသည်။



'ဟင်း'

သူက သက်ပြင်းချလိုက်၏။

'တော်ပါသေးရဲ့'

သူ့ရင်များ တဒိတ်ဒိတ်ခုန်နေ၏၊

သူ ရွှေမထိုးရဲသေးပါ။

မြွေကြီးကို ပြူးကျယ်သော မျက်လုံးအစုံဖြင့် ငေးကြည့်နေမိ၏။

မြွေကြီးသည် ငြိမ်သက်နေပြီဖြစ်၏။

အတန်ကြာသည်အထိ မြွေကြီး လှုပ်ရှားမှုမရှိတော့မှ သူက ရှေ့သို့ စတင်တိုးလိုက်သည်။

'အင်း....နည်းတဲ့မြွေကြီးမဟုတ်ဘူး'

သူက မြွေကြီးကိုဖြတ်ကျော်လာခဲ့၏။

လိုဏ်ဂူလမ်းက ကတော်ရှည်လျား၏။

အကွေ့ခုနစ်ခုခန့် ကွေ့လာပြီးနောက် ရှေ့တွင် အခန်းကျယ်ကြီးတစ်ခုရှိသည်ကို တွေ့လိုက်ရသည်။

အခန်းတစ်ခုလုံး လင်းထိန်နေ၏။

ထိုအခန်းထဲတွင် ကျောက်ပလ္လင်တစ်ခုရှိ၏။

ပလ္လင်ပေါ်ဝယ် ရွှေဖြင့်ပြုလုပ်ထားသော ကာလာပ်တစ်ခု ရှိသည်။

ထိုကာလာပ်ပေါ်တွင် ခါးတစ်လက်တင်ထားသည်ကို တွေ့လိုက်ရသည်။

'အလင်းခါး'

သူက ဝမ်းသာအားရရေရွတ်လိုက်၏။

ယိုခါးမှ အလင်းရောင်များ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်"

သူသည် လက်ထဲတွင် ခါးကိုအသင့်ကိုင်ထားပြီး မျက်စိလျှင်လျှင်ထားကာ အထဲသို့ တစ်လှမ်းခြင်း လှမ်း ဝင်လိုက်ခြင်းဖြစ်၏။

သူ့ရင်များ တဒိတ်ဒိတ်ခုန်နေ၏။

မည်သည့်အချိန်တွင် အန္တရာယ် အနှောင့်အယှက်နှင့်တွေ့မည်နည်းဟုလည်း စိုးရိမ်နေမိလေ၏။

သို့သော်... ပလ္လင်ကြီးနား ရောက်သည်အထိ မည်သည့် အဟန့်အတား အနှောင့်အယှက်မျှ မတွေ့ရပါချေ။



သူက ပလ္လင်အနီးရပ်လိုက်သည်။

ပလ္လင်သည် လူတစ်ရပ်ခန့် မြင့်မားပေသည်။

ထို့ကြောင့် သူက ပလ္လင်ပေါ် ခုန်တက်လိုက်သည်။

ပလ္လင်ပေါ်တွင် အလင်းခါးရှိနေသည်။

အလင်းခါးတင်ထားသော ရွှေကာလာပ်ရှေ့တွင် စာများရေးသားထားသော ရွှေချပ်တစ်ချပ်တွေ့လိုက်ရ၏။

သူက ယူ၍ဖတ်ကြည့်လိုက်သည်။

အမှောင်ခွင်းမည့် အလင်းခါ ....

အလင်းခါးသည် လောကတစ်ခုလုံးအား အမှောင်ခွင်း၍ အလင်းဆောင်ရန် စီရင်ပြုလုပ်ထားသောခါး ဖြစ်သည်။

ဤခါးကို အသုံးပြုသူသည် အမှောင်နှင့်တူသော ဒုစရိုက်လမ်းများကိုဖယ်ရှား၍ အများသူငါ အကျိုးငှာ အလင်းကို ဆောင်ရမည်။

ဤခါးဖြင့် မတရားမှုပြုခဲ့လျှင် အသေဆိုးနဲ့ သေရမည်ဟု ကျိန်ပ် ကျိန်ဆိုခဲ့သည်။

အလင်းခါးသခင်မ
ပိုင်ဖျောင်းယွမ်။

ရှောင်လန်းက....

'ကျုပ်ကလဲ မကောင်းမှုအတွက် အသုံးပြုမှာ မဟုတ်ပါဘူး'

သူက ရွှေချပ်ကိုပြန်ချ၍ ဓားကိုကြည့်လိုက်သည်။

ဓားသည် ခုနစ်ပေနီးပါးရှည်သည်။

နှစ်ဖက်သွားဓားပုံသဏ္ဍာန်ဖြစ်သည်။

လက်ကိုင်ရိုးကို ရွှေဖြင့်ပြုလုပ်ထားဟန်ရှိသည်။

ဓား သွားသည် မှန်လိုကြည်လင်နေပြီး တစ်ဘက်သို့ပင် ထွင်းဖောက်မြင်နေရသည်။

ဓားကား ဓားနှင့်မတူ။

မှန်တစ်ချပ်ကို အရှည်လိုက် ဓားမှိုသဏ္ဍာန် လှီးဖြတ်ထားသည်နှင့်တူ၏။

ရှောင်လန်း သက်ပြင်းအသာချလိုက်သည်။

ထိုဓားသည် ထူးဆန်းသည်။

လရောင်ကဲ့သို့ အလင်းများဖြာထွက်နေသည်။

သို့သော်...အသုံးပြုရာ၌ သာမန် ဓားတစ်လက် လောက်ပင် အစွမ်းရှိပါမည်လော။



ဓားသွားသည် မှန်သားပြင်နှင့်တူနေသဖြင့် အသုံးပြုခုတ်ထစ်လိုက်လျှင် ကျိုးပဲ့သွားမည်လားဟု စိုးရိမ်မိသည်။

သို့သော်...သူ၏တာဝန်က ထိုအလင်းဓားကို ရအောင်ယူရပေမည်။

ပြီးမှ မိန်းကလေးအား အကူအညီပေးရပေမည်။

ရှောင်လန်းက အလင်းဓားရှေ့တွင် ဒူးထောက်လိုက်သည်။

ထို့နောက် အလင်းဓားကို ရိုရိုသေသေ လက်နှစ်ဖက်ဖြင့် မ,ယူလိုက်သည်။

ထိုစဉ်မှာပင်...

'ဂျိမ်း'

ဟူသည့် ကျယ်လောင်သည့်အသံတစ်ချက် ထွက်ပေါ်လာသည်။

မျက်နှာကြက်ဆီမှ ဓားပျံကလေးများက အောက်သို့ အရှိန်ဖြင့် ပြုတ်ကျလာလေသည်။

ရှောင်လန်း ထိတ်လန့်သွား၏။

'ဟာ'

သူသည် အလျင်အမြန်ရှောင်တိမ်းလိုက်သည်။

သို့သော်... ခေးပျံများက နေရာမှလပ်ကျလာခြင်းဖြစ်ရာ ရှောင်သမ်း မည်သို့မျှ လွတ်အောင် မရှောင်တိမ်းနိုင်လိုက်ချေ။

'အား'

ရှောင်လန်းက နာကျင်စွာ အော်ဟစ်လိုက်သည်။

သူ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ခေးပျံဆယ်ချောင်းမက စူးဝင်သွားသည်။

ရှောင်လန်းမှာ ကျောက်ပလ္လင်ကြီးထက်မှ အောက်သို့ ပြုတ်ကျသွားတော့သည်။

* * *

'အား'

ရှောင်လန်း၏ အထိတ်တလန့် အော်ဟစ်သံ ပေါ်ထွက်လာသည်။

ဝမ်ကျောင်းသည် အိပ်မွေ့ကျနေရာမှ လန့်နိုးလာ၏။



ထို့အတူ အိပ်ငိုက်နေသော အစောင့်များလည်း လန့်နိုးလာပေသည်။

ဝမ်ကျောင်းက ယောင်ယမ်းနေသော ရှောင်လန်းအား လှုပ်ကာ နိုးလိုက်သည်။

'ရှောင်လန်း—ရှောင်လန်း'

'ထစမ်း—မင်း ဘာဖြစ်တာလဲ'

ရှောင်လန်း လန့်နိုးလာသည်။

သူသည် ငုက်တုတ်ထထိုင်လိုက်သည်။

သူ၏ မျက်နှာကား ဖြူလျော်နေသည်။

သူ၏ ပုံစံသည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေဟန်ရှိပေသည်။

မျက်လုံးအပြူးသားနှင့် ဖြစ်နေသည်။

ဝမ်ကျောင်းက....

'ရှောင်လန်း—မင်း ဘာဖြစ်နေသလဲ'

ဟု ထပ်၍ လှုပ်ယမ်းကာ မေးလိုက်သည်။

ရှောင်လန်းက....

'ကျွန်....ကျွန်တော် မသေသေးဘူးနော်'

'ဟာ....မင်း အိပ်မက်မက်နေပြန်ပြီ ထင်တယ်'

'အိပ်မက်'

ရှောင်လန်း ယခုမှ သတိဝင်သွားသည်။

သူသည် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်သည်။

ရှောင်လန်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ဥုး....တော်ပါသေးရဲ့'

ဝမ်ကျောင်းက....

'ဘာလဲ၊ မင်း အိပ်မက်မက်တာပဲလား'

ရှောင်လန်းက ခေါင်းညိတ်လိုက်ပြီး ...

'ကျွန်တော် အိပ်မက် မက်နေတာပဲ'

ဝမ်ကျောင်းက....

'ဟေ .... ရှောင်လန်း၊ မင်း ဘာဖြစ်သွားရပြန်တာလဲ'

ရှောင်လန်းက ...

'ကျွန်တော် အိပ်မက်ထဲမှာ အလင်းခေါးရှိတဲ့နေရာ ရောက်သွားတယ်'

နံဘေးတွင် လဲလျောင်းရင်း နားထောင်နေသော ကျန်ဖုန်းရွှေသည် ထိုစကားကြားလိုက်ရသောအခါ စိတ်ဝင်စားသွားသည်။

ရှောင်လန်း၏ အိပ်မက်များ က လက်တွေ့ဖြစ်ပျက်တတ်သည်ကို သူက လက်ခံနေမိပြီ မဟုတ်ပါလား။

သူက လူးလဲထလိုက်ပြီး ဝင်မေး လိုက်သည်။

'ဟုတ်လား၊ အလင်းခေါးက ဘယ်နေရာမှာလဲ'

ရှောင်လန်းက-

'နွားနီတောင်ရဲ့ မြောက်ဘက်မှာ လှိုဏ်တစ်ခုရှိတယ်၊ အဲဒီလှိုဏ်ထဲမှာ အလင်းခေါးကို တွေ့ရှိတာ'

ဝမ်ကျောင်းက ပြုံးသွားသည်။

'အလင်းခေါးရှိတဲ့နေရာကို အိပ်မက်မက်တာပဲ၊ ဒါဟာ ဝမ်းသာစရာပေါ့ကွ၊ အခုဘော့ မင်းက ဝမ်းမသာတဲ့ မျက်နှာလဲ မကောင်းဖြစ်နေရသေးတယ်'



သူက-

'ဟုတ်သားပဲ၊ အလင်းခေါးရှိတဲ့နေရာ အိပ်မက်ထဲမှာ မြင်နေပြီပဲကွ၊ ဒါဝမ်းသာရမှာပေါ့'

ရှောင်လန်းက-

'အဲဒီ အလင်းခေါးကို ကျွန်တော် သွားယူရင်း ခေါးပျံတွေ ပေါ်လာပြီး ကျွန်တော့်ကို ထိမှန်ခဲ့တယ်၊ ကျွန်တော် ...သေ သေခဲ့ရတယ်'

သူသည် ပြောရင်း အသံများ တုန်ယင်လာသေးသည်။

ဝမ်ကျောင်း မျက်နှာ ပျက်သွားသည်။

သို့သော် ချက်ချင်းမျက်နှာကို ပြုံးလိုက်ပြီး-

'ဟာကွာ...မင်းကလဲ ဒါအိပ်မက်ပဲ ဥစ္စာ၊ အခု မင်းက အသက်ရှင်နေတာပဲ၊ မင်းက ဘာလို့သေရမှာလဲ၊ တွေးပြီး စိတ်မနေစမ်းပါနဲ့ကွာ'

ဟု နှစ်သိမ့်လိုက်သည်။

ရှောင်လန်းက-

'ဆရာပဲ၊ ကျွန်တော် အိပ်မက်တွေဟာ အပြင်မှာ တကယ် ဖြစ်ပျက်တတ်တာကို ယုံကြည်တယ်ဆို'

ဟု ပြန်မေးလိုက်သည်။

ဝမ်ကျောင်း ပါးစပ်ပိတ်သွား၏။

သူဘာယ်လိုပြောရမှန်း မသိတော့ပါ။

ကျန်ဖုန်းရွှေက ဝင်ပြောလိုက်၏။

'မင်းရဲ့ အိပ်မက်တွေက မှန်သင့်သလောက်တော့ မှန်ပါ
တယ်၊ ဒါပေမယ့် အိပ်မက်ဆိုတာ စွဲလန်းလွန်းရင်လဲ မက်
တတ်တာပဲ၊ အခု အိပ်မက်က မင်းဟာ ရန်သူတွေနဲ့ တွေ့ကြုံ
ရတော့ စိတ်စွဲပြီး မက်တာပေါ့ကွ၊ ဒီလောက်လဲ အယူ
မသည်းစမ်းပါနဲ့'

ရှောင်လန်း သက်ပြင်းချ၏။

'ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ အိပ်မက်တွေဟာ အဖြင့်မှာ
တကယ်ကို ဖြစ်ပျက်တာချည်းပါပဲ'

စမ်ကျောင်း နှုတ်ပိတ်နေသည်။

ကျန်ဖုန်းရှေလည်း မည်သို့ ပြောရမည်ကို မသိတော့
ပါ။

ရှောင်လန် ကား ထိတ်လန့်လျက်ရှိပေသည်။

ထိုခဏ တစ်ချိန်လုံးငြိမ်နေသော နီစွမ်က ဝင်ပြောလိုက်
သည်။

'သေတယ်၊ သေတာဘာဆန်းသလဲ၊ မင်းတို့ ခရီးထွက်
လာကတည်းက ဘာဘေးအန္တရာယ်မဆို ရင်ဆိုင်ဖို့ အသင့်
ပဲဆို၊ သေရမှာလဲ မကြောက်ဘူးဆိုကွ'

ရှောင်လန်း၏ မျက်နှာနီရဲသွား၏။

နီစွမ်က ဆက်ပြောလိုက်သည်။

'အခု အိပ်မက်ထဲမှာ သေတာကို တကယ်ပဲ ကြောက်နေ
ရသလား'

နီစွမ်းက....



'ဒါဆို ပိုကောင်းတာပေါ့၊ မင်းသေမ ဆိုတာ သိပြီးတဲ့
နောက်မှာ ဘာကို ကြောက်ရမှာလဲ၊ မသေခင် သူများထက်
ပိုစားရမယ်၊ ရဲရင့်ရမယ်၊ အားလုံးထက်ပိုပြီး ဆောင်ရွက်
ရမယ်၊ ဒါပဲကွ'

ရှောင်လန်း တွေဝေသွား၏။

ခဏကြာမှ....

'အဘပြောတာ ဟုတ်တယ်၊ ကျွန်တော် သေမှာပဲ၊ ဒါကို
သိထားတဲ့နောက် ဘာကိုကြောက်ရတော့မှာလဲ'

နီစွမ်က ရယ်မောလိုက်၏။

'ဟား... ဟား–ဟား ဒါပဲပေါ့ကွ၊ မင်းအိပ်မက်မှန်တယ်
ဆိုရင် မင်းဟာ တခြားနည်းနဲ့ သေမှာမဟုတ်ဘူး၊ ဒါကြောင့်
ဘာမဆို သူတကာထက် ရှေ့ဆုံးက ဆောင်ရွက်ပစ်ရမယ်'

စမ်ကျောင်း၏ မျက်နှာ လေးနက်တည်ကြည်သွား၏။

'ဟုတ်တယ်၊ အဘပြောတာ မှန်တယ်'

နီစွမ်က ပြုံးလိုက်၏။

သို့သော် သူ၏စကားက ရှောင်လန်းအား အလွန်ရဲရင့်
သောသူ တစ်ယောက်ဖြစ်အောင် တွန်းပို့နိုင်ခဲ့ကြောင်း
ထိုအခါက မသိခဲ့ပါ။

သို့ရာတွင် တစ်ခဏအတွင်းပင် သိလာခဲ့ရလေတော့သည်။

ညသည် တိတ်ထိတ်နေသည်။

လရောင်သည် ပတ်ဝန်းကျင် တစ်ခုလုံးအား ဖြန့်ကျက်
ထွန်းလက်နေ၏။

အစောင့်သိုင်းသမားသည် အိပ်ငိုက်ရာမှ လန့်နိုးလာပြီးနောက် အိပ်ချင်စိတ် ပြေပျောက်သွားသည်။

သူသည် ကျောက်တုံး တစ်တုံး၏ နောက်ကွယ်တွင်ထိုင်ရင်း တောင်ခြေသို့ ကြည့်ရှုနေသည်။

ထိုစဉ်မှာပင် တောင်ခြေမှ သစ်ပင် ချုံနွယ်များတစ်ချို့ လှုပ်ရှားသွားသည်ကို သတိပြုမိသည်။

သူသည် မျက်လုံးကို ပွတ်သပ်ကာ ကြည့်လိုက်သည်။

သူ့အကြည့် မမှားပါ။

တောင်ပေါ်တက်ရာ လမ်းကလေး၏ နံဘေးတစ်ဖက်တစ်ချက်မှ ချုံနွယ်များ မသိမသာ လှုပ်ရှားနေကြပေသည်။

လေတိုက်ခြင်းကြောင့်လော—

သိုင်းသမားက မမှိတ်မသုန် စိုက်ကြည့်လိုက်၏။

ထိုအခါ ထိုချုံနွယ်များကြား၌ လူရိပ်အချို့ လှုပ်ရှားနေကြသည်ကို တွေ့မြင်လိုက်ရသည်။

လူတစ်စုက ချုံနွယ်များကို အကာအကွယ်ပြုကာ နှား တောင်ပေါ် တိတ်တဆိတ် တက်လာနေကြခြင်းပင် ဖြစ်ပေသည်။

သိုင်းသမားက တီ တိုး အချက်ပေးလိုက်သည်။

* *



ရှောင်လန်းတို့သည် အိပ်မက်အကြောင်း ပြောဆိုနေ၏။ ထိုအခိုက် အစောင့်သိုင်းသမားထံမှ အချက်ပေးသံ ထွက်ပေါ်လာသည်ကို ကြားရသည်။

ကျန့်ဖုန်းရွှေ ချက်ချင်းပင် ခုန်ထလိုက်၏။

သိုင်းသမားတစ်ဦး ရောက်ရှိလာ၏။

'ဆရာ ရန်သူတွေ တောင်ပေါ်တက်လာတယ်'

ကျန့်ဖုန်းရွှေက ...

'အင်အား ဘယ်လောက်ရှိသလဲ'

သိုင်းသမားက....

'ခန့်မှန်းရတာတော့ သုံးဆယ်ဝန်းကျင် ရှိနိုင်တယ်'

ကျန့်ဖုန်းရွှေက တည်တည်ငြိမ်ငြိမ် ရှိလှသည်။

ရန်သူရောက်လာကြောင်း သိသော်လည်း ထိတ်ပျာသွားခြင်း မရှိပေ။

'တောင်ထိပ်နဲ့ နီးပြီလား'

သိုင်းသမားက....

'တောင်တစ်ဝက် မရှိသေးပါဘူး'

ကျန့်ဖုန်းရွှေက—

'အားလုံး အသင့်ပြင်ထား၊ ကျုပ်အမိန့်မရဘဲနဲ့ ဘာမှ မလုပ်နဲ့'

သိုင်းသမားက အရိုအသေပြုကာ လှည့်ထွက်သွား၏။

ကျန့်ဖုန်းရွှေက ဝမ်ကျောင်းဘက် လှည့်ကာ...

'တိုက်ပွဲကတော့ ရှောင်လွှဲလို့ မရတော့ဘူး၊ သူတို့က ကျုပ်တို့ ဒီအပေါ်မှာ ရှိနေတာကို သိသွားကြပြီ'

ဟု ပြောလိုက်၏။

ဝမ်ကျောင်းက....

'ရင်ဆိုင်ဖို့လမ်းပဲ ရှိတော့တာပေါ့ဗျာ'

ကျန်ဖုန်းရွှေက—

'သူတို့လူစုကို ကျုပ် မောင်းထုတ်နိုင်မယ် ထင်ပါတယ်၊ ခင်ဗျားတို့ ဒီမှာပဲ အေးအေးဆေးဆေး နေကြပါ'

ဝမ်ကျောင်းက ပြုံးလိုက်ပြီး....

'ကျန်းဖုန်းရွှေ၊ မင်းတို့ တိုက်ပွဲဝင်နေချိန်မှာ ကျုပ်က အေးအေးဆေးဆေး ထိုင်နေလို့ ရမလားဗျ'

ကျန်ဖုန်းရွှေက...

'မင်း တိုက်ခိုက်ရဲတာ ကျုပ်သိပါတယ်ဗျာ၊ ဒါပေမယ့် ဒီပွဲမှာတော့ ပါဝင်စရာမလိုသေးပါဘူး'

နီစွမ်က—

'ကောင်းတယ်၊ ကျုပ်တို့ နားရတာပေါ့'

သူသည် ပါးစပ်က ထိုသို့ပြောသော်လည်း လက်ထဲတွင်မူ လေးနှင့်မြားတံ တစ်ချောင်းက အသင့်ရှိနေပြီဖြစ်၏။

ကျန်ဖုန်းရွှေက....

'ကဲ- ကျုပ် သူတို့ကို တောင်ပေါ်က မောင်းချလိုက်ဦးမယ်'

ဟု ပြောကာ လှည့်ထွက်သွားသည်။

*



ကျန်းဖုန်းရွှေက ရန်သူအခြေအနေကို အကဲခတ်လိုက်၏။

ရန်သူများသည် သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူကာ တောင်ပေါ်သို့ တက်လာနေကြခြင်း ဖြစ်၏။

ရန်သူ၏ အင်အားသည် သူ့တပည့် သိုင်းသမား ခန့်မှန်းသလိုပင် သုံးဆယ်ဝန်းကျင်မျှ ရှိမည်ဖြစ်သည်။

ကျန်ဖုန်းရွှေသည် ရန်သူများအား မောင်းနှင်ထုတ်ရန် နည်းလမ်းကို ကွေးတောလိုက်၏။

သူတို့ နေရာယူထားမှု အလွန်ကောင်း၏။

သို့သော် သူတို့တွင် လေးနှင့်မြား မပါလာခဲ့ပါ။

သူ၏ ငယ်သားများ၌ လေးနှင့်မြားရှိလျှင် ထိုရန်သူများအား အေးအေးဆေးဆေး ထိုင်စောင့်ကာ တိုက်ခိုက်ရုံသာ ဖြစ်သည်။

ယခုမူ....

ကျန်ဖုန်းရွှေသည် အင်အားနှင့် အနေအထားကို တွက်ဆလိုက်သည်။

ရန်သူများအား တောင်ပေါ်အထိအရောက်မခံတော့ပါ။

သူက ခါးမှငွေဓားတိုနှစ်လက်ကို ဆွဲထုတ်လိုက်ပြီး ဘယ်ညာကိုင်စွဲလိုက်လေသည်။

'ချမ်....'

'တိုက်ကြ'

သူ၏ အမိန့်ပေးသံ ခပ်အုပ်အုပ်ထွက်ပေါ်လာသည်။

သူသည် အမိန့်ပေးပြီးသည်နှင့် တစ်ပြိုင်နက် ရှေ့ဆုံးမှ နေ၍ တောင်အောက်သို့ တစ်ဟုန်ထိုး ပြေးဆင်းသွား၏။

သူ၏ ငယ်သားသိုင်းသမားများကလည်း လက်နက်ကိုယ်စီ စွဲကိုင်လျက် သူ၏နောက်မှ လိုက်ပါလာကြလေသည်။

သူတို့သည် တောင်ပေါ်သို့ ပုန်းကွယ်၍ တက်လာနေကြသော ရန်သူများအား တစ်ဟုန်ထိုး ပြေးဝင်ကာ တိုက်ခိုက်လိုက်ကြလေတော့သည်။

* *

ည၏ တိတ်ဆိတ်မှုကား ပြိုကွဲသွားပြီ ဖြစ်သည်။

'ဟား—'

'ကျား...'

'တိုက်ကြ'

'ချမ်း...'

'အား....'

တိုက်ခိုက်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ရန်သူများကား သူတို့လူစုအား အလစ်တွင် ဝင်ရောက်တိုက်ခိုက်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် တောင်ပေါ်သို့ ပုန်းကွယ်၍ တိတ်တဆိတ်တက်လာခဲ့ကြခြင်း ဖြစ်သည်။

သို့ရာတွင် သူတို့ မျှော်မှန်းထားသလို ဖြစ်မလာပါ။



မမျှော်လင့်ဘဲ သူတို့ကသာ အလစ်ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံလိုက်ရလေသည်။

ရန်သူများကစဉ့်ကလျား ဖြစ်သွားသည်။

သူသည် ငွေဓားကိုနှစ်လက်ဖြင့် ဝေ့ယမ်းကာ ရန်သူများအား တချကြမ်းပင် တိုက်ခိုက်လိုက်သည်။

သူ၏ ပြင်းထန်သောဓားချက်အား ရန်သူအား ခုခံနိုင်ကြခြင်း မရှိပါ။

တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရကာ နောက်ဆုတ်သွားသည်။

တိုက်ပွဲအတွင်း သူ့ကဲ့သို့ပင် ရန်သူများအား ပြင်းထန်စွာပင် တိုက်ခိုက်နေသူတစ်ယောက်ကိုလည်း တွေ့ရသည်။

ထိုသူကား ရှောင်လန်းပင် ဖြစ်ပါသည်။

ရှောင်လန်း၏ အလွန်ရဲရင့်သော တိုက်ခိုက်မှုကြောင့် ရန်သူများ ဖရိုဖရဲဖြစ်နေကြသည်ကိုလည်း တွေ့မြင်ရလေသည်။

သူပင် အံ့အားသင့်သွားသည်။

ရှောင်လန်းသည် တန်ထွတ် စာပေသင်တန်းကျောင်းမှ ဆင်းကာ လူငယ်တစ်ဦးဖြစ်၍ တိုက်ရေးခိုက်ရေးတွင် ကျွမ်းကျင်မှုရှိမည် မဟုတ်ဟု ထင်ခဲ့သည်။

ယခုမူ ရှောင်လန်းသည် ဓားကိုအကောင်းပင် ကျင်လည်စွာ အသုံးပြုနိုင်သည်ကို တွေ့မြင်ရလေသည်။

ရှောင်လန်းကား ပညာကို ချန်ထားသော လူငယ်တစ်ယောက်ဖြစ်ကြောင်း နားလိုက်လိုက်သည်

ရန်သူများကား သူတို့၏ တစ်ဟုန်ထိုး တိုက်ခိုက်မှုကြောင့် အထိနာကာ တောင်အောက်သို့ တဖြည်းဖြည်း ဆုတ်ခွာနေကြ၏။

သို့ရာတွင် ဦးဆောင်လာသူ သုံးဦး၏ အမိန့်ကြောင့် ဆက်မဆုတ်ရဲဘဲ ရှေ့ပြန်တက်လာကြသည်သို့ တွေ့လိုက်ရသည်။

'တက်စမ်း....နောက်ဆုတ်လာရင် သေဒဏ်ဘဲ'

ထိုခေါင်းဆောင်သုံးဦး၏ ပြတ်သားသောအမိန့်ကြောင့် ရန်သူများသည် တောင်ပေါ်သို့ အတင်းပင် ပြန်တက်လာကြသည်။

သူတို့၏ တိုက်ခိုက်မှုကို ကြံ့ကြံ့ခံနေကြ၏။

မနိုင်သော်လည်း နောက်မဆုတ်ဘဲ ခုခံကာတိုက်ခိုက်နေ၏။

ရှောင်လန်းက ထိုအချက်ကို သတိပြုမိသွား၏။

သူသည် ဤတိုက်ပွဲကို အမြန်ဆုံးပြီးသွားအောင် ငယ်သားများထက် ခေါင်းဆောင်သုံးကို တိုက်ခိုက်ရမည်ဖြစ်သည်ကို နားလည်လိုက်သည်။

ထို့ကြောင့် သူက ငယ်သားများကြားမှ အတင်းတိုးဖောက်ကာ တောင်အောက်သို့ ပြေးဆင်းသွားတော့သည်။

*



ရှောင်လန်းသည် ထိုလူစုံအား ခေါင်းဆောင်လာသူ(၃)ဦးနှင့် မြေလှမ်းဆယ်လှမ်းခန့်အကွာတွင် ရပ်တန့်လိုက်၏။

သူ၏စူးရှသောအကြည့်များက ထိုလူသုံးယောက်ထံ ကျရောက်သွား၏။

ထိုလူသုံးယောက်သည် ဖျင်ကြမ်းအင်္ကျီများကိုသာ ဝတ်ဆင်ထား၏။

သို့ရာတွင် သူတို့ခါးစည်းကြိုးက အနီရောင်ဖြစ်၏။

သူတို့၏ ပုံဟန်က လက်မှုရှင်များနှယ်ရှိကြ၏။

ခါးတွင် ဓားတစ်လက်စီ ချိတ်ဆွဲထားကြ၏။

ထိုသူတို့သည်လည်း ရှောင်လန်းအား ပြန်လည်အကဲခတ်နေကြသည်။

ခေါင်းဆောင်တစ်ဦးက ...

'ဟေ့ ဒီလူငယ်လေးကို ဆုံးမလိုက်စမ်း'

တစ်ဦးက လွှားခနဲခုန်ထွက်လာ၏။

လက်ထဲတွင်လည်း ဓားက အသင့်ထုတ်ပြီးဖြစ်သည်။

ထိုသူသည် ရှောင်လန်းထံ ခုန်ဝင်ကာ ဓားသုံးချက်တိတိ ဆင့်ကာ ခုတ်ချလိုက်သည်။

သူသည် ရမ်းသမ်းထိုးနှက်ခြင်းမဟုတ်ဘဲ စနစ်တကျသိုင်းကွက်ကို အသုံးပြုကာ ထိုးခုတ်လာခြင်းဖြစ်၏။

ကျန်လူများသည် ဤသူတို့က သိုင်းပညာ တတ်ကြောင်း ရှောင်လန်းချက်ချင်းပင် ရိပ်စားမိ၏။

သူသည်လည်း တုံ့နှေးမနေပါ။

ချက်ချင်းပင် ခေါင်းကို ရှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်၏။

'ချွမ်း'

သိုင်းကွက် ငါးကွက်အတွင်' ထိုလူသည် ရှောင်လန်း၏ ခေါင်းချက်များကြောင့် နောက်ပြန်ဆုတ်သွားရသည်။

'မင်းက မဆိုးပါလား'

'ဒါပေမယ့် နွားနီတောင်တက်ကို ကျူးကျော်လာတဲ့လူဟာ သေဒဏ်သင့်ရမှာပဲ'

ရှောင်လန်းက မဲ့လိုက်ပြီး....

'ခင်ဗျားက ကျုပ်ကိုသတ်လို့မရပါဘူး၊ ခင်ဗျားရဲ့လူတွေကိုခေါ်ပြီး ဒီကအမြန်ဆုံးထွက်သွားတာက ပိုပြီ သင့်တော်မယ်'

ဟု ခွန်းတုံ့မခံ ပြန်ပြောလိုက်သည်။

ထိုသူ၏မျက်နှာ တင်းမာသွား၏။

'စကားပြောတာ တယ်လဲကြီးကျယ်ပါလား၊ဟေ့ကောင်တွေ ဘာရပ်ကြည့်နေတာလဲ ဝိုင်းပြီးဆုံးမလိုက်ကြရအောင်'

ထိုလူ သုံးယောက်က ရှောင်လန်းအား ဖိခနေ့ငံ့ဆိုင်ဝိုင်းရံလိုက်ကြ၏။

ထို့နောက် ရှောင်လန်းအား တရကြမ်းပင် တိုက်ခိုက်လေသည်။

ရှောင်လန်းကား ကြောက်ရွံ့ခြင်း အလျဉ်းမရှိပါ။

တည်တည်ငြိမ်ငြိမ်နှင့် ပြန်လည်တိုက်ခိုက်လေသည်။

'ယား'



'ကျွား'

'ချွမ်း'

ရှောင်လန်း၏ ဘိုင်ပညာကား မဆိုးပါ။

ထိုလူသုံးယောက်က ရှောင်လန်းအား အနိုင်မယူနိုင်သလို ရှောင်လန်းကလည်း ထိုလူသုံးဦးအား အနိုင်မယူနိုင်ခဲ့ပါ။

ထိုလူ သုံးယောက်သည် အနည်းငယ် တုံ့လှုပ်သွား၏။

တောင်ပေါ် တိုက်ပွဲတွင်သည်း သူ့ဘက်မှ အခြေအနေ သိပ်မကောင်းပါ။

ယခုလည်း ရှောင်လန်း တစ်ယောက်ထဲကိုပင် သူတို့က အနိုင်ရအောင် မတိုက်ခိုက်နိုင်ဘဲ ရှိနေသည်။

ထို့ကြောင့် ဆက်လက် တိုက်ခိုက်လိုစိတ်မရှိတော့ပေ။

ထိုလူသုံးယောက်က နောက်သို့ခုန်ဆုတ်သွား၏။

ရှောင်လန်းအား စိမ်းစိမ်းကြည့်လိုက်ပြီး—

'မင်းတို့ သတိကောင်းကောင်း ထားနေပါ မကြာခင် မင်းတို့အားလုံး သေကုန်ရမယ်လို့ ကျုပ်ပြောခဲ့မယ်'

'အားလုံး ဆုတ်ကြ'

ဟု အမိန့်ပေး၏။

ထိုသူထံမှ နောက်ဆုတ်ရန်အမိန့်ပေးသည်နှင့် တိုက်ခိုက်နေသူများသည် ချက်ချင်းပင် တောင်အောက်သို့ ပြေးဆင်းသွားကြလေတော့သည်။

ထိုလူသုံးယောက်က ပြောရင်း ကြုံးဝါးသွားသေး၏။

'မင်းတို့ ထမင်းဝဝစားထားကြ'

တစ်ခဏအတွင်း၊ ရန်သူများက ကစဉ့်ကလျားနှင့် ဆုတ်ခွာ ထွက်ပြေးကြလေသည်။

ရှောင်လန်းတို့လူစုမှာ ပထမဆုံးတိုက်ပွဲကို အလွယ်တကူ အနိုင်ရရှိလိုက်သည့်အတွက်ကြောင့် စိတ်ခေါ်တ် တက်ကြွသွားကြတော့သည်။

ဝမ်ကျောင်းက ရှောင်လန်းကို စိုက်ကြည့်လိုက်သည်။

'မင်းက သိုင်းပညာလဲတတ်တာကိုး'

ရှောင်လန်းက....

'ဟုတ်ကဲ့၊ ငယ်ငယ်ကတည်းက ဖေဖေသင်ပေးခဲ့လို့ အနည်းအကျဉ်း တတ်မြောက်ခဲ့ပါတယ်'

'မင်းက ကျုပ်ကိုတောင်မပြောဘူး'

'သိုင်းပညာဟာ ကြွားဝါစရာမဟုတ်ဘူးလို့ ဖေဖေက မှာထားပါတယ်၊ အရေးကြုံတဲ့အခါ အသုံးပြုနိုင်အောင် သင်ကြားပေးခဲ့တာပါ'

ဝမ်ကျောင်းက ခေါင်းဘဆတ်ဆတ်ညိတ်လိုက်သည်။



'မှန်တယ်၊ ဘယ်အတတ်ပညာကိုမဆို သင်ကြား တတ်မြောက်ထားတာ အကောင်းဆုံးပါပဲ၊ လိုအပ်တဲ့အချိန်မှာ ...တ်ပြီး အသုံးပြုနိုင်တာပေါ့၊ မင်းဟာ ဘက်စုံထူးချွန်တဲ့ ...ယ်ပါပဲ'

ရှောင်လန်းက ခေါင်းငုံ့ထားသည်။

'ကျွန်တော်က...'

ကျန်ဖုန်းရှေက ဝင်ပြောလိုက်၏။

'ဒီကနေ့ညတိုက်ပွဲမှာ မင်းဟာ အရဲရင့်ဆုံးလူပါပဲ'

ရှောင်လန်းမှာ ကျန်ဖုန်းရှေ၏ ချီးကျူးမှုကြောင့် မနေ ...တ်သာလို ဖြစ်သွားသည်။

ကျန်ဖုန်းရှေက...

'ကဲ... ကျုပ်တို့ဒီမှာ ရှိနေတာလဲ သူတို့သိသွားခဲ့ပြီ၊ သူတို့ ...စွမ်းကိုလဲ စမ်းကြည့်ပြီးပြီ၊ ကျုပ်တို့ ထိုင်မနေသင့်တော့ ...း လှုပ်ရှားရတော့မယ်၊ ဒီမှာထိုင်နေရင် ရန်သူတွေဟာ ...ဖွဲ့ရောက်ရှိလာမကြမှာ သေချာတယ်'

ဟု ပြောလိုက်၏။

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ လာမယ်ဆေား ပြေးတွေ့တာပဲ ကောင်းပါ ...ယ်၊ ကျုပ်တို့ ငူစန်းဟိုရောက်အောင် ခရီးဆက်ကြတာ ...ပါ'

နီစွမ်က....

'ကောင်းတယ်၊ ကျုပ်လဲ နှစ်ရက်ထိုင်နေရတော့ ပျင်းနေ ပြီ'

အားလုံး သဘောတူကြသည့်အတွက်ကြောင့် သူတို့ အားလုံး တောင်ပေါ်မှ ဆင်းလာကြတော့သည်။

နွားနီတောင်ခြေသို့ ရောက်လာမှ....

ကျန်ဖုန်းရွှေက....

'ကဲ... ကျုပ်တို့ ဘယ်လို ဦးတည်သွားကြမလဲ'

ဝမ်ကျောင်း တွေဝေသွားသည်။

ရွှောင်လုန်းက....

'ကျွန်တော့်ရဲ့ အိပ်မက်ထဲကအတိုင်း ဒီနွားနီတောင်ရဲ့ မြောက်ဘက်ကိုပဲ သွားကြတာ ကောင်းမယ်ထင်တယ်'

ဟု အကြံပေးလိုက်သည်။



ဝမ်ကျောင်းက ကျန်ဖုန်းရွှေကို ကြည့်လိုက်သည်။

ကျန်ဖုန်းရွှေက လွယ်လွယ်ကူကူပင် သဘောတူလိုက်လေ သည်။

'ကောင်းပြီလေ၊ ဦးတည်ချက်မဲ့ သွားလာမယ့်အစား နေရာအရပ် ဒေသတစ်ခုခုကို ဦးတည်သွားတာ ကောင်းပါ တယ်'

နီစွမ်က ပြုံးလိုက်ပြီး....

'အေး....အေး၊ ကျုပ်က မင်းတို့ရဲ့ လမ်းပြအဖြစ် လိုက် သွားပေးမယ်, ဒီဘက်ကို တစ်ခါမှ မရောက်ခဲ့ဘူးတော့ ဘယ် လိုလမ်းပြရမှန်းတောင် မသိဘူး'

ဝမ်ကျောင်းက ယခုမှ သတိရသွားပြီး....

'ကျွန်ဟောင်တို့ အပြုအမူတွေဟာ ဦးကို ကျော်လွန်ပြီး ပြုမူသလို ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါဗျာ'

နီစွမ်က လက်ကာ ပြလိုက်ပြီး—

'ကိစ္စမရှိဘူး၊ ကျုပ်အမှန်အတိုင်း ပြောတာပါ၊ ကျုပ် က ထိုက်ဟန်စန်းတောင်တန်းပေါ် နှစ်(၂၀)လောက် သွား လာခဲ့ပေမယ့် ဒီဘက်ကို ကျုပ်တစ်ခါမှ မရောက်ခဲ့ဘူး၊ကျုပ် အတွက်လဲ အတွေ့အကြုံသစ်လို့ ပြောရမှာပဲ'

ဝမ်ကျောင်းက....

'အခု ကျွန်တော်တို့ မြောက်ဘက်ကိုသွားကြမလို့'

နီစွမ်က မြောက်ဘက်အား တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက်...

'အင်း ကြည့်ရတာတော့ မြောက်ဘက်တောင်ထိပ် မရှိလှဘူး၊ လျှို နဲ့မြေပြန့်များမယ်နဲ့တူတယ်၊ တောင်ကို တွေ့ရင်လဲ သိပ်မမြင့်တဲ့ တောင်တစ်လုံးတစ်လေပဲရှိမယ်'

ဝမ်ကျောင်းက...

'မြေပြန့်ဆိုရင် နေထိုင်ဖို့သတ္တဝါမျိုးလျော့မယ်၊ အင်း—ဟိုလူစုနဲ့များ ပက်ပင်း တိုးနေမလား'

ဟု ပူပန်စွာ ရေရွတ်လိုက်၏။

ရှောင်လန်းက...

'ဒီလူတွေနဲ့က ဒီတော ဒီတောင်ထဲမှာ တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြမှာ အမှန်ပဲ၊ ဒီတော့ ပက်ပင်းတိုးလဲ ကောင်းတာပဲ မဟုတ်လားဆရာ'

ဟု ရဲရင့်စွာပင် ပြောလိုက်သည်။

ကျန်ဖုန်ရှေက သဘောကျစွာ ပြုံးပြီး—

'ဟုတ်တယ်၊ မင်းပြောတာ အမှန်ဆုံးပဲ၊ ကဲ... အားလုံးသဘောတူရင် မြောက်ဘက်ကိုပဲ သွားကြစို့'



သူတို့လူစုသည် နွားနီးတောင်၏ မြောက်ဘက်သို့ ဦး တည်ခရီး ဆက်လာခဲ့ကြ၏။

ညဥ့်နက်နေဆဲ ဖြစ်သည်။

သူတို့သည် ထိန်ထိန်သာနေသော လရောင်ကိုအားပြုကာ မှိုင်းသို့သွက်လက်စွာဖြင့် ခရီးဆက်ခဲ့ကြလေသည်။

ကျန်ဖုန်ရှေနှင့် နီစွမ်က ရှေ့ဆုံးမှ သွားနေ၏။

သူတို့နောက်မှ ဝမ်ကျောင်းနှင့် ရှောင်လန်းတို့ ဖြစ်ပြီး သူတို့နောက်မှ ... မားများက ကပ်လျက် လိုက်ပါလာကြလေသည်။

နီစွမ်က...

'ကျုပ် စဉ်းစားမိတာ တစ်ခုရှိတယ်ကွ'

ကျန်းဖုန်းရှေက...

'ဘာများလဲ ခင်ဗျာ'

နီစွမ်က...

'ဒီထိုက်ဟန်စန်းတောင်မှာ အခြေချ နေထိုင်တဲ့လူတွေ ရှိမယ်လို့ မင်းတို့ မျှော်လင့်ခဲ့သလား'

ကျန်ဖုန်းရှေက ခေါင်းခါ၏။

'မမျှော်လင့်ခဲ့ပါဘူး'

နီစွမ်က—

'အေး—ငါ့တစ်သက်မှာလဲ ဟောဒီကစ်ဝိုက်မှာ လူတွေ အများကြီး နေထိုင်တယ်ဆိုတဲ့သတင်း မကြားခဲ့ဖူးဘူး၊ အခု တော့ မမျှော်လင့်ပဲ ဒီတောထဲမှာ လူရှိနေတာ တွေ့လိုက်ရ တော့ တော်တော်ကို အံ့အားသင့်သွားမိတယ်'

ဝမ်ကျောင်းက ဝင်ပြောလိုက်၏။

'ဟုတ်ကဲ့၊ ကျွန်တော်လဲ အတော် အံ့အားသင့်သွားတယ်'

နီစွမ်က....

'ဒါတင်မကသေးဘူး၊ တောထဲမှာ လူတွေတယ်ဆိုတော့ ဒီလူတွေဟာ တောထဲမှာ ကျန်ရစ်နေတဲ့ မျိုးနွယ်စုတွေလား လို့ ပထမက ငါ့ထင်ခဲ့တယ်၊ ဒါပေမယ့်၊ သူတို့တတွေဟာ ငါထင်ထားသလို သီးခြား မျိုးနွယ် စု တွေ မဟုတ်ကြဘူး၊ စကားသံဝဲတာက ကျုပ်တို့ပြည်နယ်ဘက်ကနဲ့ မထူးခြားလှ ဘူး၊ ပြီးတော့ သုံးစွဲခဲ့တဲ့ စကား အသုံး အနှုန်း တွေကလဲ ကျုပ်တို့ရဲ့ ကွာခြားမှု မရှိဘူး'

ဝမ်ကျောင်းက သူ့ပေါင်ကို သူ ပုတ်ပြီး—

'မှန်လိုက်လေဗျာ'

နီစွမ်က...



'ဒီလူစုတွေကို ကျုပ် သံသယဖြစ်မိတယ်'

ကျန်ဖုန်းရွှေက စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

'ဘယ်လို သံသယ ရှိတာလဲ'

နီစွမ်က....

'သူတို့ဟာ ဟောဒီတောတောင်ထဲမှာ လူသိမခံပဲ လျှို့ဝှက် နေထိုင်ကြတာဟာ သံသယဖြစ်စရာ အကောင်းဆုံးပဲပေါ့'

ကျန်ဖုန် ရွှေက ခေါင်းညိတ်သည်။

'အင်း... ဦးလေးပြောမှ ကျွန်တော်သတိထားမိတော့တယ်'

နီစွမ်က—

'မကြာခင် သူလဲ ဘယ်သူတွေလဲဆိုတာ သိလာမှာပါ'

ဝမ်ကျောင်းက—

'ဟော့—ကျန်ဖုန်းရွှေ ဒီလူတွေရှိနေတော့ ဝူစန် ဟိုမြို့ပျက် ရတနာတွေ ရှိတောင်ရှိပါဦးမလားကွ'

ဟု ပူပန်စွာ မေးလိုက်၏။

သူက ပခုံးတွန့်လိုက်ပြီး—

'ဝူစန်းဟို မြို့ပျက်ကိုပဲ ရောက်ပါစေဦးဗျာ'

ရှောင်လန်းက....

'မကြာခင် ဝူစန်းဟိုမြို့ပျက်ကို ရောက်မယ်လို့ ကျုပ် ယုံ ကြည်ပါတယ်'

သူတို့သည် စကားတပြောပြောနှင့် ခရီးဆက်လာ၏။ လမ်းသည် တစထက်တစ နိမ့်ဆင်းလာ၏။

တောက ပို၍ ထူထပ်လာ၏။

လဆုတ်သည် ထူထပ်သော သစ်ပင်ချုံနွယ်များပေါ် ကျရောက်နေသည်။

တောတန်းတစ်နေရာ အရောက်ဝယ် နီစွမ်၏ ခြေလှမ်းတို့က ရပ်သွားသည်။

ကျွန်ဖုန်းရွှေကလဲ အလိုက်တသိ ရပ်သွား၏။

နီစွမ်းကား လျှင်မြန်လှသည်။

လက်ဘွင် ကိုင်ထားသောလေးဖြင့် ချုံတစ်နေရာသို့ ချိန်ရွယ်ကာ လျှပ်တစ်ပြက် ပစ်ခတ်လိုက်သည်။

'ဝုစ်'

'အား'

အော်သံ ထွက်ပေါ်လာ၏။

အားလုံး မျက်လုံးပြူးသွား၏။

ကျွန်ဖုန်းရွှေက—

'သတိထား၊ ရန်သူ'

ဟု သတိပေးလိုက်သည်။



အားလုံးက လက်နက်များ အသင့်မြှင်ကာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ထိုခဏအတွင်း သစ်ပင်များကြားမှ လူဆယ်ဦးက ခုန်တက်လာကြသည်။

'တိုက်ကြ'

'အားလုံးကို သတ်ပစ်'

'တစ်ယောက်မှ မလွတ်စေနဲ့'

ဟု ညာသံပေးကာ တရကြမ်းပင် တိုက်ခိုက် လာလေသည်။

ကျွန်ဖုန်းရွှေတို့ လူစုကား သတိရှိနေကြပြီဖြစ်၏။

ထို့ကြောင့် ထွက်ပေါ်လာသော ရန်သူများက ဆီးကြို တိုက်ခိုက်ကြသည်။

တစ်ခဏအတွင်းပင် တောအုပ်အတွင်း၌တိုက်ပွဲသံများဖြင့် ဆူညံသွားလေသည်။

* * *

တိုက်ပွဲကား မကြာလှပါ။

ကျွန်ဖုန်းရွှေတို့အုပ်စု၏ တုံ့ပြန်တိုက်ခိုက်မှုကို ရန်သူများကား မခံနိုင်ကြပါ။

တစ်ခဏအတွင်းပင် သစ်ပင်များကြား တိုးဝင်ထွက်ပြေးသွားကြသည်။

ကျန်ဖုန် ရွှေက ပြုံး က်ပြီး....

'သူတို့မှာ ဘာအစွမ်းအစမှ မရှိပါဘူးဗျာ၊ ဒီလူတွေ လောက်တော့ ကျုပ်တို့ကောင်းကောင်းရင်ဆိုင်နိုင်ပါတယ်'

နိစ္စမ်းက—

'သူတို့ နှစ်ကြိမ်ရှုံးသွားပြီ အခဲ့ကြမှာမဟုတ်ဘူး'

ဝမ်ကျောင်းက ..

'ဟုတ်တယ်၊ သူတို့အဆင့်မြင့်တဲ့ လူတွေနောက်တစ်ကြိမ်မှာ ပါလာနိုင်တယ်၊ မမေ့သလေနဲ့'

ကျန်ဖုန်းရွှေက ...

'စိတ်ချစမ်းပါဗျာ၊ ဒီလို အချိန်အခါမျိုးမှာ ပေါ်ဆရင် အသက်ပေးရမယ်ဆိုတာ ကျုပ်က ခင်ဗျားတို့ထက် ပိုနားလည်တယ်၊ အခုလဲ ဒီရန်သူတွေကို လက်စတုံးပစ်ဖို့ စိတ်ကူးနေတာ သူတို့ကို ညာညာတာတာဆက်ပြီး တိုက်ခိုက်နေရင် ရန်သူကို အားပိုမွေးသလို ကျရောက်နေမှာကိုလဲ စိုးရိမ်ရတယ်'

ရှောင်လန်းက....



'ငယ်သားတွေက အရေးမပါလှပါဘူး၊ ခါးစည်းကြိုး အနီနဲ့လူတွေသာ အဓိကထားရမယ်၊ သူတို့အမိန့်အောက်မှာ ကျန်တဲ့လူတွေက လှုပ်ရှားနေတာပဲ'

သူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့က ကျန်တဲ့လူတွေကို ထိန်းချုပ်ထားတယ်၊ ဒီတိုက်ပွဲမှာ ကျုပ်က သူတို့ကို မဖမ်းလိုက်တာဆိုးတယ်၊ နောက်တစ်ကြိမ်ဆိုရင်တော့ သူတို့ကို လက်ရဖမ်းပြီး စစ်ဆေးရမယ်'

နိစ္စမ်က သဘောကျသွားသည်။

'သိပ်ကောင်းတဲ့ အကြံပဲ၊ ကျုပ်တို့ ခရီးဆက်ကြစို့'

သူတို့သည် ရှေ့သို့ဆက်၍ လာခဲ့ကြသည်။

မကြာမီ ရှောင်လန်းထံမှ အသံထွက်ပေါ်လာသည်။

'ဟာ.... ဒီလမ်းပဲ၊ အလင်းဓားရှိတဲ့နေရာကိုသွားတာ ဒီလမ်းကလေးပဲ'

အားလုံးက ရှောင်လန်းအား ကြည့်လိုက်သည်။

ရှောင်လန်းက-

'ကျုပ်အိပ်မက်ထဲမှာ ဒီလမ်းကိုရောက်ခဲ့တယ်၊ မြန်မြန်လာကြ၊ ကျုပ်တို့ မကြာခင် အလင်းဓားရှိတဲ့နေရာကို ရောက်ပြီ'

ပြောသည်။

ထို့နောက် သူသည် ရှေ့ဆုံးမှ ပြေးလွှားသွားသည်။

'မလောနဲ့'

ဝမ်ကျောင်းက လှမ်း၍ သတိပေး သည်။

သို့သော် ရှောင်လန်းကား မကြားတော့ပါ။

ရှေ့မှ ပြေးသွားနေပြီဖြစ်သည်။

ဝမ်ကျောင်းနှင့် သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် ရှောင်လန်း၏နောက်မှ ပြေးလိုက်သွားကြလေတော့သည်။

*

ရှောင်လန်းသည် လျှိုတစ်ခုထိပ်တွင် ရပ်တန့်လိုက်သည်။ သူ့အိပ်မက်ထဲမှ အလင်းဓားရှိသော လျှိုကြီးပင်ဖြစ်၏။ သူက အောက်သို့ ငုံ့ကြည့်လိုက်သည်။



မျက်မှောင်ကုတ်သွား မိသည်။

အိပ်မက်ထဲမှ လျှိုသည် အတော်ပင် နက်ရှိုင်းသည်။

ယခုလျှိုမှာ သိပ်အနက်ကြီး မဟုတ်ပါ။

အိပ်မက်ထဲက လျှိုမှာ တောင်ခြေတစ်ခုလုံးလင်းနေသည်။

ယခုလျှိုကား လင်းမနေပါ။

သို့သော်... လျှို၏အောက်ခြေ တစ်နေရာတွင်မူ တစ်ချက်တစ်ချက် အလင်းရောင် ထွက်ပေါ်နေသည်ဟု ထင်ရသည်။

တိုးဖွဲ့....စကားသံ ထွက်ပေါ်လာသည်။

'အလင်းဓားရှိတာ ဒီနေရာလား'

ရှောင်လန်းက လှည့်ကြည့်လိုက်သည်။

ကျန်ဖုန်းရွှေသည် ဝမ်ကျောင်းနှင့်အတူ ရောက်ရှိလာပြီး မေးလိုက်ခြင်းပင် ဖြစ်ပါတည်။

ရှောင်လန်းက ခေါင်းညိတ်လိုက်သည်။

'ဒီနေရာတော့ ဒီနေရာပဲ၊ ဒါပေမယ့် အိပ်မက်ထဲက အတိုင်းတော့ မဟုတ်ဘူးဗျ'

ကျန်ဖုန်းရွှေက—

'တစ်သားဝေမတိမ်းတော့ ဘယ်တူနိုင်မှာလဲ'

ရှောင်လန်းက—

'ဟောဟိုအောက်ခြေမှာ တစ်ခါတစ်ခါ အလင်းရောင် ထွက်နေတယ်၊ ကျွန်တော်ပဲ စိတ်စွဲနေလို့လားမသိဘူး၊ ကြည့်ကြပါဦး'

အောက်ခြေတစ်နေရာကို ညွှန်ပြကာ ပြောလိုက်သည်။

ဝမ်ကျောင်းနှင့် ကျန်ဖုန်းရွှေတို့က သူ ညွှန်ပြသော နေရာကို ကြည့်လိုက်ကြသည်။

ဘာမျှ မထူးခြားပါ။

အလင်းရောင်လည်း မတွေ့ပါ။

ကျန်ဖုန်းရွှေက ...

'ဘာမှ မတွေ့ ..'

သူ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

အကြောင်းမှာ သူက ဘာမျှမတွေ့ဟု ပြောမည် ပြုစဉ်မှာပင် လျှိုအောက်ခြေ၌ အလင်းရောင်တစ်ချက် လင်းလက်သွားသည်ကို တွေ့ ကြ်ရသောကြောင့်ဖြစ်ပါသည်။

ထိုသို့လင်းလက်ချင်းကား တစ်ခဏမျှသာဖြစ်သည်။

မျက်စိတစ်မှိတ်အတွင်း အလင်းလက်ကာပြန်လည်ပျောက်ကွယ်သွားသည်။

မကြာမီ တစ်ချက်လင်းသွားပြန်သည်။

ဝမ်ကျောင်းက ...

'ဟုတ်တယ်၊ လျှိုမြေမှာ တစ်ချက် တစ်ချက် အလင်းရောင် ပေါ်လာတယ်ဗျ'

ကျန်ဖုန်ရွှေက ခေါင်းညိတ်လိုက်သည်။

'မှန်တယ်၊ ကျုပ်လဲတွေ့လိုက်တယ်'

ရှောင်လန်း အားတက်သွားသည်။

'ကျွန်တော်တို့ ဆင်းကြမလား'



ကျန်ဖုန်ရွှေ တစ်ချက်စဉ်းစားလိုက်သည်။

ထိုစဉ် နီစွမ်၏ သိုင်းသမားများ ရောက်ရှိ လာကြလေသည်။

နီစွမ်က ..

'ဘယ်လိုလဲဟေ့'

ကျန်ဖုန်ရွှေက....

'ကျွန်တော်တို့ လျှိုထဲ ဆင်းကြည့်ကြမလို့'

နီစွမ်က....

'ကောင်းသားပဲ အားလုံးဆင်းကြမလား'

ကျန်ဖုန်ရွှေက...

'အားလုံးဆင်းလို့ ရန်သူရောက်လာရင် ဒုက္ခရောက်နေဦးမယ်၊ ဒါကြောင့် ကျွန်တော်တို့ သုံးယောက်ပဲ ဆင်းမယ်၊ ကျန်တဲ့လူတွေက ဒီနေရာမှာပဲ ကိုယ်ရောင်ဖျောက်ပြီး နေကြပါ'

နီစွမ်က သဘောတူလိုက်သည်။

ထို့နောက် ကျန်ဖုန်ရွှေသည် ရှောင်လန်းနှင့်ဝမ်ကျောင်းတို့အားခေါ်ကာ လျှိုထဲသို့ ဆင်းသွားလေတော့သည်။

* * *

စမ်းချောင်းလေးအနီးရှိ တောတန်းတွင်း ဝယ် ဖျာခင်းပြီး အကျိုဝတ်ထားသောလူဘစ်စုရှိနေသည်။

ထိုလူစုသည် စုစုပေါင်း ၁၅ ဦးခန့်ရှိသည်။

ထိုလူစု၏ ခေါင်း ဆောင်သည် မုတ်ဆိတ်မွေး ထူထဲပျစ်ရှိသော လူသွားကြီးတစ်ယောက်ဖြစ်ပါသည်။

မုတ်ဆိတ် ၏ ဝတ်စားဆင်ယင်မှုမှာလည်း ကျန်လူများနှင့် မခြားနားလှပါ။

သို့ရာတွင် သူ၏ ခါးစည်းကြိုးကမူ အနီရောင်ဖြစ်သည်။

မုတ်ဆိတ်သည် သူ၏လူများကို တောလမ်း၏ တစ်ဘက်တစ်ချက်တွင် နေရာချထားသည်။

တဖန် လေးသမား(၃)ဦးကို သစ်ပင်များပေါ်၌ အသီးသီး နေရာယူစေ၏။

သူသည် စမ်းချောင်းလေး၏တစ်ဘက်မှ ရန်သူ ဝင်လာရန်နှင့် ရန်သူပြန်ထွက်သွားခွင့် မရစေရန်အတွက် ဟန့်တားဖြတ်ဆို့ရန် တာဝန်ယူထားရသူဖြစ်သည်။

ရန်သူများ ရောက်ရှိလာသည်ဟု သတင်းရပြီး နောက်တစ်နေ့မှာ သူက ဤနေရာကို စောင့်ကြပ်ရန် တာဝန်ယူထားရခြင်းဖြစ်သည်။

သို့အတွက် သူက မကျေမနပ်ဖြစ်မိသည်။

သူသည် ရန်သူနှင့် နင်လားငါလားရင်ဆိုင်လိုသည်။

ရန်သူကို လိုက်လံရှာဖွေကာ သုတ်သင်ရသော တာဝန်ကို ယူလိုသည်။



သို့သော်...သခင်ကြီးက သူ့အား ဤတာဝန်သာ ပေးခဲ့သည်။

သူသည် သခင်ကြီးအမိန့်ကို မလွန်ဆန်ရဲသဖြင့်သာ ဤနေရာတွင် စောင့်ကြပ်နေရခြင်းဖြစ်သည်။

တစ်နေ့တစ်နေ့ သူရင်ဆိုင်နေရသည်က အလွန် ပျင်းရိငြီးငွေ့ဖွယ်ကောင်းခြင်းဟူသော အရာပင် ဖြစ်ပါသည်။

သူတို့အဖွဲ့ ဤနေရာတွင် စောင့်ကြပ်နေရသည်မှာ (၃)ရက်သာရှိသေး၏။

သို့သော်...မုတ်ဆိတ်အဖို့ ထို(၃)ရက်ကို ရက်(၃၀)မကြာင် ထင်နေမိသည်။

နောက်ထပ် သုံး လေးရက်နေ၍ ရောက်မလာခဲ့လျှင် သူကပြန်တော့မည်ဟု တွေးတောထားသည်။

ယနေ့လည်း သူသည် ပျင်းရိလွန်းသောကြောင့် သစ်ပင်တစ်ပင်အောက်တွင် လှဲလျောင်းကာ အိပ်စက်နေသည်။

သူ အိပ်မောကျနေစဉ်မှာပင်....

'ဆရာမုတ်ဆိတ်....ဆရာမုတ်ဆိတ်'

ဟု နှိုးလိုက်သံကိုကြားလိုက်ရ၏။

မုတ်ဆိတ်က မျက်လုံးဖွင့်ကြည့်လိုက်ပြီး—

'ဘာလဲကွ'

ငယ်သားက....

'လူတစ်စုလာနေတယ်၊ စမ်းချောင်းဟိုဘက်မှာ'

'ဟေ'

မုတ်ဆိတ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူသည် ချက်ချင်းပင် လူးလဲထလိုက်၏။

ထို့နောက် စမ်းချောင်းတစ်ဘက်သို့ လှမ်းကြည့်၏။

မှန်သည်၊ သူ၏ငယ်သား သတင်းပို့သည်မှာ မှန်၏။

စမ်းချောင်းတဖက်တွင် လူတစ်စုလာနေသည်ကိုမြင်ရ၏။

ထိုလူစု၏အင်အားကလည်း မသေးလှပါ။

တစ်ဆယ့်ငါးယောက်ခန့်ရှိ၏။

ထိုလူများ ဝတ်စားဆင်ယင်ပုံအရ ဤနယ် တစ်ဝိုက်မှ မဟုတ်ပါ။

သူ့သခင်ကြီးပြောခဲ့သော ပြည်ပမှလူများဖြစ်မည်ဟု ချက်ချင်းတွေးမိ၏။

မုတ်ဆိတ်၏ မျက်လုံးများတွင် လူသတ်လိုသော အရိပ်အယောင်များက အထင်းသားပေါ်လွင်လာသည်။

မုတ်ဆိတ်လက်တစ်ဘက် ဝေ့ယမ်းလိုက်၏။

ဖျင်ကြမ်းအင်္ကျီနှင့်လူများက လက်နက်ကိုယ်စီ အသင့်ပြင်ကာ တောလမ်း၏ တစ်ဘက်တစ်ချက်တွင် နေရာယူကြ၏။

သစ်ပင်ဘက်ရှိ လေးသမားများကလည်း လေးညို့ပေါ်မြားတင်ကာ အသင့်ပြင်ထားကြသည်။



ထို့နောက် သူတို့အားလုံးသည် မိတ်ဆွေ၏ အချက်ပေးကို စောင့်ဆိုင်းနေကြလေသည်။

'တကယ့်ကို သာယာတဲ့နေရာပဲ'

ကွမ်ကျုံးက ပတ်ဝန်းကျင်ကိုကြည့်၍ပြောလိုက်၏။

နန်းဟူက ပြုံးလိုက်ပြီး—

'ကျုပ်တို့ ခုထက်ထိ ဝမ်ကျောင်းတို့လူစုကို မမိသေးတာ ...းတယ်'

ကွမ်ပေက—

'ကျုပ်တို့ လမ်းမှားသွားလို့ပါ၊ မဟုတ်ရင် သူတို့ကို ...င်းကောင်းမီပါတယ်'

နန်းဟူက....

ဝမ်ကျောင်းတို့လူစုကို အထင်သေးလို့မဖြစ်ဘူး၊ သူတို့အထဲကတစ်ယောက်က ခြေရာလမ်းလွဲတဲ့နေရာမှာ အဘော့ကို ကျွမ်းကျင်ပုံ ရတယ်'

ကွမ်ပေက....

'သူတို့နဲ့အတူ မုဆိုးတစ်ယောက် ပါသွားတယ်လို့ကြားခဲ့တာပဲ၊ ဒီမုဆိုးရဲ့လက်ချက်ပဲထင်တယ်'

နန်းဟူက ခေါင်းညိတ်လိုက်၏။

'ဖြစ်နိုင်ပါတယ်၊ သူတို့ကို ကျုပ်တို့ အမြန်ဆုံး မိမှ ဖြစ်မယ်'

သူတို့သည် စကားတပြောပြောဖြင့် လျှောက်လာကြရာ မကြာမီ စမ်းချောင်းလေးအနီးသို့ရောက်ရှိလာသည်။

'ရပ်'

နန်းဟူက အမိန့်ပေးလိုက်သည်။

ကြေးစားသိုင်းသမားအားလုံး ရပ်လိုက်ကြ၏။

ကြေးစားသိုင်းသမား ၁၂-ဦးအနက် ၂-ဦးသည် လမ်းတွင် ကျဆုံးသွားပြီဖြစ်၍ ၁၀-ဦးသာကျန်တော့၏။

နန်းဟူက တံတားကိုညွှန်ပြလိုက်သည်။

'စမ်းချောင်းမှာ တံတားရှိနေတယ်'



ကွမ်ကျုံးက

'စမ်းချောင်းကို ဖြတ်ကျော်ဖို့ တံတား ထိုးထားတာပဲ၊ ဒါ ဘာထူးဆန်းလို့လဲ'

နန်းဟူက လျှို့ဝှက်စွာပြုံးလိုက်သည်။

'ထူးဆန်းတာပေါ့၊ ဒီတံတားကိုကြည့်စမ်း၊ အခုမှ ပြန်ထိုးထားတဲ့တံတား ဟုတ်ရဲ့လား'

ကွမ်ကျုံးက—

'အခုမှ လုပ်ထားတာ မဟုတ်ပါဘူး၊ ကြာပြီဆိုပေမယ့် ဒါပေမဲ့ ကြာဦးမှာ မဟုတ်ဘူး၊ တံတားက အကောင်းကြီး ရှိသေးတယ်'

နန်းဟူက....

'ဒီလိုခေါင်လှတဲ့တောထဲမှာ ဘယ်သူကများ စမ်းချောင်းကိုဖြတ်ကျော်ဖို့အတွက် အခုလို အခိုင်အမာ တံတားတစ်ခု တည်ဆောက်ခဲ့ကြမှာလဲ'

ကွမ်ကျုံး မျက်မှောင်ကုတ်သွားသည်။

'ခင်ဗျားပြောစကားအရဆိုရင် ဒီတံတားဟာ မကြာခင်က အသုံးပြုဖို့ ရည်ရွယ်ပြီး တည်ဆောက်ထားတယ် ဆိုတဲ့ သဘောလား'

နန်းဟူက ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့၊ ဒီတံတားကိုကြည့်ပါ၊ မကြာခင်ကမှ အသုံးပြုနိုင်ဖို့ ဆောက်ထားတယ်ဆိုတာ ထင်ရှားနေတယ်'

ကွမ်ပေက ဝင်မေးလိုက်သည်။

'ဘယ်သူက ဆောက်ထားတာလဲ'

နန်းဟူက ပခုံးတွန့်လိုက်သည်။

'ကျုပ်လဲ ဘယ်သိမှာလဲ- ဒါပေမယ့်....ကျုပ်သိထားတာ တစ်ခုရှိတယ်'

'ဘာများလဲ'

'ဒီတံတား ဆောက်ထားတဲ့အတွက် ဒီပတ်ဝန်းကျင်မှာ ရွာတစ်ရွာ ရှိလာနိုင်တယ်ဆိုတာပဲ'

ကွမ်ကျုံးက....

'ဒီလောက် ဝေလံသီခေါင်လှတဲ့ တောတောင်ထဲမှာ ရွာရှိနေတယ်ဆိုရင်တော့ အံ့သြစရာပေါ့'

နန်းဟူက—

'မှန်တယ်၊ လောကကြီးမှာ ဆန်းကြယ်တဲ့ အရာတွေနဲ့ ဖွဲ့စည်းထားတာပဲ၊ မထင်မှတ်ဘဲ တွေ့ကြုံလာသမျှကို အံ့သြရမှာပဲ'

ကွမ်ပေက—



'မှန်တယ်၊ လူသားနေထိုင်တယ်ဆိုရင် ရတနာသိုက်ရှိတဲ့ နေရာနဲ့ လှဲချော်နေပြီလို့ ကျုပ်ထင်တယ်'

နန်းဟူက

'ဝမ်ကျောင်းတို့လူစု ဒီဘက်ကိုသွားတဲ့ ခြေရာတွေ အသင်းသား တွေ့ရတာပဲ၊ ကျုပ်မြင်တာ့ ရတနာသိုက်နဲ့ နီးလာပြီလို့ ထင်တာပဲ'

'ဘာကြောင့်လဲ'

'လူနေတယ်ဆိုတာ မြို့ပျက်လဲ ဖြစ်နိုင်တာပဲ'

ကွမ်ကျုံ ခေါင်းညိတ်၏။

'ဟုတ်တယ်၊ မြို့ပျက်မှာ လူတချို့ ရှိနေသေးတာလဲ ဖြစ်နိုင်တာပဲ'

နန်းဟူနှင့် ကွမ်ကျုံတို့ စကားကြောင့် အားလုံး စိတ်ခေါက်တက်ကြွသွားကြသည်။

နန်းဟူက....

'ကဲ အမှတ်လေးနဲ့ ငါး စမ်းချောင်းတစ်ဖက်ကို ကူးပြီး အခြေအနေ သွားကြည့်ပါ။

အမှတ်လေးနှင့် ငါးတို့ တံတားပေါ်သို့ ပြေးတက်သွားကြ၏။

ထိုစဉ်မှာပင်....

'ဝှစ် ဝှစ် ဝှစ်'

ရှတ်တရက် မြားတံများက ပလူပျံအောင် ထွက်ပေါ်လာလေသည်။

အမှတ်လေးနှင့်ငါးမှာ မမျှော်လင့်သော အချိန်တွင် တိုက်ခိုက်ခြင်းကို ခံလိုက်ရသောကြောင့် မင်သက်မိသွား၏။

မြားများက သူတို့ထံ ကျရောက်လာကာမှ သတိဝင်လာပြီး ကာကွယ်ရန် ဓါးများကို ဆွဲထုတ်သည်၊

သို့သော် အတော်ပင် နောက်ကျသွားသည်။

များပြားလှသောမြားတံများကို မကာကွယ်နိုင်ပါ၊

မြားတံများက သူတို့၏ ခန္ဓာကိုယ်သို့ စိုက်ဝင်သွားသည်။

'အား'

'အမယ်လေး'

သူတို့သည် မြားတံများ ထိမှန်ကာ နောက်သို့ယိုင်ထွက်သွားကြ၏။

ထို့နောက် တံတားပေါ်မှ စမ်းချောင်းအတွင်းသို့ ပြုတ်ကျသွားတော့သည်။



အဖြစ်အပျက်များက မြန်ဆန်လှသည်။

အမှတ်လေးနှင့် အမှတ်ငါးတို့မှာ တံတားပေါ်အနေအထားတွင်ပင် ကျဆုံးသွားရသည်။

'ဟာ'

'ရန်သူ'

နန်ဟူတို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ကြေးစားသိုင်းသမား အမှတ်တစ် အံကြိတ်လိုက်၏။

'တောက်...ရန်သူတွေက ဟိုဘက်ကမ်းမှာကို ၊ ဒါ ဝမ်ကျောင်းတို့ လူစုပဲ ထင်တယ်'

နန်းဟူက ...

'မဖြစ်နိုင်ဘူး၊ သူတို့က သတိပေါ့တာကိုး'

အမှတ်တစ် ဒေါသထွက်သွား၏။

'ဒါဆို ခင်ဗျား ရှေ့က ထွက်သွားပါလား'

နန် ဟူက...

'စိတ်ချ ကျုပ်ကို ဒီမြားတံတွေက ဘာမှ အန္တရာယ်မပေးနိုင်ပါဘူးဗျာ'

သူသည် စကားဆုံးသည်နှင့် စမ်းချောင်းအား ဖြတ်ထိုးထားသော တံတားပေါ်သို့ တစ်လှမ်းချင်း တက်သွားသည်။

မြားတံများက နန်းဟူထံသို့ ပလူပျံကာ ကျရောက်လာသည်။

မြင်းတံများက နန်းဟူထံသို့ ပလူပျံ ကာကျရောက်လာ၏။ နန်းဟူ ပြုံးလိုက်သည်။

ထို့နောက် သူသည် လက်စွဲယမ်းကာ မြင်းတံတစ်ခုကို ဖမ်းယူပြီး ကျန်မြင်းတံများကို ရိုက်ဖယ်လိုက်၏။

နန်းဟူ၏ လှုပ်ရှားဟန်က အလွန်ပင် တည်ငြိမ်လှ၏။

များပြားလှသော မြင်းတံများကလည်း အလွန်ပင် တည်ငြိမ်လှ၏။

ထိုမြင်းတံများသည် နန်းဟူအား မည်သို့မျှ ဒုက္ခပေးနိုင်စွမ်း မရှိပါချေ။

**အမှတ်တစ်သည် နန်းဟူ၏ သိုင်းပညာစွမ်းကို ကြိတ်၍ ချီးကျူးမိသည်။**

**ရန်သူသည် စမ်းချောင်းတစ်ဖက်ကမ်းရှိ သစ်ပင်များပေါ်မှ ချောင်းမြောင်း ပစ်ခတ်နေခြင်း ဖြစ်သည်ကိုလည်း သိရှိလိုက်သည်။**

သူသည် သူ့အဖော်များကို မြင်းသမားများ ရှိနေသော သစ်ပင်ကို ညွှန်ပြပြီး....

'ဒီလူတွေကို ရှင်းပစ်လိုက်စမ်း'

ကြေးစားသိုင်းသမားများကား အမှတ်လေးနှင့် အမှတ်ငါးတို့အတွက် ခံပြင်းနေကြသည်။



ထို့ကြောင့် လက်နက်ကိုယ်စီ ဆွဲထုတ်ကြ၏။

ထို့နောက် နန်းဟူရှိနေသော တံတားပေါ်သို့ပြေးတက်သွားကြ၏။

သူတို့သည် မားများကို မကြာခဏဝှေ့ယမ်းကာ ပြေးတက်သွားကြခြင်းဖြစ်ရာ လွင့်လာသောမြင်းတံများသည် သူတို့အား ဒုက္ခပေးနိုင်စွမ်းမရှိတော့ပါ။

ကြေးစား သိုင်းသမားများသည် တံတားကို ဖြတ်ကျော်ကာ တစ်ဘက်ကမ်းသို့ လျှင်မြန်စွာ ရောက်သွား၏။

သူတို့သည် မြင်းသမားများရှိနေသော သစ်ပင်များဆီသို့ တောလမ်းအတိုင်း ပြေးလွှားလာခဲ့သည်။

* * *

မုတ်ဆိတ်သည် ပြုံးနေသည်။

သူ၏ ထောင်ချောက်အတွင်း ရန်သူနှစ်ဦးဆုံးရှုံး သွားချေပြီ။

ဒုတ်တောင်ချောက်ထဲ တိုးဝင်လာကြချေပြီ။

တစ်ခဏအတွင်း ပွဲသိမ်းလိုက်နိုင်သည်ဟု တွေးလိုက်၏။

ထို့နောက် လက်နှစ်ဖက်ကို အသာဝှေ့ယမ်း လိုက်လေသည်။

သူ၏ ယာဉ်သားများသည် လက်နက်ကိုယ်စီ ဆွဲကိုင်လျက် သစ်ပင်ချုံနွယ်များကြားမှ ခုန်ပျံထွက်လာ ပြေးဝင်လာသော ကြေးစားသိုင်းသမားများကို တိုက်ခိုက်လေသည်။

ဘိုးသော် မုတ်ဆိတ် တွက်ကိန်းမှားသွား၏။

ယာဉ်သားသူများသည် သာမန်လူများမဟုတ်ပါ။

ကြေးစားသိုင်းသမားများ ဖြစ်၏။

သူတို့သည် တစ်ကြိမ် ခံထားရသောကြောင့် သတိကမပြတ်ပါ။

ထို့ကြောင့်လည်း လမ်း၏တစ်ဖက်တစ်ချက်မှ ထွက်ပေါ်လာသော ဖျင်ကြမ်းဝတ်စုံနှင့်လူများကို ချက်ချင်းပင် တုန့်ပြန်တိုက်ခိုက်နိုင်ခဲ့သည်။

ကြေးစားသိုင်းသမားများကား သိုင်းပညာ တိုက်ခိုက်မှုတို့တွင် ဖျင်ကြမ်းဝတ်နှင့်လူများထက် များစွာ သာလွန်၏။

ထို့အပြင် ရက်စက်စွာ တိုက်ခိုက်တတ်ကြသူများလည်း ဖြစ်၏။

ထို့ကြောင့် ခဏအတွင်းပင် ကြေးစားသိုင်းသမားများ လက်ချက်ဖြင့် ဖျင်ကြမ်းဝတ်စုံနှင့် လူများ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးသွားရသည်။

မုတ်ဆိတ်ထိတ်လန့်သွား၏။

ရောက်ရှိလာသူများ၏ သိုင်းပညာကား သူ့ထက်ပင်သာလွန်နေကြ၏။

မုတ်ဆိတ် မတိုက်ချင်တော့ပါ။

သူသည် တိုက်ခိုက်ရန်လည်း စိတ်မကူးစံ့တော့ပါ။



မုတ်ဆိတ်မှာ သစ်ပင် ချုံနွယ်များကို အကာအကွယ်ယူကာ နောက်ကြောင်းလှည့် ထွက်ပြေးသွားကြ လေတော့သည်။

* *

နန်းဟူသည် တောတန်းအတွင်း ပြေးဝင်လာ၏။

'ဟာ'

သူသည် စိတ်ပျက်စွာ ရေရွတ်၏။

အမှတ်တစ်က နှာခေါင်းရှုံ့လိုက်ပြီး

'ဒီလောက်နဲ့ ကျုပ်တို့ကို စမ်းလို့မရပါဘူး'

ဟု ပြော၏။

နန်းဟူက...

'ခင်ဗျားတို့ အတော်ညံ့သေးတာပဲ'

အမှတ်တစ်က...

'ကျုပ်တို့ ညံ့တယ် ဟုတ်လား၊ အခု တိုက်ပွဲဟာ ဘယ်လောက်ကြာသလဲ တစ်ခဏနဲ့ ရန်သူအားလုံးကို ရှင်းပစ်နိုင်တာဗျ'

နန်းဟူက—

'ဒီသူတွေရလာက်တော့ မျက်စိမှိတ်ပစ်လို့ရပါတယ်၊ အခုအားလုံး သေကုန်ပြီမဟုတ်လား'

ရန်သူတွေပဲ ဘာကြောင့်ချန်ထားရမှာလဲ'

'ရန်သူအရှင်မမိတော့ သူတို့အကြောင်း ဘယ်လိုလုပ်ပြီး ခင်ဗျားတို့က သိနိုင်တော့မှာလဲ လူသေဟာ စကားမပြောတတ်ဘူးဗျ'

အမှတ်တစ် ပါးစပ်ပိတ်သွား၏။

နန်းဟူက—

'တစ်ယောက်ယောက်အရှင်ဖမ်းခိုင်းဖို့ ကျုပ်မေ့သွားတာမှားတာပဲ'

အမှတ်တစ်က သက်ပြင်းချလိုက်ပြီး....

'ကျုပ်လဲ အမှတ်လေးနဲ့ အမှတ်ငါးတို့အတွက် ဒေါသထွက်နေသော ဒီအချက်ကို ထည့်မတွက်မိဘူး'

နန်းဟူက...

'ထားပါတော့ဗျာ၊ ကဲ ခရီးဆက်ကြစို့၊ ရန်သူတွေဟာ မကြာခင် ထပ်ရောက်လာနိုင်တယ်၊ ဘယ်သူဘယ်ဝါ မသိရသေးခင် ပြဿနာမဖြစ်တာ အကောင်းဆုံးပဲဗျ'

အမှတ်တစ်က....

'နောက်နေ့ခင် ကျုပ်တို့ဆင်ခြင်ပါမယ်'

ကွမ်ကျုံသည် သေဆုံးသူများကို ကြည့်ကာ စိတ်မသက်မသာ ဖြစ်သွား၏။

သူတို့လူစုတွင် နန်းဟူသာမက ကျန်လူများ အားလုံးလဲ ရက်စက်ကြသူများ ဖြစ်သည်ကို သိလိုက်ရသဖြင့် စိတ်မသက်မသာ ဖြစ်သွားမိလေသည်၊

ကွမ်ကျုံကမူ အားရနေ၏။



သူ၏အဖွဲ့မှ လူများသည် ရန်သူအား ကောင်းစွာ တိုက်ခိုက်နိုင်ကြသူများ ဖြစ်ကြပေသည်။

ထို့ကြောင့် ရန်သူနှင့် ရင်ဆိုင်ရလျှင် အလွန်ပင် အားကိုးရမည် မဟုတ်ပါလား။

နန်းဟူက...

'ကဲ....ခြေရာလက်ရာဖျောက်၊ ဆက်သွားကြမယ်'

ဟု အော်လိုက်သည်။

ထို့နောက် သူတို့သည် ရှေ့သို့လျှင်မြန်စွာ ခရီးဆက်သွားကြလေတော့သည်။

လျှိုတစ်ခု....

လျှိုတွင်း၌ကား အတော်ပင်ကျယ်ပြန့်သော လွင်ပြင်တစ်ခု ရှိသည်။

ထိုလွင်ပြင်ထဲဝယ် ရွာကလေးတစ်ရွာ ရှိနေပေသည်။

သစ်လုံးအိမ်ကြီး တစ်လုံး ကို အိမ်ငယ်ကလေးများကစိုင်းရံကာ တည်ဆောက်ထားသည်။

ထို သစ်လုံးအိမ်ကြီးအား ရွာကလေး၏ အရှင်သခင် နေထိုင်ရာ ဖြစ်ဟန်တူပေသည်။

သစ်လုံးအိမ်၏ ဧည့်ခန်းအတွင်းဝယ် မုတ်ဆိတ်သည် ဒူးထောက်နေသည်။

သူ၏ရှေ့တွင် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသူလေး ယောက်က တန်းစီရပ်နေကြလေသည်။

ထိုစဉ် ပေါ်ပေါ် ညင်သာသော ခြေသံ ထွက်ပေါ်လာသည်။

ဒူးထောက်နေသော မုတ်ဆိတ်၏ ခန္ဓာကိုယ်တစ်ချက်တုန် ခါသွားသည်။

ထိုအတူ မတ်တတ်ရပ်နေသူ လေးယောက်၏ ခန္ဓာကိုယ် များလဲ မသိမသာ မတ်သွားလေသည်။

မကြာမီ ဧည့်ခန်းဟောင်းသို့ ဝတ်စုံငါဝတ်ဆင်ထားသူ တစ်ယောက်အား ဝင်ရောက်လာသည်။

ထိုလူသည် ဧည့်ခန်းအလယ်ရှိ တစ်ခုတည်းသော ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်သည်။

ဝတ်စုံစိမ်းလေးဦးက ဂါရဝပြုလိုက်သလို မုတ်ဆိတ်က လည်း နဖူးနှင့်ကြမ်းပြင်ထိကာ ဂါရဝ ပြုလိုက်၏။

ဝတ်စုံငါက...

'မုတ်ဆိတ် မင်းကဘာကြောင့် ပြန်ရောက် လာတာလဲ၊ ဘာကြောင့် ကျုပ်နဲ့ အရေးတကြီး တွေ့ခွင့် တောင်းရတာလဲ....'

သူ၏အသံသည် အဝေးမှလာသကဲ့သို့ ရှိနေသည်။

မုတ်ဆိတ်က...

'ရန်....ရန်သူ'

ဝတ်စုံငါ၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

မုတ်ဆိတ်ကား စကားထစ်ငေါ့နေသည်။



ဝတ်စုံငါက ...

'ရန်သူ ဟုတ်လား၊ ငါ့ကို သေသေချာချာ ပြောစမ်း.... တ်ဆိတ်'

ဟုငေါက်လိုက်သည်။

မုတ်ဆိတ်က....

'ရန်သူတွေ စမ်းချောင်းကို ဖြတ်ကျော် လာပါတယ်.... ခင်ကြီး'

ဝတ်စုံငါက—

'မင်း မဟန့်ကားဘူးလား၊ မင်းဘာဝန်က ရန်သူကိုဟန့် းဖို့ပဲ မဟုတ်လား'

မုတ်ဆိတ်က....

'ဟုတ်ကဲ့၊ ရန်သူ နှစ်ဦးပဲ ထိခိုက်သေဆုံးခဲ့ပါတယ်၊ သူ တာ သိုင်းပညာကောင်းလေတော့....'

'တော်... တိတ်စမ်း'

မုတ်ဆိတ် ပါးစပ်ပိတ်သွား၏။

ဝတ်စုံငါက မုတ်ဆိတ်ကို စူးရဲသော မျက်လုံးများဖြင့် ကြည့်ပြီး—

'မင်းလူတွေအားလုံး ကျဆုံးသွားပြီပေါ့ ဟုတ်လား'

'ဟုတ်... ဟုတ်ကဲ့ သခင်ကြီး'

'တောက်'

ဝတ်စုံဝါ၏ ခံပြင်းစွာ တက်ခေါက်မှုကြောင့် မုတ်ဆိတ်ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားရသည်။

ထိုစဉ် ဝတ်စုံစိမ်း ဝတ်ဆင်ထားသူ တစ်ဦးက....

'အခု ဝင်လာသူတွေဟာ အင်အားမဆိုးသလို သိုင်းသမားတွေလဲ ဖြစ်ကြပါတယ် သခင်ကြီး'

ဟု ဝင်ပြောလိုက်၏။

ဝတ်စုံဝါက....

'သူတို့ ဒီအထိ ရောက်လာကြတာလဲ'

ဤမေးခွန်းအား မဖြေနိုင်ကြပါ။

အားလုံး ပါးစပ်ပိတ်ထားကြ၏။

ဝတ်စုံဝါက....

'ဘာပဲဖြစ်ဖြစ် သူတို့ ဒီဘက်ကိုလာလို့ မဖြစ်ဘူး၊ ချင်ဟုန်မင်း လက်ရွေးစင်အဖွဲ့ကို ခေါ်သွား'

ဝတ်စုံစိမ်းတစ်ဦးက ခေါင်းညိတ်ပြီး....

'ဟုတ်ကဲ့ ရန်သူကိုအမြန်ဆုံးမောင်းထုတ်ခိုင်းဖို့ ကျွန်တော်အစွမ်းကုန် ဆောင်ရွက်ပါ့မယ်'

သူသည် ဝတ်စုံဝါအား ဦးညွှတ်ကာ သစ်လုံးအိမ်အတွင်းမှ ပြေးထွက်သွားသည်။

ချင်ဟိုး၏ ကိုယ်ဖော့ပညာကား အတော်ပင် ကောင်းမွန်လှ၏။



သူသည် မျက်စေ့တမှိတ်အတွင်း သစ်လုံးအိမ်ကလေးထဲမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

စမ်းချောင်းရေသည် လျှင်မြန်စွာပင် စီးဆင်းနေ၏။

စမ်းရေစီးသံက တဝေါဝေါနှင့် မြည်ဟီးနေ၏။

လက်ရှစ်ဘက်တို့လူစုသည် စမ်းချောင်းကလေးဆီသို့ရောက်ရှိလာကြ၏၊ သူတို့သည် တံတားအတိုင်း တစ်ဖက်ကမ်းသို့ကူးလာခဲ့၏။

လျှူချင်က..

'သွေးနံ့ရတယ်၊ အားလုံး သတိထား'

ဟု သတိပေးလိုက်သည်။

မှန်သည်၊ လေထဲတွင် သွေးညှီနံ့များက ဖုံးလွှမ်းနေ၏။

လက်သီးဘုရင်က....

'ဟုတ်တယ်၊ ဒီနေရာမှာ တိုက်ပွဲဖြစ်ခဲ့ပုံ ရတယ်'

သူတို့က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ထိုအခါ ချုံနွယ်များကြား ထိုသွင်းသော ခသော အလောင်း အချို့အား တွေ့မြင်လိုက်ရသည်။

လက်ရှစ်ဘက်က ပြုံးပြီး....

'ကြည့်ရတာ နန်းဟူတို့လူစုရဲ့ လက်ချက် မိသွားပြီ'

လျှုချင်က....

'အင်း...ရှေ့မှာ စမ်းကျောင်းတို့လူစုနဲ့ နန်းဟူတို့လူစုအပြင် ဒေသခံ လူတစ်စု ရှိနေတာ သေချာတယ်'

လက်ရှစ်ဖက်က....

'ကျုပ်တို့က သက်သက်သာသာ သွားရမှာပါ၊ ရန်သူ တွေ မှန်သမျှ သူတို့နှစ်ဖွဲ့က ရှင်းပေးသွားကြမှာပဲ'

လျှုချင်းက....

'မထင်နဲ့၊ ရန်သူ ရောက်လာပြီ'

သူ့စကား မဆုံးသေးပါ။

တောလမ်း၏ တစ်ဖက်အစပ်မှ လူတစ်စု ထွက်ပေါ်လာသည်ကို တွေ့ရသည်။

လက်ရှစ်ဘက်က တိုက်ခိုက်ရန် အသင့်ပြင်လိုက်သေးသည်။

ထွက်ပေါ်လာသူများကား ချင်းဟို ဦးဆောင်သော လက်ရွေးစင် အဖွဲ့ပင် ဖြစ်၏။



သူသည် ခါးစည်းကြိုး အနီနှင့် လူရှစ်ယောက်ကို ဦးဆောင်ကာ စမ်းချောင်းဘက်ကို အမြန်လာခဲ့ခြင်း ဖြစ်၏။

စမ်းချောင်းသို့မရောက်ခင်မှာပင် လူခလေးယောက်နှင့် ပက်ပင်းတိုးမိသွား၏။

ချင်ဟို မျက်မှောင်ကြုတ်သွား၏။

'ခေါးပျံ'

ဟု လွှတ်ခနဲ ခေါ်သည်။

ခေါးပျံကလည်း ချင်ဟိုကို တွေ့သွား၏။

'ဟာ... ချင်ဟို၊ မင်းပျောက်နေတာကြာပြီ၊ အခု ဒီတောထဲမှာ လာတွေ့နေရပါလား'

စမ်းသာအားရ နှုတ်ဆက်လိုက်၏။

ခေါးပျံနှင့် ချင်ဟိုသည် တစ်ချိန်က သိုင်းလောကတွင် အတူ ကျင်လည် ကျက်စားခဲ့သူများ ဖြစ်ကြပေသည်။

ချင်ဟို သက်ပြင်းချပြီး–

'ခေါးပျံ၊ ဒါ မင်းတို့လက်ချက်ပဲလား'

ခေါးပျံက ခေါင်းခါပြီး....

'မဟုတ်ဘူးဗျ၊ ကျုပ်တို့ ရှေ့က သွားနေတဲ့ နန်းဟူတို့ လက်ချက်ပဲ ဖြစ်လိမ့်မယ်'

ချင်ဟိုက....

'မင်းတို့ ဒီကို ဘယ်လိုရောက်လာတာလဲ'

ဓားပျံက....

'ကျုပ်တို့ ကိစ္စရှိနေလို့ပါ၊ မင်းကော ဒီတောထဲ ဘယ်လို ရောက်နေရတာလဲ'

ချင်ဟိုက—

'ပြောရရင် အရှည်ကြီးပဲ၊ နေပါဦး၊ မင်းကိစ္စ အရင် ပြောစမ်းပါဦး၊ ဒီတောထဲအထိ မင်းတို့ ရောက်လာတာ ထူးဆန်းတယ်၊ ဘယ်သူမှ မလာတဲ့ ဒီနေရာကို အခုရက်ပိုင်းထဲ တစ်ဖွဲ့ပြီးတဖွဲ့ ရောက်နေပါလား'

ဓားပျံက သူတို့ တစ္ဆန်းတစ်စ သိထားသည့်ကိစ္စကို အခြေပြု၍ ခြေရာခံကာ လိုက်လာခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

'သူတို့ဟာ ရတနာ လာရှာကြတာပဲ ဖြစ်မယ်ကွ'

သူ့စကားအဆုံးတွင် ချင်ဟို တဟားဟားနှင့် ရယ်မောလိုက်၏။

'ဟား ဟား ဟား'

'မင်းဘာရယ်တာလဲ'

'ဩော်—မင်းတို့က ဒီတောထဲအထိဝင်လာပြီး ရတနာရှာတယ်ဆိုလို့ပါ'



'ကျုပ် တကယ်ပြောတာပါဗျ၊ ပြည်မမှာ လှုပ်ရှားရတာ မလွယ်တော့ဘူး၊ အာဏာသားတွေကလဲ မျက်လုံး ဒေါက်ထောက် ကြည့်နေတော့ အခုလို လှုပ်ရှားလာရတာပေါ့ကွာ—'

ချင်ဟိုက....

'ကျုပ်တို့ ဒီကိုရောက်လာတာ သုံးနှစ်ရှိသွာ ပြီ၊ အင်း—ပြောရရင်တော့ ကျုပ်တို့လဲ ရတနာရှာဖို့ ရောက်လာတာပဲ၊ ဒါပေမယ့် ရတနာ မတွေ့ပါဘူး'

'ချင်ဟို မင်းတကယ်ပြောတာလား'

သူက ခေါင်းညိတ်ပြီး....

'တကယ် ပြောတာပါ၊ ဒါပေမယ့် ရတနာသိုက်ထက်ကောင်းတဲ့ နေရာတော့ တွေ့ထားတယ်၊ ကျုပ်တို့ လာရကျိုးတော့နပ်ပါတယ်'

ဓားပျံက မျက်မှောင်ကုပ်သွားပြီး—

'ချင်ဟို—မင်းစကားက ဘာလဲကွ၊ ကျုပ်တော့ နားမလည်ဘူး'

လျှို့ဝှက်စွာပြုံးပြီး....

'မင်းတို့က ဒီရောက်လာမှတော့ ကျုပ်တို့သခင်ကြီးဆီမှာ အလုပ်ဝင်လုပ်ပါလား'

'မင်းဘာပြောနေတာလဲ'

'အတဲ-ကျုပ်နဲ့သာလိုက်ခဲ့၊ ဟိုရောက်ရင် အားလုံး သိရမှာပေါ့၊ မင်းတို့ရှာနေတဲ့သိုက် မတွေ့ရပေမယ့် ရတနာတွေတော့ တစ်နှစ် နှစ်နှစ်အတွင်း ရ ရစေမယ်'

ခေါ်ပျံက....

'ခင်ဗျားဟာ ပဟေဠိတွေများနေပြီ'

ချင်ဟိုက—

'လိုက်သာ လိုက်ခဲ့ပါ၊ မင်းတို့လို အစွမ်းအစ ရှိသူတွေ သခင်ကြီးအတွက် လိုအပ်နေတယ်၊ ဟိုကျမှ အေးအေး ဆေးဆေး အနားယူ၊ ကျုပ်က ရှင်းလင်းပြောပြမယ် ဟုတ်လား'

ခေါ်ပျံက သူ၏ အဖော်များအား လှည့်ကြည့်လိုက်၏။

ချင်ဟိုက လက်နှစ်ဖက်ဆုပ်ကိုင်ရှေ့ပြုလိုက်ပြီး—

'ခင်ဗျားတို့ သာရကျိုး နှပ်စေမယ်လို့ ကျုပ် အာမခံပါတယ်ဗျာ'

လက်နှစ်ဘက်က—

'ကဲ ခေါ်ပျံ၊ ကျုပ်တို့လိုက်သွားကြည့်ကြတာပေါ့'

သူတို့လူစုသည် ချင်ဟို၏နောက်သို့ လိုက်ပါသွားကြလေတော့သည်။



ရှောင်လန်း၊ ကျန်ဖုန်နှင့် ဝမ်ကျောင်တို့သည် လှိုဏ်ထဲသို့ ရောက်ရှိလာကြသည်။

သူတို့သည် လှိုဏ်အောက်သို့ ဆင်းလာစဉ်ကပင် အလင်းရောင် ထွက်ပေါ်လာသော နေရာအား မှတ်သားလာခဲ့ကြသည်။

ထို့ကြောင့် လှိုဏ်အောက်သို့ရောက်သည်နှင့် အလင်းရောင်ထွက်ပေါ်ရာသို့ ဦးတည်သွားကြလေသည်။

သူတို့သည် ချုံနွယ်ပိတ်ပေါင်းများအား ဓားနှင့် ခုတ်ထွင် ရှင်းလင်းကာ လာခဲ့ခြင်းဖြစ်၏။

မကြာမီ ချုံနွယ်များကြား၌ လိုဏ်ဂူတစ်ခုရှိသည်ကို တွေ့ရသည်။

အလင်းရောင်တာသည်း ထိုချုံနွယ်အတွင်းရှိ လိုဏ်ဂူထဲမှ တစ်ချက်တစ်ချက် ထွက်ပေါ်နေခြင်းဖြစ်သည်။

ကျန်ဖုန်းရှေက—

'အလင်းရောင်ဟာ ဟောဒီ လိုဏ်ဂူထဲက ထွက်ပေါ်နေတာပဲ'

ဝမ်ကျောင်းက—

'ကျုပ်တို့ ဝင်ကြည့်ကြမလား'

ကျန်ဖုန်းရှေက ပြုံးလိုက်ပြီး....

'ဒီလျှိုထဲအထိဆင်းလာပြီးမှတော့ လိုဏ်ဂူထဲဆက်ဝင်ရမှာပေါ့ဗျာ၊ ကဲ—အားလုံး ကျုပ်နောက်က သတိနဲ့ လိုက်ခဲ့ကြပါ—'

သူက ပြောပြော ဆိုဆို လိုဏ်ဂူအတွင်းသို့ တိုးဝင်လိုက်သည်။

လိုဏ်ဂူကား အဝင်ပေါက်တွင်ကျဉ်းပြီး အထဲတွင် အနည်းငယ် ကျယ်ဝန်း၏။

လိုဏ်ဂူမှာ တိုတိုကလေး သာဖြစ်သည်။

အလင်းရောင်သည် လိုဏ်ဂူ၏ နံရံပတ်ကြားအက်အတွင်းမှ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။

အလင်းရောင်သည် သိပ်မလင်းလှပါ။

သို့ရာတွင် လိုဏ်ဂူ တိုကလေး အတွင်း၌မူ လင်းနေပေသည်။

ကျန်ဖုန်းရွှေက သတိဖြင့် ရှေ့တိုးကာ ကြည့်လိုက်၏။

လိုဏ်ဂူနံရံပတ်ကြားအက်တွင် ဓားတစ်လက် စိုက်ဝင်နေ၏။

ထိုဓား၏ အရိုးတွင် ပုလဲလုံးလေးများ စီခြယ်ထား၏။

အလင်းရောင်သည် ထိုပုလဲလုံးများမှ ထွက်ပေါ်နေခြင်းပင် ဖြစ်သည်။



'ညလင်းပုလဲ'

ကျန်ဖုန်းရွှေက ရေရွတ်လိုက်သည်။

ညလင်းပုလဲကား ရှားပါးပြီး အဖိုးတန်လှသည်။

ယခု ဤဓားရိုးတွင် ညလင်းပုလဲငါးလုံးတိတိသည် ထည့်သွင်းမြှုပ်ထားသည်။

ထို့ကြောင့်လည်း အလင်းရောင်က အတော်ပင် ထွက်ပေါ်နေခြင်း ဖြစ်ပါသည်။

ကျန်ဖုန်းရွှေက ဓားရိုးကိုဆုပ်ကိုင်ကာ ပတ်ကြားအက်အတွင်းမှဓားကို ဆွဲထုတ်လိုက်သည်။

သို့သော် ဓားကကျွတ်ထွက်မလာပါ။

ကျန်ဖုန်းရွှေက အတွင်းအားကို အသုံးပြုကာ ဓားကိုဆွဲထုတ်သည်။

အတော်ပင် ကြိုးစားလိုက်မှပင် ဓားယ ကျွတ်ထွက်လာသည်။

ကျန်ဖုန် ရွှေ၏ မျက်တုံးများ ဝင်းလက်သွား၏။

'ကောင်းလိုက်တဲ့ ဓား'

ဟုလည်း ရေရွတ်လိုက်သည်။

ဓားရိုးက ဟောင်းနွမ်းနေသော်လည်း ဓားသွားကမူ သံချေးဟူ၍ လုံးဝမရှိဘဲ ပြောင်လက်နေသည် မဟုတ်ပါလား။

ရှောင်လန်းထံမှ စိတ်ပျက်အား လျော့သံ ထွက်ပေါ်လာသည်။

'အလင်းဓားလဲ မဟုတ်ပါလား'

ကျန်ဖုန်းရှေက—

'အလင်းဓား ဟုတ်မဟုတ်တော့ မသိဘူး၊ တကယ့်ကို ကောင်းတဲ့ဓားတစ်လက်ပဲဗျ'

သူသည် ဓားကို အသာခေါ့ယမ်းလိုက်သည်။

အလင်းရောင်များ ပြိုးပြိုးပျက်ပျက် မောက်ပသွားသည်။ ဓားမှ ထွက်ပေါ်လာသော အလင်း ရောင်များကား မျက်စိပင် ကျိန်းသွားစေ၏။

သူက—

'သိပ်ကောင်းတဲ့ဓားပဲ၊ ကျုပ်အတွက်တော့ အလင်းဓား မရလဲ ဒီဓားနဲ့တင် ကျေနပ်နှစ်သိမ့်နိုင်ပါပြီ'

ဟု ဝမ်းသာအားရပြောသည်။

ထို့နောက် သူသည် ဓားကို သေသေချာချာ စစ်ဆေး ကြည့်ရှုလိုက်သည်။

ထိုအခါ ဓားသွားပေါ်တွင်—

'ပိုင်....'

ဟူသော စာလုံးကို တွေ့လိုက်ရသည်။

သူက...



'ရှောင်လန်း—ဒီဓားဟာ မင်းရဲ့အိပ်မက်ထဲကဓားပဲ ဖြစ်ရမယ်၊ ပိုင်လို့ ရေးထားတယ်ကွ'

ရှောင်လန်းက....

'ကျွန်တော့် အိပ်မက်ထဲက ဓားပုံစံနဲ့တော့ မတူဘူး'

သူက ရယ်မောလိုက်ပြီး—

'ဒီလောက်တော့ ကွာခြားမှုပေါ့ကွာ၊ ကဲ.... ပြန်ထွက်ကြစို့'

ရှောင်လန်းကား စိတ်ပျက်သွားသည်။

သူသည် ကျန်ဖုန်းရှေတို့နှင့်အတူ ပြန်ထွက်လာခဲ့ရလေတော့သည်။

* * *

နေရောင်ခြည်ထွက်ပေါ်လာပြီ ဖြစ်သည်။

သူသည် လိုဏ်ဂူတွင်းမှရလာသောဓားကို ခါးတွင် သေသေချာချာချိတ်ဆွဲ၍ ရှေ့မှလျှောက်နေသည်။

ရှောက်လန်းမှာမူ စိတ်ပျက်နေသည်။

သူ၏ အိုပ်မက်သည် အဖျားရှုးနေသည်။

သူ၏ အိပ်မက်အတိုင်းဆိုလျှင် ဤခါးမဟုတ်သေးပါ။ အလင်းခေါးသည် ရှိကိုရှိဦးမည်ဟု ယုံကြည်နေသည်။

သူသည် စိတ်ပျက်စွာဖြင့် လျှောက်ရင်းမှ အားလုံး၏ ရှေ့ဆုံးသို့မှ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

ကျန်လူများကလည်း စကားတပြောပြောနှင့် လျှောက်လာကြရာ ရှောင်လန်းက ရှေ့ဆုံးမှ ပြောက်သွားသည်ကို မသိလိုက်ကြပါ။

သိုင်းသမားအများစုက ရန်သူကိုလည်း သတိထားကြည့်ရှုလာရသည် မဟုတ်ပါလား။

ထိုစဉ်....

'အား....'

ရှောင်လန်းမှာ ရုတ်တရက် လေထဲတွင်ပါသွား၏။

'ဟာ...'

ရှောင်လန်းသည် ကြိုးတစ်ချောင်း၏ ဆွဲယူရာနောက်သို့ ပါသွားခြင်းသာ ဖြစ်ပေသည်။

သူ ရင်ထိတ်သွား၏။

သူသည် ချက်ချင်းပင် ရှောင်လန်းပါသွားရာဘက်သို့ ပြေးဝင်သွားသည်။



သို့သော် ရှောင်လန်း၏ အသံကို မကြားရသလို လူကိုလည်း အစအနပင်ရှာမတွေ့ရတော့ပါချေ။

နီစွမ်က—

'ဒါဟောင်ချောက်ပဲ၊ ရှောင်လန်းကို သားကောင်ထောင်ချောက်နဲ့ ဖမ်းပြီးပြေးသွားတာပဲ ဖြစ်ရမယ်'

သူတို့သည် သစ်တောအုပ်အတွင်း ခြေရာကိုရှာဖွေလိုက်ကြသည်။

သို့ရာတွင် လုံးဝမတွေ့ရပါချေ။

ဝမ်ကျောင်း ထိတ်လန့်သွားသည်။

ကျန်ဖုန်းရှေ—ရှောင်သန်းကို ကယ်ပါဦး'

သူက အံကြိတ်လိုက်သည်။

'သိပ်သဲ စိတ်မပူပါနဲ့ဗျာ၊ ရှောင်လန်းကို ကျုပ်ရအောင် ကယ်တင်ပါ့မယ်'

နီစွမ်က....

'သူတို့ဟာ ရှောင်လန်းကို အရှင်ဖမ်းသွားတာပဲ၊ မုဆိုးတစ်ယောက်ရဲ့ လက်ချက်မျိုးပါပဲ'

ဝမ်ကျောင်းက ...

'ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

သူက ...

'စိတ်အေးအေးထားစမ်းပါ၊ ကဲ—ကျုပ်တို့ ဆက်လိုက်ကြစို့'

သူနှင့် နိုင်မ်တို့သည် ရှောင်လန်းအား ဖမ်းခေါ်သွားသည်ဟု ယူဆရသည့်ဘက်သို့ မှန်းဆကာ လိုက်သွားကြတော့သည်။

* * *

ရှောင်လန်းသည် အချုပ်ခန်းတွင်းရောက်ရှိနေ၏။

သူ၏ သတိပေါ့လျော့မှုကြောင့် အချုပ်ထဲ ရောက်ခဲ့ရသည် မဟုတ်ပါလား။

အချုပ်ခန်းသည် ရွာကလေးအတွင်းရှိ သီးသန့်အိမ်လေးတစ်လုံးအတွင်း၌ ဖြစ်၏။

သူ့ကို ဝတ်စုံဝါနှင့်လူက လှာကြည့်သည်။

သူကလည်း ဝတ်စုံဝါကို အကဲခတ်လိုသည်။

ဝတ်စုံဝါသည် အသက်လေးဆယ်ခန့်ရှိသည်။



မျက်နှာထားက ရက်စက်ကြမ်းကြုတ်မည့်ဟန်ရှိသည်။

သိုင်းသမားတစ်ဦးဖြစ်ကြောင်း အကဲခတ်မိသည်။

ထို့အပြင် ဝတ်စုံဝါသည် ဤနေရာ၏ အရှင်သခင်တစ်ဦးဖြစ်သည်ကိုလည်း သိလိုက်ရလေသည်။

ဝတ်စုံဝါက သူ့အားစိုက်ကြည့်လိုက်ပြီး—

'မင်း ဘယ်သူလဲ'

'ရှောင်လန်း'

'မင်း ဒီနေရာကို ဘာလာလုပ်တာလဲ'

'ဝူစန်းဟိုမြို့ပျက်ကို လာရှာတာပါ'

ထိုစကား ကြားရသောအခါ ဝတ်စုံဝါက ရယ်မောလိုက်သည်။

'ဟား—ဟား—ဟား'

သူက ဝတ်စုံဝါကို ငေးကြည့်လိုက်သည်။

ဝတ်စုံဝါက...

'မင်းလိမ်ညာနေလို့အံပိုပဲ၊ မင်းက ကျုပ်တို့ကို လာစုံစမ်းတာပဲ မဟုတ်လား'

ရှောင်လန်းက....

'ခင်ဗျားတို့က ဘာမို့ ကျုပ်က စုံစမ်းရမှာလဲ'

ဝတ်စုံဝါမျက်နှာ တင်းမာသွား၏။

'မင်းက တယ်ရှားတဲ့ ချာတိတ်ပါလား၊ ကောင်းပြီလေ၊ မင်းပါးစပ်က ဖွင့်ဟဝန်ခံလာအောင် ကျုပ်အ လုပ်ရမှာပေါ့'

ဝတ်စုံဝါက ခါးတွင်ပတ်ထားသော ကြာပွတ်ကို ဖြုတ်လိုက်၏။

ထို့နောက်... လေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်၏။

ရွှမ်း

ကြာပွတ်သံသည် အသည်းယားဖွယ်ရာ ထွက်ပေါ်လာသည်။

ရှောင်လန်း မျက်နှာပျက်သွားလေသည်။

ဝတ်စုံဝါက ရယ်မောလိုက်ပြီး....

'ကဲ...မင်းမှန်မှန်ပြောစမ်း၊ မင်းတို့ ဒီကို ဘာလာလုပ်ကြတာလဲ'

ဟု ဝဘင်ခမေးလိုက်၏။

ရှောင်လန်းက....

'ကျွန်တော်တို့ ဝူစန်းဟိုမြို့ပျက်ကိုလာရှာတာပါ'

'ဘာ'

ဝတ်စုံဝါက ရှောင်လန်းအား ကြာပွတ်ဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'သခင်ကြီး....သခင်ကြီး'

တဲအိမ်အပြင်ဘက်မှ ခေါ်သံထွက်ပေါ်လာ၏။

ဝတ်စုံဝါက ကြာပွတ်ကိုပြန်ချလိုက်၏။

'ချင်းဟို....ဘာကိစ္စလဲ'

ချင်းဟိုက တဲအိမ်အတွင်းဝင်လာပြီး....



'သခင်ကြီး....ကျွန်တော်တို့နဲ့အတူ ဧည့်သည်တွေပါလာပါတယ်၊ ဒီလူတွေဟာ သခင်ကြီး အားကိုးရမယ့်လူတွေပါ'

သူသည် ဝတ်စုံဝါကို ဆက်လက်၍ တီးတိုးပြောလိုက်သည်။

ဝတ်စုံဝါက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'ဒါဆိုရင်လဲ တွေ့ကြတာပေါ့'

သူသည် ရှောင်လန်းဘက်လှည့်လိုက်ပြီး....

'မင်းနဲ့ကျုပ် မနက်ဖြန်မှ တွေ့ကြတာပေါ့...၊ မင်းကပဲ ခေါင်းမာနိုင်မလား ဆိုတာ ကြည့်ရသေးတာပေါ့'

သူသည် ရှောင်လန်းကို စူးစူးဝါးဝါးစိုက်ကြည့်လိုက်ပြီးနောက် တဲအိမ်ထဲမှ ပြန်ထွက်သွားလေသည်။

တဲအိမ်သည် တံခါးမရှိပါ။

တဲအိမ်ရှေ့တွင် ဓါးစည်းကြီးအနီးနှင့် လူ(၃)ယောက်က စောင့်ကြပ်နေ၏။

ရှောင်လန်းသည် ထို(၃)ယောက်ကိုမမှုပါ။

သို့သော်...သူသည် မည်သို့မျှ လှုပ်ရှားမရအောင် တိုင်တွင် ကြိုးနှင့် တုပ်နှောင်ထားသည့်အတွက်ကြောင့် ထွက်ပြေး၍ မရနိုင်ပါချေ။

* * *

ညဲ....

အမှောင်ထုက တစ်စတစ်စဖုံးလွှမ်းလာသည်။

မကြာမီ လထွက်လာသည်။

လပြည့်ကျော် နှစ်ရက်မို့ လကသာနေသည်။

ရှောင်လန်းသည် တဲအိမ်၏အလည်တိုင်တွင် မတ်တတ်ရပ်လျက် အနေအထားဖြင့် တုပ်နှောင်ခံထားရခြင်းဖြစ်သည်။

တစ်နေ့လုံး မလှုပ်ရှားရသောကြောင့် လည်းကောင်း၊ တင်းကြပ်စွာ ချည်နှောင်ထားသောကြောင့်လည်း သူ၏တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏။

ရှောင်လန်းသည် ကြိုးကိုဖြည်ရန် တစ်နေ့လုံး ကြိုးစားခဲ့သည်။

သို့သော်....အသားနာသည်ကလွဲ၍ မည်သို့မျှ အကျိုးထူးမလာခဲ့။

သူက လက်လျှော့လိုက်ပြီး တဲအိမ်အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။

လရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားသည်။

လရောင်ဖြင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်တွေ့နေရသည်။

တဲအိမ်ရှေ့ကွက်လပ်တွင် အစောင့်(၃)ဦးက အရက်ဝိုင်းဖွဲ့၍ သောက်နေသည်။



သူတို့ထံမှ စကားသံများကို အတိုင်းသားကြားနေရသည်။

ရှောင်လန်းက အစောင့်များကိုကျော်ကာ လမ်းပေါ်သို့ လှမ်းကြည့်လိုက်၏။

သူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

လမ်းမှအတိုင်း အရိပ်တစ်ရိပ်ရွေ့လျားလာ၏။

ကိုယ်ဟန်သည် မိန်းကလေးဖြစ်ကြောင်းသိသာ၏။

ရှောင်လန်း၏ရင်များ တဆတ်ဆတ်ခုန်လာ၏။

ထိုမိန်းကလေးကို သဲသဲကွဲကွဲမမြင်ရသေးပါ။

သို့သော်....မိန်းကလေး၏ ကိုယ်ဟန် အနေအထားအရ သူ၏အိပ်မက်ထဲမှ မိန်းကလေးနှင့် တူလှန်းနေ၏။

သူ အံ့အားသင့်နေမိသည်။

'ငါ အိပ်မက်မက်နေပြန်ပြီလား'

သူသည် သူ့ကိုယ်သူငုံ့ကြည့်လိုက်၏။

ကြိုးနှင့်တုပ်ထားခြင်းကို တွေ့နေရသည်။

'ဒီတစ်ခါတော့ အိပ်မက်မဟုတ်ဘူး'

ရှောင်လန်းက တီးတိုးရေရွတ်လိုက်သည်။

သူက လမ်းပေါ်ပြန်ကြည့်သည်။

ဤတစ်ကြိမ်၌ မိန်းကလေးကို ထင်ထင်ရှားရှား တွေ့ရပြီဖြစ်သည်။

မိန်းကလေးသည် သူနှင့်ရှယ်တူခန့်ရှိ၏။

အိပ်မက်ထဲမှ မိန်းကလေးသည် အလွန်ပင်ချောမောလှပသည်။

ယခု မိန်းကလေးသည် အိပ်မက်ထဲမှ မိန်းကလေးလောက် လှပချောမောခြင်းမရှိသော်လည်း လှပသည်ကိုတော့ ဝန်ခံရပေမည်။

ထို့အပြင် သူ၏အိပ်မက်ထဲမှ မိန်းကလေးနှင့် ဆင်ဆင်တူပေသည်။

ထိုမိန်းကလေးသည် တဲအိမ်ရှေ့သို့ ကွေ့ပတ်ကာ ရောက်လာသည်။

သူမသည် အစောင့်များအလစ်တွင် တဲအိမ်ထဲသို့ လစ်ခနဲ ဝင်လာသည်။

ရှောင်လန်း ရင်ခုန်သွား၏။

မိန်းကလေးက...

'ရှူး... တိုးတိုး၊ ကျွန်မ ရှင့်ကိုကယ်မလို့၊ အသံမထွက်နဲ့'

ဟု လေသံဖြင့် သတိပေးလိုက်သည်။

ရှောင်လန်း ဝမ်းသာသွားသည်။

မိန်းကလေးက—

'ကျွန်မ ရှင့်ကိုကူညီမယ်၊ ရှင်တို့ကလဲ ကျွန်မတို့ကို ပြန်ကူရမယ်'

ရှောင်လန်းက—



'ကျုပ်အသက်ကို မင်းကယ်တင်ခဲ့ရင် ကျုပ်ကလဲ မင်းတို့အတွက် အသက်စွန့်ကူညီပါ့မယ်'

ဟု ချက်ချင်းပင် လေသံဖြင့် ပြန်ပြောလိုက်သည်။

သူမက ဝှက်ယူလာသောဓားငယ်ဖြင့် ရှောင်လန်းကို ချည်နှောင်ထားသော ကြိုးများက ဖြတ်တောက်ပစ်လိုက်သည်။

ရှောင်လန်းက ထုံကျင်ကိုက်ခဲနေသော ခြေလက်တို့ကို လှုပ်ရှား ပေးလိုက်ပြီး...

'ကျုပ်ကိုကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ သွားကြစို့'

'ခဏနေဦး၊ အပြင်က အစောင့်တွေကို မရှင်းရသေးဘူး'

ရှောင်လန်းက မဲ့ပြုံးပြုံးလိုက်ပြီး...

'ဒီအစောင့်ကို ကျုပ်ရှင်းပစ်နိုင်ပါတယ်'

သူမက ခေါင်းခါလိုက်သည်။

'ရှင်ရှင်းစရာမလိုပါဘူး'

ရှောင်လန်း မျက်မှောင်ကုတ်သွားသည်။

'ကျွန်မအဖေ ရှင်းလိမ့်မယ်၊ သူတို့တွေ သိသွားရင် ကျွန်မတို့ ပြေးလို့လွတ်မှာမဟုတ်ဘူး၊ ခဏလောက် စောင့်ပါဦး၊ ဒီည သခင်ကြီးတို့လူစု ညှော်ခံပွဲလုပ်နေတုန်း လွတ်အောင်ပြေးရမှာ'

ရှောင်လန်း ဘာမျှမပြောတော့ပါ။

မိန်းကလေးသည် သူ့အားကယ်တင်ရန်နှင့် ထွက်ပြေးနိုင်ရန်ပါ အစေအချာစီစဉ်ထားသည်ကို နားလည်လိုက်သောကြောင့် ဖြစ်သည်။

ထို့ကြောင့်—ငြိမ်လက်စွာပင် စောင့်ဆိုင်းနေလိုက်သည်။

စောင့်ဆိုင်းရသူတစ်ယောက်အတွက် အချိန်ကားကုန်ခဲလှသည်။

ထိုစဉ်....လူရိပ်တစ်ရိပ်သည်အစောင့်(၃)ဦးအနီး လျှင်မြန်စွာ ရောက်ရှိလာသည်။

သေသေချာချာကြည့်လိုက်မှ လူရိပ်တစ်ရိပ်မဟုတ်ဘဲ နှစ်ရိပ်ဖြစ်နေသည်ကို တွေ့ရသည်။

ထိုလူရိပ်သည် အစောင့်များနှင့် လုံးထွေးသွားသည်။

အသံ အနည်းငယ်သာထွက်သွား၏။

မကြာမီ လူရိပ်နှစ်ရိပ် တဲထဲပြေးဝင်လာသည်။

အသက် ငါးဆယ်ကျော်ခန့်လူကြီးနှစ်ဦးဖြစ်သည်။

သူတို့၏ လက်ထဲတွင် သွေးစွန်းနေသော ဓားမြှောင်များကိုင်ဆောင်ထားကြသည်။

'သမီး သွားကြစို့.'

ရွှောင်လန်နှင့် မိန်းကလေးတို့သည် ထိုလူကြီးနှစ်ယောက်နောက်သို့ လိုက်ပါသွားကြ၏။

လူကြီးနှစ်ဦးကား လမ်းကို ကျွမ်းကျင်ကြ၏။

အမှောင်ထုကို အကာအကွယ်ယူကာ ရွာပြင်သို့ ထွက်လာသည်။

ရွာပြင်ရောက်သည်နှင့်—



'မင်းရဲ့လူတွေ ဟိုဘက်မှာရှိတယ်၊ မြန်မြန်သွားကြစို့.'

သူတို့သည် တောလမ်းအတိုင်း ပြေးလွှားသွားကြလေတော့သည်။

လက်ရှစ်ဖက်တို့လူစုသည် သခင်ကြီး၏ဧည့်ခံပြုစုမှုကြောင့် အကြီးအကျယ် ဇိမ်တွေ့နေကြ၏။

ချင်ဟို၏ ရှင်းပြမှုကြောင့် သူတို့သည် ရတနာသိုက်ကို စိတ်မဝင်စားတော့ပါ။

ချင်ဟို၏ သခင်ကြီး လက်အောက်တွင် အမှုထမ်းရန်သာ စိတ်ကူးလိုက်ကြသည်။

ချင်ဟို၏ သခင်ကြီးဆိုသူကား ပြည်မ သိုင်းလောကတွင် တစ်ခါက ကျော်ကြားခဲ့သော ပုစန်းဆိုသူ ဖြစ်နေ၏။

ပုစန်းသည် အနက်ရောင် သိုင်းလောကသားတစ်ဦး ဖြစ်သည်။

သူသည် အလွန်ပင် ရက်စက်ကြမ်းကြုတ်သူ ဖြစ်၏။

သူ၏ သောင်းကျန်းမှုများကို အဖြူရောင် သိုင်းသမားများက လက်ပိုက်ကြည့်မနေနိုင်ကြတော့ပဲ ပုစန်းကို သုတ်သင်ရန် ကြိုးစားလာကြ၏။

ပုစန်းကလည်း ပါးနပ်သည်။

သူ့တွင် အန္တရာယ်များ ဝိုင်းလာပြီကို သိသောအခါ ပြည်မမှ ထွက်ပြေးလာခဲ့လေသည်။

ချင်တိုက—

'ခင်ဗျားတို့ကို သခင်ကြီးက လက်ခံလိုက်ပြီ၊ ခင်ဗျားတို့ကလဲ သခင်ကြီးအတွက် ကြိုးစား လုပ်ကိုင်ပေးဖို့ လိုလိမ့်မယ်'

လျူချင်းက—

'ကျုပ်တို့ တာဝန်ကျေရမှာပေါ့'

လက်ရှစ်ဖက်တို့သူစုံက ပုစန်းကို အရိုအသေပြုပြီး—

'ကျုပ်တို့ကို လက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ပုစန်းက...

'ဒီမှာက တာဝန် အထွေအထူး မရှိလှပါဘူး၊ ခင်ဗျားတို့ကို ကျုပ်ရဲ့ လက်ထောက်အဖြစ် ခန့်အပ်ပါ့မယ်'

လက်ရှစ်ဖက် မျက်နှာ ဝင်းလက်သွား၏။

'အခုလိုချီးမြှင့်တာ ကျေးဇူးတင်ပါတယ်'

ပုစန်က...

'ခင်ဗျားတို့ သုံးလေးနှစ်အတွင်း ချမ်းသာကြွယ်ဝတဲ့လူတွေ ဖြစ်ဖို့ ကျုပ် တာဝန်ယူပါတယ်... အဲ...ခင်ဗျားတို့က



ကျုပ်ကို အနှောင့်အယှက်ပေးလာမယ့် သူတွေကိုသာ ရှင်းပေးရမယ်'

လျူချင်က....

'ဒီအတွက်တော့ စိတ်ချပါ'

ပုစန်က....

'ခင်ဗျားတို့ ရောက်လာတာ အတော်ပဲ၊ အခု ကျုပ်ရဲ့နယ်မြေထဲ လူနှစ်စု ရောက်လာတယ်၊ ဒီလူတွေကို အမြန်ဆုံး ရှင်းပစ်ရမယ်၊ မဟုတ်ရင် သတင်းတွေ ပေါက်ကြားပြီး မလိုအပ်တဲ့ ပြဿနာတွေ ဖြစ်လာမယ်'

လက်သီးသူရင်က

'ဒီတာဝန်ကို ကျုပ်တို့ ယူပါတယ်၊ အဲဒီလူတွေ ဘယ်ရောက်နေသလဲဆိုတာသာ ပြောပါ'

ပုစန်းက ...

'အဲဒီလူတွေ ဒီဖက်ဝန်းကျင်မှာ ရှိမှာပဲ၊ သူတို့ကို မျှားခေါ်ပြီး ရှင်းပစ်ရမယ်၊ သူတို့ထဲက တစ်ယောက်ကို ကျုပ် ဖမ်းမိထားတယ်၊ သူ့ကို စစ်ဆေးပြီး ရှင်းပစ်ရမယ်'

လက်ရှစ်ဘက်က....

'သခင်ကြီး ခွင့်ပြုရင် အကျဉ်းသားကို ကျွန်တော်က စစ်ဆေးပေးပါရစေ'

ဟု မျက်နှာလုပ်သည်။

ပုစန်းက ခေါင်းညိတ်ပြီး—

'ကောင်းတယ်၊ မင်းတို့ရဲ့ အစွမ်းအစလဲ ကြည့်ရသေးတာပေါ့၊ ကဲ...သွားကြရအောင်'

သူတို့လူစု အချုပ်ခန်းဘက် ထွက်လာကြသည်။

ထိုစဉ် လက်ရွေးစင်တစ်ဦး ပြေးလာနေသည်ကို တွေ့ရသည်။

'သခင်ကြီး၊ သခင်ကြီး'

ပုစန်းက ..

'ဟေ့ ....ဘာဖြစ်လာတာလဲ'

လက်ရွေးစင်က....

'အကျဉ်းသား လွတ်မြောက်သွားတယ်၊ အစောင့်တွေအားလုံး သေကုန်ပြီ သခင်ကြီး'

'ဘာ'

ပုစန်း မျက်နှာ မည်းသွား၏။

'တောက်....သစ္စာဖောက် ရှိနေပြီ၊ ဒီကောင် ဘယ်လိုနည်းနဲ့မှ မလွတ်နိုင်ဘူး၊ သစ္စာဖောက်ပြီး ကယ်သွားတဲ့လူ ရှိလို့ဖြစ်ရမယ်'

ချင်ဟိုက....

'ရွာသားတွေဟာ နှိမ်ထားမှ ဟန်တာကြမယ် သခင်ကြီး'

'အေး....ပြီးရင် ကျုပ်နဲ့ တွေ့ကြတာပေါ့၊ ချင်ဟို မင်း လက်ရွေးစင်တွေခေါ်၊ မြန်မြန်လိုက်စမ်း'

လက်ရှစ်ဘက်က—

'လူခေါ်နေရင် ကြာပါတယ်၊ ကျုပ်တို့ လိုက်ခဲ့မယ်'

ပုစန်း ပြုံးသွားသည်။

'ကောင်းတယ်၊ ခင်ဗျားတို့ အကျဉ်းသားကို ဖမ်းဆီးလာခဲ့ကြ'



လက်ရှစ်ဖက်တို့လူစုသည် ပုစန်းသဘောကျအောင် အစွမ်းပြရတော့မည်ဟု တွေးကာ ဝမ်းသာသွားကြသည်။

သူတို့လေးဦးသည် ချင်ဟိုနှင့်အတူ ရွာကလေးထဲမှ ပြေးထွက်လာကြတော့သည်။

* * *

ရှောင်လန်းတို့လူစုသည် ညအမှောင်ထုအတွင်း ပြေးလာခဲ့ကြ၏။

ဦးဆောင်သူ လူကြီးက—

'ကဲ....မင်းတို့ ဒီလမ်းအတိုင်း ဆက်ပြေး၊ မနက်လောက်ဆိုရင် မင်းတို့အဖော်တွေနဲ့ တွေ့လိမ့်မယ်'

ဟု ပြေးလွှားရာမှ ရပ်တံ့ရင်း ပြောလိုက်၏။

ရှောင်လန်းက—

'ဦးတို့မလိုက်ဘူးလား'

ထိုလူကြီးက—

'ဦးတို့က နောက်ကလိုက်လာမယ့် လူတွေကို ဟန့်တားရဦးမယ်'

ရှောင်လန်း မျက်မှောင်ကြုတ်သွား၏။

'နောက်ကလိုက်လာကြပြီလား'

'ပါတ်တယ်၊ မကြာခင် မီလာလိမ့်မယ်'

မိန်းကလေးက....

'ကဲ လာ သွားကြစို့'

ရှောင်လန်းက....

'မဟုတ်သေးပါဘူး၊ ကျုပ်ဆဲအတူ ခုခံမှာပေါ့'

ထိုလူကြီးက....

'မင်းတို့လွတ်ဖို့ အရေးကြီးတယ်၊ မင်းအသက်ရှင့်ရက်လွတ်မြောက်မှ ကျုပ်တို့ကို ပြန်ပြီး အကူအညီပေးနိုင်မှာ'

ရှောင်လန်းက....

'ကျွန်တော့် ဘာကူညီရမှာလဲ'

ထိုလူကြီးက....

'သမီးက ရှင်းပြလိမ့်မယ်၊ ကဲ သမီးအချိန်မရှိဘူး၊ သွားတော့'

မိန်းကလေးက ရှောင်လန်း၏လက်ကိုဆွဲလိုက်ပြီး....

'ကျွန်မတို့သွားကြစို့'

ရှောင်လန်း သက်ပြင်းချလိုက်သည်။

သူသည် ထိုလူကြီးနှစ်ယောက်အား လေးလေးစားစား ဦးညွှတ်လိုက်ပြီး....

'ကျွန်တော့်ကို ကူညီခဲ့တဲ့အဟွက်ဦးတို့အတွက်လဲ အသက်စွန့်ပြီး ပြန်လည်ကူညီပါမှယ်လို့ လေးလေး နက်နက် ကတိပေးပါတယ်'

ထိုလူကြီး၏မျက်နှာ ဝင်းပသွား၏။



'ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ သွားတော့... သူတို့တွေ အတော်နီးလာကြပြီ'

ရှောင်လန်းက ထိုလူကြီးနှစ်ယောက်အား နှုတ်ဆက်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး မိန်းကလေးနှင့် အတူ ရှေ့သို့ ဆက်၍ ပြေးသွား လေတော့သည်။

*

ချင်ဟိုကား တောခကျွမ်းလှ၏။

သူသည် ရှောင်လန်းတို့ မည်သည့် ဘက်ကို ပြေးလွှားသွားကြကြောင်း တစ်ခဏအတွင်း တွက်ဆမိလိုက်သည်။

ထို့ကြောင့် သူသည် ဖြတ်လမ်းများကို အသုံးပြုကာ လိုက်သွား၏။

သူသည် ဖြတ်လမ်းများ အသုံးပြုသဖြင့် ရှောင်လန်းတို့ လူစုနောက်သို့ မကြာမီ အမီလိုက်လာနိုင်ခဲ့သည်။

သို့သော် တောလမ်းတစ်နေရာအရောက်တွင်—

'ဝှစ် ဝှစ် ဝှစ်'

ခါးမြောင်သုံးချောင်းက သူတို့ထံ ပစ်လွှင့်လာသည်။

ချင်ဟို ကြောင်သွားသည်။

ရုတ်တရက် တိုက်ခိုက်ခြင်း ခံရသဖြင့် မှုန်သို့ ရှောင်တိမ်း ရမှန်းမသိ ဖြစ်သွားရလေတည်း။

ထိုစဉ် လက်နှစ်ဖက်က ချင်ဟိုၐ်ရှေ့သို့ ခုန်ဝင်ကာ ပစ် လွှင့်လိုက်သော ဓားမြောင်သုံးလက်ကို ဖမ်းယူလိုက်သည်။

လက်သီးဘုရင်က အော်ဟေါက်လိုက်သည်။

'ဒီလိုစမ်းလို့ ရမလား၊ ထွက်ခဲ့စမ်း'

သူ့အသံ အဆုံးဝယ် သစ်ပင်များကြားမှ ဓားလွတ်ကိုင် ဆောင်ထားသော လူကြီးနှစ်ယောက် ထွက်ပေါ်လာ၏။

ချင်ဟို မျက်နှာ တင်းမာသွားပြီး....

'ဩော်... ပက်စသတ်တော့ သစ္စာဖောက်အတန်ညီနောင် ကိုး....'

ထိုလူကြီး နှစ်ဦးသည် ညီအစ်ကိုများဖြစ်၏။

တန်အော့နှင့် တန်ရိတို့ပင်ဖြစ်သည်။

တန်အော့က....

'မင်းလိုက်လာမယ်လို့ ကျုပ်ထင်သားပဲ'

ချင်ဟိုက....

'ကျုပ်သိတယ်၊ တစ်နေ့နေ့ ခင်ဗျားသစ္စာဖောက်လိမ့်မယ် ဆိုတာ ကျုပ်သိထားတယ်၊ အတူတူလာသူချင်းမို့ ခင်ဗျား ကို ညှာခဲ့တာကိုမှ နားမလည်ပါလား'

တန်ရိက နှာခေါင်းရှုံ့လိုက်ပြီး....

'ကျုပ်တို့ကို ပြန်ခွင့်မပေးတာ မင်းတို့မတရားဘူး၊ ဒါကို ကျုပ်တို့က ငြိမ်ပြီး ခံနေရမှာလားဗျ'

ချင်ဟိုက ရယ်မောလိုက်သည်။



'ဟား ဟား ဟား....အခု အားကိုးရပြီဆိုပြီး သစ္စာ ဖောက်တာပေါ့ ဟုတ်လား၊ ဒီမှာ တန်ညီနောင်၊ ခင်ဗျားတို့ ကျုပ်လက်က ပြေးလို့မလွတ်ပါဘူး၊ ဒီတော့ အကျဉ်းသား ကို ပြန်အပ်ပြီး ကျုပ်နဲ့ အေးအေးဆေး ဆေး ပြန်လိုက်ခဲ့ပါ'

တန်ရိက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ မင်းတို့သာ ပြန်သွားကြပါ'

ချင်ဟို၏မျက်နှာ အေးစက်တင်းမာသွားသည်။

'တန်ညီနောင် ခင်ဗျားတို့ သေချင်နေသလား'

ဟု ခြိမ်းခြောက်လိုက်၏။

တန်ရိက—

'ဒီရောက်ကတည်းက သေချင်နေတာပါ'

ချင်ဟို အေးစက်စွာ ရယ်မောသည်။

'ဟား ဟား ဟား ကောင်းပြီ၊ ခင်ဗျားတို့ သေရမှာ ပေါ့၊ ကဲ....ဘယ်မှာလဲ၊ ခင်ဗျားသမီးနဲ့ အကျဉ်းသား'

တန်ရိ ပါးစပ်ပိတ်ထားသည်။

လျှူချင်းက—

'သူတို့ ထွက်ပြေးသွားပြီ ဖြစ်ရမယ်၊ ဒီလူတွေက သူတို့ နောက် မလိုက်နိုင်အောင် ကျုပ်တို့ကို ဟန့်တားဖို့ ကျန်ခဲ့ တာဗျ'

ချင်ဟို ဒေါသချောင်းချောင်း ထွက်သွားသည်။

'ခြွဲ....ခင်ဗျားတို့အကြံက ဒီလိုကိုး၊ ဟွန်း....ဘယ်သူမှ ပြေးလို့ မလွတ်စေရဘူးဆိုတာ မကြာခင် သိရမှာပေါ့'

သူသည် စကားဆုံးသည်နှင့် တန်ရိုထံ ခုန်ဝင်၍ တိုက်တော့၏။

လက်ရှစ်ဖက်တို့ကလည်း တုံ့နေးမနေပါ။

တိုက်ပွဲအတွင်းသို့ ဝင်လာကြ၏။

တန်ညီနေဝင်သည် ကျောချင်းကပ်လျက် ချင်ဟိုတို့ လူစုကို အစွမ်းကုန် ခုခံတိုက်ခိုက်ကြသည်။

သူတို့အနေနှင့် အသက်သေဆုံးသည်အထိ ဟန့်တားတိုက်ခိုက်သွားရန် ဆုံးဖြတ်ထားကြပြီ မဟုတ်ပါလား။

* * *

နေရောင်ခြည် ထွက်ပေါ်လာပြီဖြစ်၏။

ရှောင်လန်းသည် သူ့အား လိုက်ရှာနေသော ကျန်ဖုန်းရွှေတို့လူစုနှင့် ဆုံတွေ့သွားလေသည်။



ကျန်ဖုန်းရွှေတို့ကလည်း ရှောင်လန်းနှင့်အတူ မိန်းကလေးတစ်ယောက်ပါလာသည်ကို တွေ့ရသောအခါ အံ့အားသင့်သွား၏။

ရှောင်လန်းက သူ့ကို မိန်းကလေးက ကယ်တင်လာခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြလိုက်ပြီး သူကလည်း ထိုမိန်းကလေးကို ပြန်၍အကူအညီပေးမည်ဟု ကတိပေးခဲ့ကြောင်းတို့ကိုပါ ပြောပြလေ၏။

ကျန်ဖုန်းရွှေက ခေါင်းညိတ်၏။

'ဟုတ်သပေါ့၊ ကဲ—မိန်းကလေး၊ ကျုပ်တို့က ဘာအကူအညီပေးရမလဲဆိုတာပြောပါ၊ ကျုပ်တို့လူစုက မိန်းကလေးအတွက် အစွမ်းကုန်ကူညီပါ့မယ်'

သူမက....

'ကျွန်မနာမည် တန်ကျင်းဝှာလို့ခေါ်ပါတယ်၊ ကျွန်မဖေဖေက တန်ရိုပါ'

ကျန်ဖုန်းရွှေ မျက်ခမှောင်ကုတ်သွား၏။

'ယန်စီမြစ်ကမ်းက တန်ညီနေဝင်ဆိုတာ ကျုပ် ကြားဖူးတယ်၊ အဲဒီ တန်ညီနေဝင်လား'

တန်ကျင်းဝှာက....

'ဟုတ်ပါတယ်ရှင်'

'မိန်းကလေးက ဒီတောထဲ ဘယ်လိုရောက်နေတာလဲ'

'ဒီလိုပါရှင်၊ လွန်ခဲ့တဲ့ (၃)နှစ်ကျော်က ဖေဖေတို့ ညီအစ်ကိုဟာ ချစ်ဟိုဆိုတဲ့ သိုင်းသမားတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်၊ သူက သူ့သခင်ကြီးဟာ တိုက်ဟန်စန်းတောင်တန်းပေါ်က ရတနာသိုက်ကိုသွားရှာမလို့ လူစုဆောင်းနေတာတဲ့၊ ဖေဖေလဲ စိတ်ဝင်စားသွားတယ်၊ ဒါနဲ့ ပြည်မက သိုင်းသမား နှစ်ဆယ်ယောက်ဟာ သခင်ကြီးပုစန်းဆိုတဲ့လူနဲ့အတူ ဟောဒီ တိုက်ဟန်စန်းတောင်တန်းပေါ်ကို တက်လာကြပါတယ်'

ဂမ်ကျောင်း စိတ်ဝင်စားသွား၏။

'မိန်းကလေးတို့ကလဲ ဝူစန်းဟိုမြို့ပျက်ကို လိုက်ရှာကြတာပေါ့'

'ဟုတ်လား'

သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ကျန်ဖုန်းရွေက....

'ဒီရောက်တာ (၃)နှစ်ကျော်ပြီဆိုတော့ ဝူစန်းဟိုမြို့ပျက်တွေ့အောင် ရှာနိုင်ပြီထင်တယ်'

သူမက...

'တွေ့ပါတယ်၊ နဂါးပတ်တောင်ခြေမှာ ဝူစန်းဟိုမြို့ပျက်ဟာ ရှိနေပါတယ်'



ဝမ်ကျောင်က အလောတကြီးမေး၏။

စာမှတ် ၁၅/၁၃၈၊
စောင် ၄
နှုန်း ၂၁၄၄၄

'အဲဒီမြို့ပျက်မှာ ဘာတွေရှိသလဲ'

သူမက...

'ဘာမှ မရှိပါဘူး'

'ဗျာ'

'ဟုတ်တယ် အဲဒီမြို့ပျက်ဟာ ရတနာသိုက်တို့ ဆိုပေမယ့် တကယ်တော့ ဘာရတနာမှမရှိပါဘူး၊ ဒါပေမယ့် ...သခင်ကြီး ပုစန်းအတွက်တော့ ရတနာသိုက်တွေ့တာနဲ့ ခြားခဲ့ပါဘူး'

ရှောင်လန်းက ဝင်မေးသည်။

'ဘာဖြစ်လို့လဲ'

တန်ကျင်းဝှာက....

'ဘာကြောင့်လဲဆိုတော့ ဒီနယ်တဝိုက်မှာ ဘိန်းပင်တွေဟာ အလေ့ကျပေါက်နေတယ်လေ'

'ဘိန်းပင်....ဟုတ်လား'

'ဟုတ်ပါတယ်၊ သခင်ကြီးပုစန်းဟာ ရတနာသိုက်မတွေ့တော့ သူက ဒီတောင်ပေါ်မှာရှိတဲ့ လူတွေကို ဖမ်းဆီးပြီး ချွေးသစ်တည်တယ်၊ ဘိန်းစိုက်ခိုင်းတယ်'

'ဟာ'

ကြားလိုက်ရသောစကားကြောင့် အားလုံး အံ့အားသင့်သွား၏။

သူမက စကားဆက်သည်။

'ဒီတောင်တန်းမှာက လျှိုမြောင်စိမ့်စမ်းတွေပေါမျှားပြီး ဘိန်းစိုက်လို့ကောင်းတယ်၊ ဒါကြောင့် ဘိန်းစိုက်ခင်းတွေ အမြောက်အများစိုက်ပျိုးပြီး ပြည်မကို ဘိန်းတွေ တင်ပို့ခဲ့တယ်၊ သူ့အတွက် ရတနာသိုက်ပေါ့၊ နယ်ခံတွေဘိန်းကျွေးပြီး သူ့စေခိုင်းချက်ကို မလွန်ဆန်နိုင်တော့ဘူး၊ ဒါကို ဖေဖေတို့ ညီအစ်ကိုက မကျေနပ်ဘူး၊ မကောင်းမှုန်းသိလို့ ဘားပေမယ့် မရဘူး၊ သူ့ရဲ့လက်က မလွတ်နိုင်တဲ့အတွက်ကြောင့် ခုလို ဒုက္ခခံနေရတယ်၊ ကျွန်မပေါ်နေလို့ ဖေဖေတို့အလဲ စွန့်စားပြီး ထွက်မပြေးရဲဘူး၊ ကျွန်မလေ ဒီရောက်ကတည်းက ကူညီမယ့်လူ ရောက်လာပါစေလို့ တစ်နေ့မပြတ် ဆုတောင်းခဲ့ပါတယ်'

ကျန်ဖိုန်းရွှေက....

'ကျုပ်တို့က ဘယ်လိုကူညီရမှာလဲ'

သူမက–

'သခင်ကြီးပူစန်းကိုနှိမ်နင်းပြီး ဘိန်းစိုက်ခင်းတွေ ဖျက်ဆီးပေးဖို့ပါ'



ဝမ်ကျောင်းက....

'စိတ်ချ၊ ကျုပ်ကို ကူညီပါ့မယ်'

'ရှင်တို့ တကယ်ပြောတာပါ'

'တကယ်ပြောတာပါ'

'ဒါဆို ရှင်တို့ ပထမဆုံးလုပ်ရမှာ တစ်ခုရှိသေးတယ်'

ကျန်ဖုန်းရွှေ မျက်မှောင်ကုတ်သွားပြီး....

'ဘာလုပ်ရမှာလဲ'

တန်ကျင်းဝှာက–

'ရှင်တို့ အင်အားနည်းတယ်၊ ပူစန်းရဲ့ လက်အောက်မှာ သိုင်းသမား နှစ်ဆယ်ကျော်ရှိတယ်၊ သူတို့ဟာ ပူစန်းကို ကြောက်ရွံ့တော့ ပူစန်း ခိုင်းသမျှလုပ်ဆောင်ပေးကြရတယ်၊ ခုလဲ ပူစန်းတို့နဲ့ ရင်မဆိုင်ခင် သူတို့နဲ့ အရင်ဆုံး ရင်ဆိုင်ရမှာ'

ကျန်ဖုန်းရွှေက သက်ပြင်းချလိုက်၏။

လူအင်အားငါးရာခန့်ကို သူက မည်သို့ အနိုင်ရမှာမည်နည်း။

တန်ကျင်းဝှာက-

'ဒါပေမယ့် တစ်ခုရှိတယ်၊ ဒေသခံတွေဟာ အသင်းခားဆိုတဲ့ ခေးတစ်လက်ကို ကိုးကွယ်ကြတယ်၊ ခြောက်ရွံ့ကြ

ကယ် ဒီခေါ်ကိုသာ ရှာဖွေရယူပြီးရင်တော့ ဒေသခံတွေထား ရှင်တို့ကို အန္တရာယ်ပြုမှာ မဟုတ်တော့ပါဘူး၊ ပုစန်းတို့လူစုနဲ့ပဲ ရင်ဆိုင်ရမှာပါ'

ရှောင်လန်းက—

'အလင်းခေါ်က ဘယ်မှာလဲ'

ထန်ရှင်ဝှာက-

'ဟိုဘက်တောင်ကြောက လျှို့ထဲမှာပါ'

ရှောင်လင်း၏ မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

'ဒီခေါ်ပဲလား'

သူသည် ကျန်ဖုန်းရွှေ၏ခေါင်းမှ ခေါ်ကို ညွှန်ပြလိုက်သည်။ တန်ကျန်းဝှာတ ကြည့်လိုက်ပြီး–

'ရှင်တို့ ဘယ်ကရလာတာလဲ'

သူက—

'ဟိုးဘက်တောင်ကြောက လျှို့ထဲကရခဲ့တာပါ၊ ခေါ်ရှိးထဲမှာ ညလင်းပုလဲတွေ မြုပ်ထားတယ်'

တန်ကျင်းဝှာက ...

'ဟုတ်ပါတယ်၊ ဒါဆို ကျွန်မတို့ ဒေသခံတွေကို မှုစရာမလိုတော့ပါဘူး'



သူမ စကားမဆုံးခင်းမှာပင်....

'မင်းတို့ ဘယ်ပြေးမှာလဲ'

အသံနှင့်အတူ လူရိပ်ငါးရိပ်ရောက်ရှိလာ၏။

ချင်းဟိုတို့လူစုပင် ဖြစ်ပါသည်။

လက်ရှစ်ဘက် သူ့အား ပြုံးပြလိုက်ပြီး....

'ဟဲ... ဟဲ....ဟဲ... ပြန်တွေ့ကြပြီပဲ'

နီစွမ်က မျက်မှောင်ကြုတ်သွားပြီး—

'လက်ရှစ်ဖက် .. မင်းက ဘယ်လိုရောက်လာတာလဲ'

လက်ရှစ်ဘက်က....

'ခင်ဗျားတို့ ဒီတောင်တန်းပေါ်က အမြန်ဆုံးဆင်းသွားပြီး သတိလာပေးတာပါ'

ဝမ်ခကျောင်းက်...

'မဆင်းရင်ကော'

လက်ရှစ်ဘက်က သူ၏ လည်ပင်အား လက်ဖြင့်လှီးဟန်ပြင်လိုက်ပြီး....

'ကျုပ် မလုပ်ချင်တာတွေ လုပ်နေရဦးမယ်'

ကျန်ဖုန်းရွှေက နှာခေါင်းရှုံ့လိုက်ပြီး—

'မင်းက ကျုပ်တို့ကို မောင်းထုတ်နိုင်လို့လား'

လက်ရှစ်ဖက်က ရယ်မောလိုက်ပြီး—

လက်ရှစ်ဘက်က....

'ကျုပ် နောက်ဆုံး တစ်ခွန်းပဲမေးမယ်၊ ခင်ဗျားတို့ သွား မလား၊ မသွားဘူးလား'

ကျွန်ဖုန်းရွှေက မဲ့လိုက်ပြီး....

'ခင်ဗျားတို့ သွားခိုင်းတိုင်း မသွားနိုင်ပါဘူး'

ဟု ပြတ်သားစွာပင် အဖြေပေးသည်။

တန်ကျင်းဝှာမှာမူ ချင်းဟိုတို့လူစုအား တွေ့လိုက်ကတည်း က သူ၏ ဖခင်တို့ သေဆုံးသွားပြီဟု နားလည်ကာ မျက်ရည် များကျနေသည်၊

လက်ရှစ်ဘက်က ...

'ဒါဆိုလဲ ခင်ဗျားတို့အားလုံးကို ကျုပ်က ရှင်းပစ်ရတော့ မှာပေါ့'

သူက....

'အားလုံး အသင့်ပြင်၊ ရှောင်လန်း—မိန်းကလေးကို လွှတ် ရာခေါ်ထား'

ဟု အမိန့်ပေးလိုက်သည်။



ထို့နောက် သူ၏ ငယ်သား သိုင်းသမားများနှင့်အတူ လက်ရှစ်ဘက်တို့လူစုအား ရင်ဆိုင်ရန် အသင့်ပြင်လိုက်ကြ လေသည်။

လက်ရှစ်ဘက်က....

'ချင်းဟို....အရှင်လား အသေလား'

ချင်းဟိုက အေးစက်စွာ ပြုံးလိုက်ပြီး....

'အားလုံး ရှင်းပစ်လိုက်တာ အကောင်းဆုံးပါပဲ'

လက်ရှစ်ဘက်က....

သူသည် လျှို့ချင်းတို့အား အချက်ပေးလိုက်ပြီး ကျွန်ဖုန်း ရွှေတို့ လူစုအား ဟရကြမ်းတိုက်ခိုက်လိုက်လေသည်။

* * *

တိုက်ပွဲကား၊ ပြင်းထန်လှသည်။

ကျွန်ဖုန်းရွှေ၏ သိုင်းသမားများသည် ရန်သူများကို ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ကျွန်ဖုန်းရွှေကမူ လက်ရှစ်ဖက်နှင့် ရန်ဆိုင်လိုက်သည်။

လက်ရှစ်ဘက်သည် ကျွန်ဖုန်းရွှေအား လုံးဝ အထင်မကြီးပါ။

ထို့ကြောင့် တစ်ခဏနှင့် သတ်ပစ်နိုင်သည်ဟု ယူဆကာ ပေါ့ပေါ့ဆဆပင် တိုက်ခိုက်လိုက်သည်။

သို့သော် သိုင်းကွက် (၂၀)အတွင်းမှာပင် သူသည် ကျွန်ဖုန်းရွှေအား ပေါ့ဆမိသည်မှာ မှားယွင်းသွားကြောင်း သိလိုက်သည်။

ကျွန်ဖုန်းရွှေအား လက်ရှစ်ဘက်ကို ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

သူ၏ ငွေဓားတိုနှစ်လက်သည် လက်ရှစ်ဘက်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းသွားလိုက်သည်။

လက်ရှစ်ဘက် ထိတ်လန့်သွားသည်။

သူသည် ကျွန်ဖုန်းရွှေ၏ ဓားပညာ ဤမျှ မြင့်မားမည်ဟု မထင်ခဲ့ပါ။

သူသည် ကျွန်ဖုန်းရွှေ၏ ဓားကွက်အောက်မှ အတင်းရုန်းထွက်လိုက်သည်။



သို့သော် ကျွန်ဖုန်းရွှေ၏ ဓားနှစ်လက်က သူ့အား ထွက်လမ်းမရှိအောင် ပိတ်ဆို့ တိုက်ခိုက်ထား၏။

သိုင်းကွက် တစ်ကွက်ပြီး တစ်ကွက် ကုန်ဆုံးလာလေလေ လက်ရှစ်ဖက်၏ အခြေအနေမှာ ဆိုးရွားလာလေလေပင်။

သူသည် ကြောက်ရွံ့လာ၏။

သူသည် ကျွန်ဖုန်းရွှေအား မည်သို့မျှမယှဉ်နိုင်ကြောင်း သိလိုက်ရချိန်က အလွန်အမင်း နောက်ကျသွားခဲ့ပြီဖြစ်၏။

ကျွန်ဖုန်းရွှေ၏ ဓားချက်များက တစ်စက်တစ်စ သူ၏ ခန္ဓာကိုယ်ပေါ် နီးကပ်စွာ ကျရောက်လာတော့သည်။

* *

'ကျွား'

'ယား...ချမ်း....အား'

တိုက်ပွဲသံကား ဆူညံနေ၏။
ချင်ဟိုတို့သည် ဤတောင်တန်းပေါ် မင်းမူနေသူများ ဖြစ်၏။

ဒေသခံများအပေါ် အလွယ်တကူ အနိုင်ယူနိုင်သဖြင့် ကျန်လူများကိုလည်း အထင်သေးကာ ကိုယ့်ကိုယ်ကိုစိတ်ကြီး ဝင်နေခဲ့၏။

တကယ်တန်း တိုက်ခိုက်ရသောအခါ ကျန်ဖုန်းရှေတို့ လူစုအား အနိုင်မရနိုင်ကြောင်း သိရှိလိုက်၏။

ချင်ဟုိသည် တိုက်ပွဲအတွင်းမှ ကိုယ်လွတ်ရုန်းကာ ပြေးထွက်သွားသည်။

လျှုချင်း၊ ခေါ်ပျံနှင့် လက်သီးဘုရင်တို့အား ကျန်ဖုန်းရှေတို့လူစု၏ လက်တွင်းမှ မလွတ်နိုင်ဘဲရှိနေ၏။

'အား'

ထိုစဉ် လက်ချစ်ဖက်၏ အော်သံထွက်ပေါ်လာ၏။

လျှုချင်း မျက်နှာပျက်သွား၏။

သူသည် နောက်သို့ ခုန်ဆုတ်၏။

သို့သော် ကျန်ဖုန်းရှေက ပိတ်ဆို့ပြီး—

'မင်းတို့ ပြေးလို့ မလွတ်ပါဘူးကွာ'



လျှုချင်း မျက်နှာပျက်သွားသည်။
သူသည် ပြေးမလွတ်တော့သဖြင့် ကျန်ဖုန်းထံ ခုန်ဝင်ကာ တရကြမ်း တိုက်လိုက်သည်။
သူက လျှုချင်း၏ ဓားချက်အား အလွယ်တကူပင် ချေဖျက်ကာ တုန့်ပြန်ကာ တိုက်စစ်ဆင်သည်။
ထိုစဉ် စမ်ကျောင်းကလည်း ကျန်ဖုန်းရှေဘက်မှ ကူညီဝင်ရောက် တိုက်လေတော့သည်။

တိုက်ပွဲကား ပြတ်သားလာ၏။

ကျန်ဖုန်းရှေတို့လူစု၏ တိုက်ခိုက်မှုအောက်ဝယ် လျှုချင်းတို့ အလူးအလဲ ခံနေရလေသည်။

*　*　*

တိုက်ပွဲကား ပြီးဆုံးသွားသည်။

လက်ချစ်ဖက်တို့လူစု ကျဆုံးသွားခဲ့ပြီဖြစ်၏။

ရင်းတို့သည် အနက်ရောင်သိုင်းသမားများ ဖြစ်နေသည့်အတွက်ကြောင့် ကျန်ဖုန်းရွှေတို့လူစုက သနားညှာတာမှုနေတော့ပါ။

ဖြတ်ဖြတ်သားသားပင် တိုက်လိုက်ခြင်းဖြစ်သည်။

ကျန်ဖုန်းရွှေက....

'ရန်သူတစ်ယောက် လွတ်သွားတယ်၊ သူတို့ ပြန်မလာခင် ကျုပ်တို့ဦးအောင် လိုက်မှဖြစ်မယ်၊ မိန်းကလေးကကျုပ်တို့ကို လမ်းပြပေးပါ'

တန်ကျင်းဝှာက ခေါင်းညိတ်၏။

'ဟုတ်ကဲ့'

သူမသည် မျက်ရည်များသုတ်ကာ လျှောက်သွား၏။

ရှောင်လန်းက သူမအား ဖျောင့်ဖျချင်း နံဘေးမှလိုက်ပါသွား၏။

စိတ်တန်ခိုးကား အံ့ဖွယ်ကောင်းလှပေသည်။

မိန်းကလေးကား နေ့စဉ် ကူညီမည့်သူ ရောက်လာရန်ဆုတောင်းနေမှုကို ရှောင်လန်းက အိပ်မက်အဖြစ်မက်ခဲ့ရလေသည်။

သူက မိန်းကလေးအား နှစ်သိမ့်၏။



'ညီမဖခင်ဟာ ကျုပ်ကိုကယ်တင်ရင်း အသက်ဆုံးရတာပါ၊ ဒါကြောင့် ညီမကို ကျုပ်တစ်သက်လုံး စောင့်ရှောက်ပါရစေ၊ ကျုပ်ကို အခွင့်အရေးယူတာ အချိန်အခါမသိတဲ့လူလို့ မထင်ပါနဲ့၊ ညီမအတွက် ကျုပ်က တာဝန်ပြန်ယူချင်လို့ပါ'

မိန်းကလေးကား ဘာမှ ပြန်မပြောပါ။

သူက....

'တကယ်တန်းကျတော့ ညီမနဲ့ကျုပ်ဟာ အခုမှမြင်ဖူးတာဖြစ်ပေမယ့် ကျုပ်ရဲ့အိပ်မက်ထဲမှာတော့ မြင်ဖူးနေတာကြာပြီ'

'ရှင်....'

တန်ကျင်းဝှာ အံ့အားသင့်သွား၏။

သူက....

'ဟုတ်ပါတယ်၊ ဒီအိပ်က်မက်ကြောင့်လဲ ကျုပ်တို့လူစုဟာ တိုက်ဟန်စန်းတောင်ပေါ်ကို ရောက်ခဲ့ကြတာပါ'

သူက သူမြင်မက်ခဲ့သော အိပ်မက်များ အကြောင်းကို သူမအား ပြန်လည်ပြောပြလိုက်သည်။

သူမက....

'ထူးဆန်းလိုက်တာ'

သူက....

'ဟုတ်တယ်၊ တကယ့်ကို ထူးဆန်းမှုပါပဲ'

သူတို့သည် စကားတပြောပြောနှင့် လျှောက်လာကြရာ တောင်ကုန်းတစ်ခုအနီးရှိ လွင်ပြင်သို့ ရောက်ရှိလာကြလေသည်။

ထိုစဉ်မှာပင်....

'ဝူး—'

လှံရှည်တစ်ချောင်း သည် သူတို့ရှေ့ မြေပြင်ပေါ်သို့ ကျရောက်လာသည်။

ရှောင်လန်းတို့လူစု ရင်ထိတ်သွားကြသည်။

သူတို့သည် လှံလာရာသို့ ကြည့်လိုက်၏။

'ဟင်....'

အားလုံး မျက်လုံးပြူးသွားကြလေသည်။

သူတို့အား လက်နက်ကိုယ်စီနှင့် လူများစွာက ဝိုင်းရံ ပိတ်ဆို့ထားကြသည် မဟုတ်ပါလား။



ဝမ်ကျောင်းက....

'ဟာ မနည်းပါလား'

မှန်သည်၊ သူတို့အား လူ သုံးရာကျော်ခန့်က အရပ်လေးမျက်နှာအနှံ့ ဝိုင်းရံ ပိတ်ဆို့ထားကြသည် မဟုတ်ပါလား။

'ဟား ဟား ဟား မင်းတို့ဘယ်ပြေးကြမှာလဲ'

အသံနှင့်အတူ တောင်ကုန်းလေးပေါ်မှ လူတစ်စု ထွက်ပေါ်လာ၏။

ပုစန်းနှင့် သူ၏လက်ရွေးစင် သိုင်းသမား နှစ်ဆယ်ခန့်ပင် ဖြစ်ပါသည်။

ပုစန်းက....

'မင်းတို့အားလုံး အေးအေး ဆေးဆေး အဖမ်းခံပါ၊ မဟုတ်ရင်တော့ အားလုံး အမှုန့်ဖြစ်သွားလိမ့်မယ်'

ဟု ချိမ်းခြောက်၏။

နိစ္စမ်းက....

'အခြေအနေ မကောင်းဘူး'

ကျန်ဖုန်းရှေက ခေါင်းညိတ်၏။

'ဟုတ်ဘယ်၊ ဒါပေမယ့် အဖမ်းခံရင်လဲမလွယ်ဘူး၊ ဘာ ပဲဖြစ်ဖြစ် တစ်ဖက်ဖက်ကို ဖောက်ထွက်ရမယ်'

ဝမ်ကျောင်းက အံကြိတ်လိုက်၏။

'ရှန်သူကို ဘယ်တော့မှ အညံ့မခံဘူး'

ထိုစဉ် ပုစန်း၏အသံ ထွက်ပေါ်လာ၏။

'မင်းတို့ ထွက်ပြေးလို့ မရပါဘူး၊ ဟော့ သူတို့ကိုဖမ်းလိုက် ကြစမ်း'

သူသည် လက်ဝေ့ယမ်းလိုက်သည်။

ရွာသားများသည် လက်နက်ကိုယ်စီစွဲကိုင်လျက် ကျန်ဖုန်' ရှေတို့ထံသို့ ပြေးဝင်လာကြသည်။

ကျန်ဖုန်းရှေတို့ လူစုကလည်း တုံ့ပြန်တိုက်ခိုက်ရန် ပြင် လေသည်။

ကျန်ဖုန်းရှေက—

'ကျုပ်နောက်က ကပ်လိုက်ခဲ့ကြ'

သူသည် ထိုရွာသားများကြားမှ အတင်း ဖောက်ထွက် ရန် ဟန်ပြင်သည်။



ထိုအခိုက် တန်ကျင်းဝှာ၏ သတိပေးသံက ထွက်ပေါ်လာ လသည်။

'အလင်းဓား–အလင် ဓားကို ထုတ်သုံးပါ'

ကျန်ဖုန်းရှေ သတိရသွားသည်။

သူသည် ခါးတွင်ချိတ်ဆွဲထားသော ဓားကို ဖြုတ်ယူကာ လထဲဝေ့ယမ်း၏။

ထို့နောက် ကျယ်လောင်စွာ အော်ဟစ်သည်။

'သတ္တိရှိတဲ့လူ လာခဲ့ကြစမ်း'

ကျန်ဖုန်းရှေ၏ အသံကား ဟိန်းထွက်လာသည်။

ထို့အတူ ဝေ့ယမ်းလိုက်သော ဓားချက်မှ အလင်းရောင် ားက ဝင်းလက်တောက်ပစွာ ထွက်ပေါ်လာသည်။

နေရောင်ခြည်အောက်ရှိ ဓား၏အလင်းရောင်က ကြည့်ရ များအဖို့ မျက်စိကျိန်းစပ်သွားလောက်အောင်ကို စူးရှလှ သည်။

ပြေးဝင်လာသော တောင်ပေါ် ရွာသားများသည် ဓား ာင်ကို တွေ့သောအခါ ခြေလှမ်းများ ရပ်တံ့သွား၏။ ကျန်ဖုန်းရှေ၏ လက်မှ ဓားကို တွေ့သောအခါ ရှေ့ က် မတိုးရဲကြတော့ပါ။

ရောက်သည့် နေရာတွင် ရူးဆောက်ကြလေသည်။

ကျန်ဖုန်းရွှေ ငေး်သာသွားသည်။

'အားလုံး ငြိမ်ငြိမ်နေကြပါ'

သူ၏ အမိန့်သံအောက်ဝယ် တောင်ပေါ် ရွှာသားမျာ
ငြိမ်ဝပ်နေသည်။

မမျှော်သင့်သော အဖြစ်အပျက်ကြောင့် ပုစန်းမှာအံ့အာ
သင့်သွားသည်။

'ဟေ့ အားလုံးတိုက်ကြစမ်း'

သူက အော်ဟစ် အမိန့်ပေးလိုက်သည်။

သို့သော် ရွှာသားများကား မလှုပ်ပါ။

ကျန်ဖုန်းရွှေက-

'ရွှာသားအပေါင်းတို့....ဒီလူတွေဟာ မကောင်းတဲ့လူ
တဲ့၊ သူတို့ဟာ မင်းတို့ကို ညှင်းပန်းနှိပ်စက်နေကြတယ်၊ ကျ
က အားလုံး ကယ်တင်ဖို့ ရောက်လာတာပဲ၊ ဟောဒီအ
ဓားဟာ မကောင်းသူကို ဖယ်ရှားဖို့ပဲ၊ အားလုံး မကော
ဆိုးရွားတွေကို တိုက်ထုတ်ကြလော'

ဟု ဟစ်ကြွေးလိုက်၏။



ရွှာသားများ ချက်ချင်းပင် ထရပ်ကာ ပုစန်းတို့ လူစု
အား ဝိုင်းရံလိုက်ကြလေသည်။

မထင်မှတ်ဘဲနှင့် အခြေအနေက ပြောင်းလဲ သွားသည်။
ပုစန်း ဒေါသချောင်းချောင်းထွက်သွားသည်။

'အားလုံး သေချင်သလား၊ နောက်ဆုတ်ကြစမ်း'

တောင်ပေါ်ရွှာသားများကား ပုစန်း၏အမိန့်ကို အခွင့်ပေး
ခြင်း မရှိတော့ပါ။

သူတို့ကိုးကွယ်သော အလင်းဓားကိုင်ဆောင်သူ
ကိုသာ နားထောင်ရတော့မည် မဟုတ်ပါလား။

ပုစန်း ခံပြင်းသွား၏။

သူသည် လှံရှည်ကိုဆွဲကာ အနီးကပ်လာသော တောင်
ပေါ်ရွှာသားများကို တရကြမ်းတိုက်ခိုက်တော့သည်။

သူ၏တိုက်ခိုက်မှုကြောင့် ရွှာသား သုံးလေးယောက် ထိ
ခိုက်သွားပြီး နောက်ပြန်ဆုတ်သွားကြသည်။

သို့သော်---ခပ်ဝေးဝေးမှနေ၍ ပုစန်းတို့ လူစုအား အထပ်
ထပ် ဝိုင်းရံထားလိုက်ကြသည်။

ကျန်ဖုန်းရွှေက

'ပုစန်း... ခင်ဗျား အေးအေးဆေးဆေးအဖမ်းခံပါ'

ပုစန်းက မဲ့လိုက်သည်။

'ကျုပ်ကို ဘယ်သူက ဖမ်းနိုင်မှာလဲ၊ ဟေ့—အားလုံး တိုက်ကြစမ်း'

ပုစန်း၏ လက်ရွေးစင်သိုင်းသမားများသည် တိုက်ခိုက်ရန်အသင့်ပြင်လိုက်ကြသည်။

ဖုန်းရွှေ တွေဝေသွားသည်။

ပြင်းထန်သော တိုက်ပွဲကား မလွဲမသွေဖြစ်ပေါ်လာတော့မည်။

ပုစန်းတို့လူစု၏ သိုင်းပညာအဆင့်ကား မဆိုးလှပါ။

တိုက်ပွဲဖြစ်လျှင် တောင်ပေါ်ရွာသားများ အများအပြား ထိခိုက်ဒဏ်ရာရရှိကြမည်မှာ သေချာလှပေသည်။

ဤသို့ မဖြစ်စေချင်ပါ။

ကျန်ဖုန်းရွှေက ရှေ့တိုးလိုက်ပြီး....

'ဒီမှာ ပုစန်း၊ ခင်ဗျားကို ကျုပ် အခွင့်အရေးတစ်ခုပေးမယ်၊ ခင်ဗျား ကျုပ်ကို အနိုင်ရရင် ဒီက အေးအေးဆေးဆေး ထွက်သွားခွင့်ရမယ်'



ဟု ပြောလိုက်၏။

သူသည် ဤမျှ များပြားလှသော တောင်ပေါ်ရွာသားများ၏ ဝိုင်းရံထားမှုအောက်မှ မနည်း အလွတ် ရုန်းရမည်ဖြစ်၏။

ယခု ကျန်ဖုန်းရွှေက တစ်ဦးချင်းတိုက်မည်ဟု အခွင့်ပေးနေသည်။

ပုစန်း သဘောကျသွားသည်။

သူသာ ကျန်ဖုန်းရွှေအားအနိုင်ရပြီး သူ့လက်ထဲမှ ဓားကို ရလျှင် တောင်ပေါ်ရွာသားများကို ပြန်လည်အမိန့်ပေးနိုင်မည် ဖြစ်၏။

ထိုအခါ ကျန်ဖုန်းရွှေတို့လူစုကို အလွယ်တကူ ချေမှုန်းပစ်လိုက်ရုံသာရှိတော့မည်။

သူက ကျန်ဖုန်းရွှေကို စူးစိုက်ကြည့်လိုက်ပြီး—

'ခင်ဗျား ကတိတည်ရဲ့လား'

ကျန်ဖုန်းရွှေက....

'ကျုပ်ကတိပဲ၊ ခင်ဗျားရှုံးလဲ အားလုံး အဖမ်းခံရမယ်'

ပုစန်းက....

'စိန်လိုက်'

သူသည် စကားဆုံးသည်နှင့် ရုတ်ခြည်းပင် ကျန်ဖုန်းရွှေထံ ခုန်အုပ်၍ တိုက်ခိုက်တော့သည်။

သူက မထင်မှတ်ချိန်တွင် တိုက်ပွဲစခြင်းကြောင့် အသာစီး ရယူလိုက်ခြင်းဖြစ်သည်။

သို့သော်...ကျန်ဖုန်းရွှေက သတိရှိသည်။

သူက ဓားကိုဆွဲ့သမ်းကာ ပုစန်းကိုပြန်၍ တိုက်ခိုက်လေသည်။

ပုစန်း၏ သိုင်းပညာသည် ကျန်ဖုန်းရွှေထက် သာပေ၏။

သူသည် လက်ထဲမှဓားဖြင့် တစ်ဟုန်ထိုး တိုက်ခိုက်ရင်း ဘယ်လက်ကလည်း ကျန်ဖုန်းရွှေ၏ဓားကို လျှပ်တစ်ပြက် လုယူလိုက်သည်။

ကျန်ဖုန်းရွှေ ရင်ထိတ်သွားသည်။

သူသည် ဓားကိုဆွဲ့ယမ်းကာ (၃)ချက်တိတိ ခုတ်ချရင်း ပုစန်း၏တိုက်ကွက်ကို ဟန့်တားလိုက်သည်။

ဓားရောင်က ပြိုးပြိုးပြက်ပြက်ထွက်ပေါ်လာသည်။



သူသည် ရုတ်တရက်ထွက်ပေါ်လာသောဓားရောင်ကြောင့် မျက်လုံးများ ပြာသွားသည်။

ဘာကိုမှ မမြင်ရတော့သလို ဖြစ်သွားသည်။

သူသည် ကျန်ဖုန်းရွှေ၏ ဓားချက်ကိုလည်း မရှောင်နိုင်တော့ပါ။

'အား'

ပုစန်းသည် ကျန်ဖုန်းရွှေ၏ ဓားချက်ထိကာ မြေပေါ်လဲ ကျသွားလေတော့သည်။

*

ပုစန်း သေဆုံးသွားသည့်အတွက် ချင်ဟိုတိုလူစုသည် ကျ ဖုန်းရွှေကို မတိုက်ရဲတော့ဘဲ အညံ့ခံလိုက်ကြ၏။

ကျန်ဖုန်းရွှေသည် မွာယားများ အကူအညီဖြင့် တိန်းခ များ အားလုံးကို ဖျက်ဆီးပစ်လေသည်။

ရှာသားများကိုကည်း ဘိန်းမစိုက်ရန် မှာကြား၏။

လေးငါးရက်မျှ အလုပ်ရှုပ်သွားပြီး နောက်ပိုင်း သူတို့အားလုံး အားလပ်သွား၏။

ဝမ်ကျောင်းက—

'တန်ကျစ်းဝှာ၊ ကိစ္စတွေလဲ အားလုံးပြီးသွားပြီ၊ ကျုပ်တို့မပြန်ခင် ဝူစန်းဟိုမြို့ပျက်ကို လိုက်ပို့ပေးနိုင်မလား'

တန်ကျင်းဝှာက ခေါင်းညိတ်လိုက်၏။

'ရပါတယ်၊ ဒီက နှ တစ်ရက်စရီးပဲ ရှိပါတယ်၊ ကျွန်မလိုက်ပို့ပါ့မယ်'

နဂါးပတ်တောင်။

နဂါးပတ်တောင်သည် တောင်တစ်လုံးအား နဂါးတစ်ကောင်က ခွေပတ်ထားသည်နှင့် တူလှ၏။



နဂါးပတ်တောင်မှာ ပေတစ်ထောင်ခန့်သာ မြင့်၏။

ထို့ကြောင့်လည်း အဝေးမှ မမြင်ရပါ။

ဝူစန်းဟို မြို့ပျက်နေရာသည် နဂါးပတ်တောင်ခြေတစ်ဖက် မြေနိမ့်ချိုင့်ဝှမ်းထဲ၌ တည်ရှိပေသည်။

အဆောက်အဦပျက် များစွာကို တွေ့ရ၏။

ရှေးခေတ် ဗိသုကာ လက်ရာက အလွန်ပင် ခေတ်မီသည်ကို တွေ့ရသည်။

အဆောက်အဦများ အားလုံး အဝါရောင်သန်းနေသည်။

မြေဝါအုတ်များ အသုံးပြုခြင်း ဖြစ်ဟန်တူ၏။

နေရောင်အောက်ဝယ် တလက်လက် တောက်ပနေ၏။

ကျန်ဖုန်းရွှေ ရယ်လေသည်။

'ဟား ဟား ဟား....မြေဝါနဲ့ပြုလုပ်ထားတဲ့ အုတ်အပိုင်းအစတွေ အဝေးကကြည့်ရင်ရွှေလိုပဲ၊ ဒါကြောင့်လဲ တင်စားပြီး မှတ်သားကြတာပဲ ဖြစ်မယ်'

တန်ကျင်းဝှာက—

'ဟုတ်ပါတယ်၊ ကျွန်မတို့ ဒီမြို့ပျက်မှာပဲ ခြောက်လနေထိုင် ရှာဖွေပြီး နောက်ဆုံး လက်လျှော့လိုက်ကြရတာပါ'

ကျန်ဖုန်းရွှေက ပြန်ပြောမည် ပြုပြီးမှ....

'လူရှိတယ်၊ သတိထား'

ဟု သတိပေးသည်။

သူ့သတိပေးသံ မဆုံးလိုက်ပါ။

အဆောက်အဦပျက်များကြားမှ လူတစ်စု ထွက်ပေါ်လာသည်။

ကွမ်ကျုံတို့လူစုပင် ဖြစ်သည်။

နန်းဟူတို့သည် အလွန် စိတ်ပျက်နေကြ၏။

သူတို့ အခင်ပန်းခံပြီး အကျိုးမရှိခဲ့ပြီ မဟုတ်ပါလား။

ရှောင်လန်းက....

'ကွမ်ကျုံ—မင်းတို့ ဘယ်လိုရောက်လာကြသလဲ'

'ဟု ဝမ်းသာအားရ မေးသည်။

ကွမ်ကျုံက....

'ငါက မင်းတို့နောက် လိုက်ခဲ့တာကွ၊ မင်းတို့ အကူအညီ လိုရင်လဲ ပေးဖို့ဆိုပြီး လိုက်လာတာ'

'ဟာ....ကျေးဇူးတင့်လိုက်တာကွာ'

'ကိစ္စမရှိပါဘူး၊ တို့ ဝူစန်းတိုင်ဖျက်ကို တွေ့တယ်၊ ဒါပေမယ့် ဘာရတနာမှ ရှာမရပါဘူး'

ရှောင်လန်းက....

'ရတနာမရတဲ့အတွက် အားလုံးပင်ပန်းရကျိုးမနပ်ဘူး ပေါ့'

ဝမ်ကျောင်းက....

'ရတနာတွေ မရခဲ့ဘူး၊ ဒါပေမယ့် လူသားတွေကို ဒုက္ခပေး အညွန့်တုံးကြစေမယ့် ဘိန်းစိုက်ခင်းတွေ ဖျက်ဆီးပစ်နိုင်ခဲ့တာပဲ၊ ဝမ်းသာစရာကောင်းနေပါပြီ'

နန်စွမ်းက ဝင်ပြောလိုက်သည်။



'ဟုတ်တယ်၊ ဒီကထွက်သမျှ ဘိန်းတွေသာ ဥဒ္ဒမာကို အမြဲရောက်နေရင် တကယ်ကြောက်စရာပါပဲ'

ကျင်ဖုန်းရွှေက—

'ကဲ—ကျုပ်တို့ရဲ့ စွန့်စားမှုပြီးဆုံးပါပြီ၊ ပြန်ကြစို့'

* * *

ထိုက်ဟွန်စန်း တောင်တန်းပေါ်မှ နန်းဟူတို့လူစုလေးပင် စွာ ဆင်းလာခဲ့ကြသည်။

သူတို့အတွက် ငွေကုန်လူပင်ပန်းသာ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ကျင်ဖုန်းရွှေကား ပျော်ရွှင်နေသည်။

ရတနာများမရသော်လည်း သူက ဝမ်းမနည်းပါ။

သူ့အတွက် အလွန်ရှားပါးဘန်ဖိုးကြီးသော ဓားတစ်လက် ရရှိခဲ့သည်။

ဘုန်ယော်သားများအတွက် သူက ထိုက်သင့်သော ဆုလာဘ်များ ချမည်ဟု ကတိပြုလိုက်သည်။

ဝမ်ကျောင် မှာလည်း ရတနာများမရ၍ ရေးသားဒုက္ခသည်များကို မကူညီနိုင်သော်လည်း လူသားများအား ဒုက္ခ

ပေးမည့် ဘိန်းများကို ဖျက်ဆီးပစ်နိုင်၍ အကျိုးရှိသည်ဟု တွေးကာ ကျေနပ်မိ လသည်။

အားလုံးထဲတွင် အကျေနပ်ဆုံးကား ရွှောင်လန်းပင် ဖြစ်သည်။

သူကား အိပ်မလးထဲမှ ဖူးစာရှင်နှင့် ဆုံတွေ့ပိုင်ခွင့်ရခဲ့သည် မဟုတ်ပါလား။

နန္ဒကျော်သူ

ပြီး၏။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေဝေ
တောင် ၄ ရွှေ
ဖုန်း ၂၁၄၈၈